# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ပြာသိုလကွယ် ၊ စနေနေ့ ၊ (17-1-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၂၆၂)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး၊
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

**❖ မဲစာရင်းမှန်ကန်ဖို့ မြန်မာအီလက်ထရောနစ် မဲပေးစနစ် အသုံးပြုစို့။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး လှိုင်ကော်မြို့မှ မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေး

လှိုင်ကော် ဇန်နဝါရီ ၁၆

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးသည် ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လှိုင်ကော်)ရိပ်သာဧည့်ခန်းမဆောင်၌ လှိုင်ကော်မြို့မှ မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် အမှုဆောင်ချုပ်နှင့် အဖွဲ့ဝင်များသည် နောင်ယား(က)ရပ်ကွက်ရှိ ဟင်းသီးဟင်းရွက်စံပြစိုက်ခင်းကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြည်နယ်အတွင်း ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန်၊ ခေတ်မီစိုက်ပျိုး နည်းစနစ်များကို တောင်သူများ သိမြင်လိုက်နာဆောင်ရွက်လာစေရန်၊ စနစ်တကျရေအသုံးချမှုကို လက်ခံကျင့်သုံးလာစေရန်နှင့်တောင်သူများကို မျိုးပွားနည်း၊ ကိုင်းကူးကိုင်းဆက်နည်းပညာပေးရန် စသည့် ရည်ရွယ်ချက်များနှင့်အညီ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမှုဆောင်ချုပ်နှင့် အဖွဲ့ဝင်များသည် ဟင်းသီးဟင်းရွက်စံပြစိုက်ခင်းအတွင်း ရှင်သန်ဖြစ်ထွန်းလျက်ရှိသည့် နှစ်ရှည်သီးနှံပင်များနှင့်

စာမျက်နှာ ၁၆ ကော်လံ ၁ 





**ဂမ်ဘီယာနိုင်ငံနှင့်မြန်မာနိုင်ငံတို့၏ အမှုနှင့် ပတ်သက်၍ ကြားနာပွဲ ဆက်လက်ပြုလုပ်**

စာမျက်နှာ - ၁၉

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ**

စာမျက်နှာ - ၁၈

**၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း (၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ**

စာမျက်နှာ - ၈




အမှတ်(၃) သံမဏိစက်ရုံ (ရွာမ)

အထပ်မြင့် အဆောက်အဦများ တည်ဆောက်ဖို့ နိုင်ငံတကာအဆင့်မီ

အရည်အသွေးမြင့်HRB-500 အမျိုးအစား

Deformed Bar များကို စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း- ၀၉ ၆၉၃၃၄၈၃၀၀၊ ၀၉ ၉၆၉၈၀၂၂၄၇

ရတနာပုံ

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၇ ရက်

အယ်ဒီတာ့အာဘော်

# ဒေသအသီးသီးရှိ လူငယ်များ၏ ပညာရည်မြင့်မားရေး

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်လူသားအရင်းအမြစ်များ ပေါ်ကြွယ်ဝရန်လိုအပ်သည်။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် **"နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး"** ကို ဦးတည်ချက်တစ်ရပ်အဖြစ်ချမှတ်၍ ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍမြှင့်တင်နိုင်ရေးဆောင်ရွက်လျက်ရှိသည်။

ပညာရေးကဏ္ဍမြှင့်တင်ဆောင်ရွက်ရာတွင် နိုင်ငံတော်တွင် အဆင့်မြင့်တက္ကသိုလ်များတည်ထောင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းအထက်တန်းကျောင်းများတိုးချဲ့ဖွင့်လှစ်ပေးခြင်း စသည်ဖြင့်ဆောင်ရွက်ပေးလျက်ရှိသည်။ အထူးသဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှု စသည့်အသက်မွေးဝမ်းကျောင်းပညာရပ်များကို အခြေခံပညာအလယ်တန်းဆင့်ပြီးမြောက်သည်နှင့် ဆက်လက်သင်ယူနိုင်ရေးဆောင်ရွက်ပေးထားသည်။ နိုင်ငံတော်အနေဖြင့် ပညာတတ်လူသားအရင်းအမြစ်များပေါ်ကြွယ်ဝစေရေး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအခြေခံပညာကျောင်းများကို အောင်မြင်စွာဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်မှုမရှိခဲ့သည့်လူငယ်များအတွက်လည်း အသက်မွေးဝမ်းကျောင်းဆိုင်ရာပညာရပ်သင်တန်းများကို ဒေသအလိုက်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။

**"မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် စီးပွားရေးကို အဓိကထားဆောင်ရွက်ခြင်းကြောင့် နိုင်ငံတော်အတွက် စိုက်ပျိုးမွေးမြူရေးနှင့် စက်မှုနည်းပညာများကိုကျွမ်းကျင်သည့် လူသားအရင်းအမြစ်များမဖြစ်မနေလိုအပ်လျက်ရှိခြင်းကြောင့် မိမိတို့အစိုးရတာဝန်ယူချိန်တွင် ခရိုင်မြို့များ၌ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအခြေခံကျောင်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း၊ ယခုအခါ အထိုက်အလျောက်အောင်မြင်မှုများရှိလာပြီဖြစ်ကြောင်း၊ အခြေခံပညာအထက်တန်းအဆင့်တွင် အသက်မွေးဝမ်းကျောင်းနှင့်ပတ်သက်သည့်ပညာရပ် သင်ကြားပေးရုံသာမက အလယ်တန်းအဆင့်၌လည်း စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအခြေခံဗဟုသုတများ သင်ကြားပေးရန်စီစဉ်နေကြောင်း"**စသည်ဖြင့် ဇန်နဝါရီ ၁၄ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဥက္ကဋ္ဌရုံးအစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်သော ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍမြှင့်တင်နိုင်ရေးညှိနှိုင်းအစည်းအဝေးကျင်းပရာတွင် တက်ရောက်အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနတို့ပူးပေါင်းကာ အရည်အသွေးပြည့်ဝသည့် အသက်မွေးဝမ်းကျောင်းပညာရေးနှင့် ချိတ်ဆက်ပေါင်းကူးနိုင်ရန်ရည်ရွယ်၍ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအခြေခံပညာကျောင်းများကို ၂၀၂၃-၂၀၂၄ ခုနှစ်မှစတင်ဖွင့်လှစ်ခဲ့ရာ ယခုအခါတွင် ကျောင်းပေါင်း ၈၉ ကျောင်း ဖွင့်လှစ်ထားရှိပြီးဖြစ်သည်။ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအခြေခံပညာကျောင်းများတက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် အထက်တန်းအဆင့်သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်အသက်မွေးဝမ်းကျောင်းအတတ်ပညာများကိုသင်ယူနိုင်မည့်အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍမြှင့်တင်ရာတွင် ဦးတည်ချက်အပြင် **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့"**ဟူသည့်ဆောင်ပုဒ်ချမှတ်၍ အင်တိုက်အားတိုက်ကြိုးပမ်းမြှင့်တင်လျက်ရှိသည်။ နိုင်ငံတော်တွင် ပညာတတ်လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဒေသအသီးသီးရှိ လူငယ်များ၏ပညာရည်မြင့်မားရေးကို နိုင်ငံတော်၏ဦးဆောင်မှုနှင့်အတူ ပြည်သူတစ်ရပ်လုံးက အားပေးဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

# သာပေါင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧက ၃၇၃၇၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**ပုသိမ် ဇန်နဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးဧက ၃၇၃၇၀ ထိ ရိတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

သာပေါင်းမြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီက စပါး ၆၈၂၉၇ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် စပါးခင်းများကို ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် စပါးဧက ၃၇၃၇၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် စပါး ၁၀၀ ဒသမ ၄ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"မိုးသီးနှံ စိုက်ပျိုးရာသီ သာပေါင်းမြို့နယ်မှာ စပါးဧက ၆၈၀၀၀ ကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိ စပါးဧက ၃၇၀၀၀ ကျော်ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဒေသရာသီဥတုနဲ့ ကိုက်ညီပြီး ဈေးကွက်ရှိတဲ့ စပါးအမျိုးအစားတွေကို ရွေးချယ်စိုက်ပျိုးခဲ့ပါတယ်။ စပါးစိုက်ပျိုးရာမှာ ရွှေခရုကြောင့် ပျက်စီးဆုံးရှုံးမှုမရှိစေဖို့ ရွှေခရုကာကွယ်နှိမ်နင်းရေး အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ စပါးတွေ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် မိုးသီးနှံ စိုက်ပျိုးရာသီ၌ စပါးလျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ စပါးများ အထွက်နှုန်းတိုးတက်စေရေး၊ အရည်အသွေးကောင်း စပါးများကို စနစ်တကျစိုက်ပျိုးထုတ်လုပ်နိုင်ရေး ခရိုင်နှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများက ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

**စစ်ကိုင်း ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၂၈၈၈ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၂၈၈၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ နေကြာ ၁၂၈၈၈ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၂၈၈၉ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပြည်ပမှစားအုန်းဆီ တင်သွင်းမှုကို လျှော့ချနိုင်ဖို့ အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်ပေးခဲ့ပါတယ်။ နေကြာစိုက်ပျိုးရာမှာ မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ အသိပညာပေးခဲ့ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် များပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြောင်မြို့နယ်တွင် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ နေကြာစိုက်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူးဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# တောင်တွင်းကြီးမြို့နယ် ပိတ်ဆွယ်ခုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်တွင်းကြီး ဇန်နဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပိတ်ဆွယ်ခုံကျေးရွာ၌ စတုတ္ထအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ကျေးရွာနေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၄၁၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပိတ်ဆွယ်ခုံကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၅ ဦးကို ငွေကျပ် သိန်း ၃၇၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၂၅ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ် ၁၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၃ ဦးကို ရန်ပုံငွေကျပ် သိန်း ၄၁၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နွဲ့ယဉ်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အုတ်တွင်းမြို့နယ် အုန်းပင်စုကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှုစစ်ဆေး

**အုတ်တွင်း ဇန်နဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုန်းပင်စုကျေးရွာရှိ ကုန်ထုတ်လမ်းဖောက်လုပ်ငန်း ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီ ၁၅ ရက်က တာဝန်ရှိသူများကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အုတ်တွင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်နှင့် အင်ဂျင်နီယာ ဝန်ထမ်းများက အုန်းပင်စုကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့စေရေး ပိုင်းဝန်းထိန်းသိမ်းကြရန်ဆွေးနွေးမှာကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါအုန်းပင်စုကျေးရွာ၌ အရှည် ပေ ၁၈ဝဝ၊ အကျယ် ၁၈ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မရှိ မြေသား တာပေါင်တင်ခြင်းနှင့် ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၄၈ ဒသမ ၁၇ သန်း အသုံးပြု၍ UNA ကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၅ ခုနှစ် ဇူလိုင် ၂၅ ရက်ကစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်မှုလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိသည့် ထုတ်ကုန်၊ ထွက်ကုန်များဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်တော့မည်ဖြစ်ကြောင်း အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ချိုလေး**

# ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ရေဦး ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီးလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၆၅၀၉ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၆၅၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲကြီး ၆၅၀၉ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့မှာ ဧက ၆၅၅၀ စိုက်ပျိုး ပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ရေးအတွက်လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် ပဲကြီးစိုက်တောင်သူများအနေဖြင့် GAPနည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ ကြောင်း သိရသည်။

GAPနည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် အခြားနည်းစနစ်များဖြင့် စိုက်ပျိုးသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်အတွင်းသာမက ပြည်ပဈေးကွက်များသို့ပါ တင်ပို့ ရောင်းချနိုင်ခြင်းကြောင့် တောင်သူများ အကျိုးစီးပွားပိုမိုဖြစ်ထွန်း လာမည်ဖြစ်ကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲကြီးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းထံမှ ပြောပြ၍ သိရသည်။

(၂၀၆)

# မအူပင်မြို့နယ် သုံးခွကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မအူပင် ဇန်နဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက သုံးခွကျေးရွာအုပ်စု သုံးခွကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မအူပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စိမ်းလဲ့လဲ့စိုးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများ၊ ကျေးရွာတာဝန်ရှိသူများနှင့်တွေ့ဆုံကာ စီမံကိန်း အကြောင်းအရာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သုံးခွကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ ရေလုပ်ငန်းနှင့် အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၉ ဦးကို ရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

# ဘားအံမြို့နယ် ကော့ကဒါကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ဘားအံ ဇန်နဝါရီ ၁၆**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကော့ကဒါကျေးရွာအုပ်စု ကော့ကဒါကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁၅ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်နန်းအဲဖောင်အွာ၊ ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်ခိုင်သဇင်ညိုနှင့် တာဝန်ရှိသူများ၊ ကျေးရွာရေရရှိရေးကော်မတီဝင်များနှင့်အတူ ကော့ကဒါကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကော့ကဒါကျေးရွာ၌ အကျယ် လေးလက်မ၊ အနက် ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ရေစင်တည်ဆောက်ခြင်း၊ ရေစင်အောက် ခန်းဖွဲ့ခြင်းလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၈ ဒသမ ၆၆၅ သန်းဖြင့် ဇရိပ်မြင့်မိုရ်ကုမ္ပဏီက ၂၀၂၅ ခုနှစ် ဇွန်လ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဆက်လူ**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ဖွဲနု ၂၄ ပြည်ဝင် အိတ်ရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဇန်နဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၄၅၅၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဖွဲနုများသည် ပြည်တွင်း၌ ငါးစာ၊ ကြက်စာ၊ ဝက်စာ၊ ဘဲစာ စသည့်မွေးမြူရေး လုပ်ငန်းသုံးအစာအဖြစ် အသုံးပြုခြင်း ဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့လအတွင်း ဖွဲနု ၂၄ ပြည်ဝင် အိတ်ရေ ၇၂၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိ ဇန်နဝါရီလထဲမှာလဲ ဖွဲနုအိတ်တွေ ရန်ကုန်ဈေးကွက်ကနေ ဝယ်ယူမှုများနေပါတယ်။ မွေးမြူရေးလုပ်ငန်းတွေ အပြိုင်လည်ပတ်လုပ်ကိုင်နေတာကြောင့် ရန်ကုန်ဈေးကွက်ကနေ အခုလို ဖွဲနုအိတ်တွေ အရောင်းအဝယ်ကောင်းလာတာပါ။ ဖွဲနုတွေဝယ်ယူမှုများလာတော့ စပါးစိုက်တောင်သူတွေ၊ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တွေ၊ ဆန်စက်ပိုင်ရှင်တွေ၊ ကုန်တင်ကုန်ချလုပ်သားတွေ အလုပ်အကိုင်အဆင်ပြေလာပါတယ်"ဟု ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။

ဘိုကလေးမြို့နယ်မှထွက်ရှိသည့် ဖွဲနုများကို ဒေသမွေးမြူရေးလုပ်ငန်းရှင်များက အများဆုံးဝယ်လျက်ရှိသည့်အပြင် ရန်ကုန်ဈေးကွက်သို့လည်း တင်ပို့ရောင်းချလက်ရှိကြောင်း၊ အဆိုပါ ဖွဲနုအိတ်ရေ ၁၀၀ လျှင် ငွေကျပ် ၂၂၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ဆေးဖက်ဝင်နဂါးမောက်သီး

**ဒေါက်တာလပြည့်ခင်**

**နဂါးမောက်သီး၏ဇာတိရင်းမြစ်**

နဂါးမောက်သီး၏ မျိုးစု (Hylocereus)အောက်တွင် မျိုးစိတ်ပေါင်း ၂၆ ခုရှိပြီး မျိုးစိတ်အလိုက်မူရင်းဒေသများကွဲပြားသည်။ နဂါးမောက်သီး၏ မူရင်းဒေသကို အချို့ကမက္ကဆီကို အလယ်ပိုင်း၊ အမေရိကနှင့် တောင်ပိုင်းအမေရိကဟုလည်းကောင်း အချို့က အရှေ့တောင်အာရှဟုလည်းကောင်း ဖော်ပြကြသည်။ သို့ရာတွင် စီးပွားဖြစ်စိုက်ပျိုးနေသောမျိုးများ၏ မူရင်းဒေသမှာ မက္ကစီကိုနိုင်ငံအလယ်ပိုင်းဒေသဖြစ်ပြီး ယခုအခါတွင် အာရှတိုက်နိုင်ငံများနှင့် အရှေ့တောင်အာရှနိုင်ငံများ၊ မလေးရှား၊ ဗီယက်နမ်နှင့် အစ္စရေးနိုင်ငံတို့တွင် စီးပွားဖြစ်အများဆုံး စိုက်ပျိုးလျက်ရှိသည်။

**နဂါးမောက်သီးအမျိုးအစားများ**

ပြည်ပနိုင်ငံများတွင် စိုက်ပျိုးသည့် နဂါးမောက်ပင်မျိုးများစွာရှိသည့်အနက် မြန်မာနိုင်ငံ၌ စိုက်ပျိုးလျက်ရှိသော အပြင်အခွံအနီရောင်နှင့် အတွင်းသားအဖြူရောင်ရှိသောမျိုး၊ အပြင်အခွံအနီရောင်နှင့် အတွင်းသားအနီရောင်ရှိသောမျိုးနှင့် အပြင်အခွံအဝါရောင်နှင့် အတွင်းသားအဖြူရောင်ရှိသော မျိုးဟူ၍ သုံးမျိုးတွေ့ရသည်။ အဆိုပါ နဂါးမောက်မျိုးများကို သီးသန့်အမည်ပေးထားခြင်းမရှိဘဲ အဖြူမျိုး၊ အနီမျိုး၊ အဝါမျိုးဟူ၍သာ အလွယ်တကူ ခေါ်ဝေါ်သုံးစွဲနေကြသည်။ လက်ရှိတွင် အမည်းရောင်အစေ့လေးများနှင့် အတွင်းသားအဖြူရောင်မျိုးနှင့် အနီရောင်မျိုးများကို စီးပွားဖြစ်အဓိကစိုက်ပျိုးကြသည်။

**နဂါးမောက်သီးတွင်ပါဝင်သော အာဟာရဓာတ်များ**

နဂါးမောက်သီးတွင် ကယ်လိုရီပါဝင်မှုနည်းပါပြီး ဗီတာမင်စီ၊ သံဓာတ်၊ အမျှင်ဓာတ်ကဲ့သို့သော ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သည့် အဟာရဓာတ်များ ကြွယ်ဝစွာပါဝင်သည်။ နဂါးမောက်သီးသည် ဗီတာမင်C ကြွယ်ဝသောအသီးဖြစ်ပြီး ကိုယ်ခံစွမ်းအားကိုမြှင့်တင်ပေးသည်။ ဗီတာမင် C သည် ခန္ဓာကိုယ်ကို ရောဂါပိုးမွှားများနှင့် ရောဂါများမှ ကာကွယ်ပေးနိုင်သည်။

**နဂါးမောက်သီး ၁၀၀ ဂရမ်တွင် ပါဝင်သော အာဟာရဓာတ်များ**

နဂါးမောက်သီး ၁၀၀ ဂရမ်တွင် ကယ်လိုရီ ၆၀၊ ရေဓာတ် ၈၇ ဂရမ်၊ အသားဓာတ် ၁ ဒသမ ၁ ဂရမ်၊ အဆီဓာတ် သုည ဒသမ ၄ ဂရမ်၊ ကစီဓာတ် ၁၁ ဂရမ်၊ အမျှင်ဓာတ် ၃ ဂရမ် (တစ်နေ့တာလိုအပ်ချက်၏ ၃ ရာခိုင်နှုန်း)၊ ဗီတာမင် B1 သုည ဒသမ ၀၄ မီလီဂရမ်၊ ဗီတာမင် B2 သုည ဒသမ ၀၅ မီလီဂရမ်၊ ဗီတာမင် B3 သုည ဒသမ ၁၆ မီလီဂရမ်၊ ဗီတာမင် C ၂၀ ဒသမ ၅ မီလီဂရမ်၊ ကယ်လ်စီယမ် (Ca) ၈ ဒသမ ၅ မီလီဂရမ်၊ သံဓာတ် (Fe) ၁ ဒသမ ၉ မီလီဂရမ်၊ ဖော့စဖရတ် (P) ၂ ဒသမ ၅ မီလီဂရမ်၊ သံဓာတ် (Fe) (တစ်နေ့တာလိုအပ်ချက်၏ ၄ ရာခိုင်နှုန်း)၊ မဂ္ဂနီစီယမ် (Mg) (တစ်နေ့တာလိုအပ်ချက်၏ ၁၀ ရာခိုင်နှုန်း) ပါဝင်သည်။

**နဂါးမောက်သီးစားသုံးမှုပုံစံ**

နဂါးမောက်သီးကိုခွဲထားပြီး အချိန်ကြာမှစားသုံးလျှင် ပါဝင်သော ဗီတာမင် C မှအစ Antioxidant များသည် လေနှင့်ထိတွေ့ပြီး ပျက်စီးဆုံးရှုံးမှုရှိနိုင်သောကြောင့် နဂါးမောက်သီး၏ ဆေးဖက်ဝင်အာနိသင်များ အပြည့်အဝရရှိစေရန်အတွက် စားခါနီးမှ လတ်ဆတ်စွာခွဲစားလျှင် ပို၍ကောင်းမွန်သည်။ နဂါးမောက်သီးကို အသားအတိုင်းစားနိုင်သကဲ့သို့ ဖျော်ရည်များ၊ အသုပ်များနှင့် အခြားဟင်းလျာများတွင်လည်း ထည့်သွင်းအသုံးပြုလေ့ရှိပါသည်။

**နာတာရှည်ရောဂါများဖြစ်နိုင်ခြေကို လျှော့ချပေးခြင်း**

နဂါးမောက်သီးသည် သွေးတွင်းသကြားဓာတ်ပမာဏကို ထိန်းညှိပေးပြီး ကျန်းမာရေးကို ပံ့ပိုးပေးသည်။ အသီးတွင်ပါဝင်သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းများသည် ခန္ဓာကိုယ်တွင်းရောင်ရမ်းမှုကို လျှော့ချပေးနိုင်ပြီး နှလုံးရောဂါနှင့် ကင်ဆာကဲ့သို့ နာတာရှည်ရောဂါများဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်သည်။ နဂါးမောက်သီးတွင် အမျှင်ဓာတ်နှင့်ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ မြင့်မားစွာပါဝင်မှုသည် ကိုလက်စထရောပမာဏကို လျှော့ချရန်နှင့် နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးပြီး နှလုံးသွေးကြောဆိုင်ရာ ကျန်းမာရေးကိုတိုးတက်ကောင်းမွန်စေသည်။



**LDL ကိုလက်စထရောမြင့်တက်မှုကို ကာကွယ်ပေးခြင်း**

နဂါးမောက်သီးတွင် အမျှင်ဓာတ်နှင့် မဂ္ဂနီစီယမ်ပါဝင်မှုများပြားပြီး ကယ်လိုရီပါဝင်မှု နည်းပါးသည့်အပြင် ဓာတ်တိုးဆန့်ကျင်ပစ္စည်းမျိုးစုံပါဝင်သည်။ ဓာတ်တိုးဆန့်ကျင်ပစ္စည်းဘီတာလိန်းသည် နဂါးမောက်သီး၏အသားတွင် အဓိကပါဝင်ပြီး မကောင်းသည့် LDLကိုလက်စထရောမြင့်မားမည့်အခြေအနေမှ ကာကွယ်ပေးသည်။ နဂါးမောက်သီးတွင် အမျှင်ဓာတ်နဲ့ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ ပါဝင်သောကြောင့် ကျန်းမာရေးအတွက် များစွာအကျိုးပြုသည်။

**ကိုယ်အလေးချိန်လျှော့ချစေနိုင်ခြင်း**

နဂါးမောက်သီးသည် ကယ်လိုရီပါဝင်မှုနည်းပြီး အမျှင်ဓာတ်မြင့်မားသောကြောင့် အာဟာရပြည့်ဝမှုကိုမြှင့်တင်ပေးပြီး အဝလွန်ခြင်းကို တားဆီးပေးနိုင်သည်။ နဂါးမောက်သီးသည် ကျန်းမာရေးနှင့်ညီညွတ်သည့်ကိုယ်အလေးချိန်လျှော့ချသည့် အသီးအနှံတစ်မျိုးဖြစ်သည့်အပြင် ကောင်းမွန်သော အစားအစာတစ်ခုလည်းဖြစ်သည်။ အသည်းတွင် ဖုံးတတ်သော အဆီဓာတ်များကို လျှော့ချရာတွင်လည်း အထောက်အကူပြုသည်။

**အရွယ်တင်နုပျိုစေခြင်း**

နဂါးမောက်သီးတွင် ဗီတာမင်စီနှင့် အမျှင်ဓာတ်ကြွယ်ဝစွာ ပါဝင်သည့်အပြင် လိုင်ကိုပိန်းဟုခေါ်သည့် ကယ်ရိုတီနွိုက်ဓာတ်များစွာ ပါဝင်သောကြောင့် အရွယ်တင်နုပျိုစေသည်။

**အသားအရေကိုကာကွယ်ပေးခြင်း**

ဓာတ်တိုးဆန့်ကျင်ပစ္စည်းများကြောင့် အသားအရေခြောက်သွေ့ပျက်စီးခြင်းကို ကာကွယ်ပေးနိုင်ပြီးအသားအရေကို တင်းရင်းလှပစေမည့် ကော်လဂျင်များထွက်လာအောင် လှုံ့ဆော်ပေးနိုင်သည်။

**သွေးတိုး၊ နှလုံးရောဂါဖြစ်ပွားနိုင်ခြေလျော့ကျစေခြင်း**

နဂါးမောက်သီးတွင် အမျှင်ဓာတ်နှင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ မြင့်မားစွာပါဝင်မှုသည် ကိုလက်စထရောကို ကျဆင်းစေသောကြောင့် သွေးတိုးရောဂါနှင့် နှလုံးသွေးကြောဆိုင်ရာကျန်းမာရေးကို တိုးတက်ကောင်းမွန်စေပြီး အခြားနှလုံးနှင့် ပတ်သက်သောရောဂါများ ဖြစ်ပွားနိုင်ခြေကို လျော့ကျစေသည်။ ဖလေဗာနွိုက်ဓာတ်တိုးဆန့်ကျင်ပစ္စည်းသည် ဦးနှောက်ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုပြီး နှလုံးရောဂါဖြစ်နိုင်ခြေကိုလည်း လျှော့ချပေးသည်။ နာတာရှည်ရောဂါများနှင့် အိုမင်းခြင်းကို ပိုမိုတွန်းအားပေးသည့် ဖရီးရယ်ဒီကယ်များ၏ရန်ကို အဆိုပါဓာတ်တိုးဆန့်ကျင်ပစ္စည်းများက လျှော့ချပေးနိုင်သည်။

**ဝမ်းချုပ်ခြင်းကိုသက်သာစေခြင်း**

နဂါးမောက်သီးတွင်ပါဝင်သည့် အမျှင်ဓာတ်များသည် အူလမ်းကြောင်းက အကျိုးပြုဘက်တီးရီးယားများ ပေါက်ဖွားရှင်သန်ရန်အားပေးပြီး အစာကြေစေနိုင်ပြီး ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးသည်။ ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးနိုင်ပြီး ရောဂါပိုးများ အလွယ်တကူဝင်ရောက်ခြင်းမဖြစ်ရအောင် ကာကွယ်ပေးသည်။ ကိုယ်ဝန်ဆောင်ကာလတွင် ဝမ်းချုပ်ခြင်းကြောင့် ဖြစ်လာနိုင်သည့် နောက်ဆက်တွဲပြဿနာများကို အကောင်းဆုံး ကာကွယ်ပေးနိုင်သည်။ အစာခြေစနစ်ပြဿနာများကို ကာကွယ်ပေးပြီး အစာခြေစနစ်ကျန်းမာစေရန် အကောင်းဆုံး ထောက်ပံ့ပေးနိုင်သည်။ နဂါးမောက်သီးတွင် အမျှင်ဓာတ်ပါဝင်မှုမြင့်မားသောကြောင့် အစာခြေစနစ်ကို ကောင်းမွန်စေပြီး ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးနိုင်သည်။

**မွေးရာပါချို့ယွင်းမှုမဖြစ်ပေါ်အောင် ကာကွယ်ပေးခြင်း**

နဂါးမောက်သီးတွင် ဖောလိတ်ကဲ့သို့ ကိုယ်ဝန်ဆောင်ချိန်တွင် လိုအပ်သည့်ဓာတ်တစ်မျိုး ပြည့်ဝစွာပါဝင်နေသောကြောင့် မွေးဖွားလာသည့်ကလေးတွင် မွေးရာပါချို့ယွင်းချက်ပါမလာစေရန် ကာကွယ်ပေးနိုင်သည်။ ထို့ပြင် နဂါးမောက်သီးတွင် ဗီတာမင် B1၊ ဗီတာမင် B2၊ ဗီတာမင် B3 နှင့် ဗီတာမင် C နှင့် အခြားဗီတာမင်များပါဝင်နေသောကြောင့် မိခင်ကိုကျန်းမာစေနိုင်သကဲ့သို့ သန္ဓေသားကြီးထွားဖွံ့ဖြိုးမှုအတွက်လည်း အကောင်းဆုံး အထောက်အပံ့ပေးနိုင်သည်။

**အရိုးများကို ကြံ့ခိုင်သန်စွမ်းစေနိုင်ခြင်း**

နဂါးမောက်သီးတွင် ကယ်လ်စီယမ် (Ca) ပါဝင်နေသောကြောင့် ကိုယ်ဝန်ဆောင်ကာလတွင် အရိုးနှင့်သွားများ ကြံ့ခိုင်သန်စွမ်းစေရန် အထောက်အကူပြုပေးသကဲ့သို့ သန္ဓေသား၏ အရိုးများဖွံ့ဖြိုးမှုအတွက်လည်း အကောင်းဆုံးအထောက်အပံ့ပေးနိုင်သည်။

**သွေးအားနည်းရောဂါမဖြစ်အောင်ကာကွယ်ပေးနိုင်ခြင်း**

နဂါးမောက်သီးတွင် သံဓာတ်နှင့် ဗီတာမင် C ကြွယ်ဝစွာပါဝင်နေခြင်းကြောင့် ကိုယ်ဝန်ဆောင်ကာလအတွင်း သံဓာတ်ချို့တဲ့မှုကြောင့် သွေးအားနည်း ရောဂါမဖြစ်ပွားအောင် ကာကွယ်ပေးနိုင်သည်။

**ရောဂါပိုးများကူးစက်ခံရမှုမှကာကွယ်ပေးခြင်း**

အရသာရှိသည့်နဂါးမောက်သီးတွင် ဘက်တီးရီးယားများနှင့် မှိုပိုးများကို တိုက်ဖျက်နိုင်သည့် အာနိသင်ရှိသောကြောင့် ကိုယ်ဝန်ဆောင်ကာလမှာ ဘက်တီးရီးယားများနှင့် မှိုပိုးများကူးစက်ခံရမှုမှ အထိရောက်ဆုံးကာကွယ်ပေးနိုင်သည်။ ဆဲလ်အသစ်များဖြစ်ပေါ်စေမှုကြောင့် ထိခိုက်မှုများကို အမြန်ဆုံးသက်သာစေနိုင်သည်။

**ကိုယ်ခံအားကောင်းစေခြင်း**

နဂါးမောက်သီးတွင် ဗီတာမင် C ကြွယ်ဝစွာပါဝင်နေသောကြောင့် ဖျားနာမှုကင်းစေပြီး ကိုယ်ခံအားကောင်းစေရန် အကောင်းဆုံးထောက်ပံ့ပေးနိုင်သည်။ ကိုယ်ဝန်ဆောင်ချိန်တွင် ဆေးသောက်ရန် အဆင်မပြေသောကြောင့် ဖျားနာသည့်အခါ ခံစားရခက်ခြင်းမျိုးမဖြစ်စေရန် နဂါးမောက်သီးစားသုံး၍ ကိုယ်ခံအားကို အားဖြည့်နိုင်သည်။ နဂါးမောက်သီးက ကင်ဆာရောဂါများမဖြစ်ပွားစေရန် ကာကွယ်ပေးနိုင်သကဲ့သို့ အကျိုးပြုအဆီဓာတ်ကိုလည်း ရရှိစေနိုင်သည်။ ထို့ကြောင့် ကိုယ်ဝန်ဆောင်ချိန်တွင် စားသုံးပေးမည်ဆိုပါက မိခင်ရောသန္ဓေသားပါ ကျန်းမာစေနိုင်သောကြောင့် စားသုံးပေးသင့်သည့် အသီးတစ်မျိုးဖြစ်သည်။

**စိတ်ဖိစီးမှုနှင့်ဆိုင်သောရောဂါများကို ပျောက်ကင်းစေနိုင်ခြင်း**

နဂါးမောက်သီးတွင် အစွမ်းအာနိသင်ထက်မြက်စေသည့် Antioxidant ဓာတ်ပြည့်ဝစွာပါဝင်သည့်အတွက် စိတ်ဖိစီးမှုနှင့် ဆက်နွှယ်နေသောရောဂါများကို ပျောက်ကင်းစေနိုင်သဖြင့် အမေရိကတိုက် အလယ်ပိုင်းဒေသများတွင် နဂါးမောက်သီးမှာ ဆေးစွမ်းထက်သည့်အသီးအဖြစ်နာမည်ကြီးသည်။

**ကိုယ်ဝန်ဆောင်မိခင်များအတွက် အကျိုးရှိသော နဂါးမောက်သီး**

ကိုယ်ဝန်ဆောင်မိခင်တိုင်းသည် သဘာဝသစ်သီးများကို နေ့စဉ်စားသုံးရန် လိုအပ်သည်။ သဘာဝသစ်သီးများအနက် နဂါးမောက်သီးသည်လည်းစားသုံးသင့်သော အသီးတစ်မျိုးဖြစ်သည်။ နဂါးမောက်သီးသည် ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးအတွက် လိုအပ်သောအာဟာရဓာတ်များဖြစ်သည့် ကယ်လ်စီယမ်ဓာတ် (Ca)၊ ဗီတာမင် C နှင့်ဖောလိတ် (Folate) အစရှိသည်တို့ကို ဖြည့်တင်းပေးသည်။ အမျှင်ဓာတ်များလည်း ကြွယ်ဝစွာပါဝင်သောကြောင့် ကိုယ်ဝန်ဆောင်များတွင် ဖြစ်လေ့ဖြစ်ထရှိသော ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးပြီး ဝမ်းမှန်စေသည်။ နဂါးမောက်သီးတွင် ပါဝင်သောအာဟာရဓာတ်များကလည်း ကိုယ်ဝန်

စာမျက်နှာ ၅ သို့ á

## ၂၀၂၆ ခုနှစ်၊ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်း တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

## မြန်မာအချစ်

\- တို့နိုင်ငံကား
သယံဇာတ လိုတရသို့
စိမ်းမြလယ်ယာ တောတောင်သာလျက်
သီတာစမ်းကျ ပသာဒနှင့်။

\- တို့လူမျိုးကား များသောအားဖြင့်
တရားသစ္စာ စေတနာပြင်
မေတ္တာစင်ဖြူ တစ်ပါးသူကို
ကူညီဖေးမ စိတ်အလှနှင့်။

\- တို့သာသနာ တို့ဘာသာကား
သဒ္ဓါသီလ လှူဒါနဟု
မဂ္ဂတံခွန် ဖြောင့်ဖြောင့်ညွှန်လျက်
နိဗ္ဗာန်လမ်းပြ မြတ်ဓမ္မနှင့်။

\- ဤအတွေးတို့
ရေးရေးမက မွေးမွေးမြအောင်
လှစွာအသိ ငါ့မှာငြိသော်
အမိမြန်မာ ဖမြန်မာနှင့်
မြန်မာပီသ ဖြစ်ခွင့်ရမို့
ငါ့သက်ခန္ဓာ ဘဝတာဝယ်
သာသနာချစ် ဘာသာချစ်လျက်
မျိုးချစ်မြေချစ် နိုင်ငံချစ်သည့်
အချစ်ပီတိ ရွှန်းရွှန်းအိသည်
တွေးမိလေတိုင်း ကြည်နူးရ
လူဖြစ်ရကျိုး နပ်ပေစွ။ ။

ချစ်စုအောင်

## ယင်းမာပင်ခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲစင်းငုံ ၄၀၃၈၈ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**မုံရွာ ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲစင်းငုံ ၄၀၃၈၈ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၉၁၆၉၅ ကေထိ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးထားသော ပဲစင်းငုံစိုက်ခင်းများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၄၀၃၈၈ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၉ ဒသမ ၁၁ တင်း ထွက်ရှိကြောင်း သိရသည်။

"ယင်းမာပင်ခရိုင်မှာ ပဲစင်းငုံ ၉၁၆၉၅ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ပဲစင်းငုံခင်းတွေ အခုလက်ရှိရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ၄၀၃၈၈ ကေ ရိတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံတွေစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းမွန်ဖို့လည်း ဆောင်ရွက်ပေးပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လည်း စိုက်ပျိုးကြပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် ပဲစင်းငုံသီးနှံရိတ်သိမ်းပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၁၀၁၈၀၊ ကနီမြို့နယ်တွင် ၁၃၀၂၅ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၅၃၈၃ ဧကနှင့် ပုလဲမြို့နယ်တွင် ဧက ၁၁၈၀၀ စုစုပေါင်း ၄၀၃၈၈ ဧကတို့ဖြစ်ကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ပဲစင်းငုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

## မိုးကောင်းမြို့နယ် နမ္မတီးမြို့ မြို့သာယာရပ်ကွက်၌ သောက်သုံးရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိုးကောင်း ဇန်နဝါရီ ၁၆**

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ္မတီးမြို့ မြို့သာယာရပ်ကွက်၌ သောက်သုံးရေရရှိရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးညှင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးတင့်၊ မိုးညှင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းထွန်းဝင်း၊ မိုးကောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မေဝင်း၊ တာဝန်ခံအင်ဂျင်နီယာများက နမ္မတီးမြို့ မြို့သာယာရပ်ကွက်၌ သောက်သုံးရေရရှိရေး လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးထွန်းထွန်းဝင်းက ကျေးရွာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီး လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ နမ္မတီးမြို့ မြို့သာယာရပ်ကွက်၌ အကျယ် လေးလက်မ၊ အနက်ပေ ၂၀၀ ရှိ စက်ရေတွင်း နှစ်တွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ အုတ်ရေကန် နှစ်ကန် တည်ဆောက်ခြင်း၊ ရေပိုက်လိုင်း အရှည်ပေ ၂၀၀၀ သွယ်တန်းခြင်း လုပ်ငန်းများကို ပြည်ထောင်စု အထွေထွေပိုလျှံရန်ပုံငွေကျပ် ၇၅ သန်းဖြင့် အင်ဂျင်နီယာ ဝန်ထမ်းများက ၂၀၂၅ ခုနှစ် ဒီဇင်ဘာလပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ချစ်ဦးကို**

á **စာမျက်နှာ ၄ မှအဆက်**

ဆောင်မိခင်၏ ခုခံအားစနစ်ကို မြှင့်တင်ပေးပြီး ရောဂါပိုးများအလွယ်တကူ မဝင်ရောက်စေရန် ကာကွယ်ပေးသည့်အပြင် ဆေးဖက်ဝင်ဓာတ်ပစ္စည်းများမှလည်း ဓာတ်တိုးဆန့်ကျင်သောအာနိသင်ကို ရရှိသောကြောင့် မိခင်ရောကလေးပါ ကျန်းမာစေသည်။

### နဂါးမောက်သီးမစားသင့်သူများ

ရောဂါအခံရှိသူများ၊ ကျန်းမာရေးပြဿနာတစ်မျိုးမျိုးကြောင့် ဆေးဝါးတစ်မျိုးမျိုးကို စွဲ၍သောက်သုံးနေရသူများအနေဖြင့် ဆရာဝန်နှင့် သေချာတိုင်ပင်ပြီးမှ စားသုံးသင့်သည်။ အထူးသဖြင့် ဆီးချိုနှင့် သွေးတိုးရောဂါရှိသူများဖြစ်သည်။ ကိုယ်ဝန်ဆောင်ချိန်တွင် နဂါးမောက်သီးစားသုံးခြင်းဖြင့် မိခင်နှင့်ကလေးအတွက် ကောင်းကျိုးများသော်လည်း တန်ဆေးလွန်ဘေးဆိုသကဲ့သို့ အလွန်အကျွံစားသုံးခြင်းမပြုရန်လိုအပ်သည်။

### နဂါးမောက်သီးကို အဓိကစားသုံးသင့်သူများ

နဂါးမောက်သီးကို ကျန်းမာပြီးအသားအရေလှပနုပျိုလိုသူများ၊ နာတာရှည်ရောဂါခံစားနေရသူများ၊ လေးဖက်နာ၊ နှလုံးရောဂါခံစားနေရသူများ၊ ဆီးချို၊ သွေးချို၊ အစာအိမ်ရောဂါသည်များ၊ ကျောက်ကပ်ရောဂါခံစားနေရသောသူများ၊ ဆီးကျောက်တည်သူများ၊ ဆီးချုပ်၊ ဝမ်းချုပ်တတ်သောသူများ၊ ဦးနှောက်မဖွံ့ဖြိုးသည့်ရောဂါရှိသူများ၊ လေကောင်းလေသန့်မရရှိ သောပတ်ဝန်းကျင်တွင် အလုပ်လုပ်ကိုင်နေရသူများ၊ စိတ်ဖိစီးမှုများသောသူများ၊ ကိုယ်အလေးချိန်လျှော့ချချင်သူများ၊ အားအင်ကုန်ခန်းစိတ်ဓာတ်ကျနေသူများအနေဖြင့် နဂါးမောက်သီးကို စားသုံးရန်အထူးသင့်လျော်သည်။

### အနှစ်ချုပ်

ဆေးဖက်ဝင်နဂါးမောက်သီးသည် အစာအိမ်အတွင်းရှိ အဆိပ်အတောက်များကို ချေဖျက်နိုင်စွမ်းရှိခြင်း၊ အဆီဓာတ်များကို လျှော့ကျနိုင်စွမ်းရှိခြင်း၊ မှတ်ဉာဏ်ကောင်းခြင်း၊ မျက်လုံးအားကောင်းခြင်း၊ သွားနှင့်အရိုးများခိုင်မာစေခြင်းတို့ကြောင့် လူတိုင်းစားသုံးသင့်သောအသီးဖြစ်ပြီး နာလန်ထလူမမာများအတွက် အထူးသင့်လျော်သည်။ နဂါးမောက်သီးတွင် Antioxidant အများဆုံးပါဝင်သဖြင့် ကင်ဆာရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ဆီးလွန်ရောဂါများ၊ လေသင်တုန်းနှင့်လေဖြတ်ခြင်းရောဂါများ ပျောက်ကင်းစေသည်။ ကိုလက်စထရောကို လျှော့ကျစေသည့်အပြင် ချောင်းဆိုး၊ ရင်ကျပ်ရောဂါကိုလည်း သက်သာပျောက်ကင်းစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

## နိုင်ငံတကာ သတင်းများ

# နိုင်ငံတကာအခြေအနေများ ပိုမိုယိုယွင်းလာကြောင်း ရုရှားသမ္မတ ပူတင် ပြောကြား



**မော်စကို ဇန်နဝါရီ ၁၆**

နိုင်ငံတကာအခြေအနေများ ပိုမိုယိုယွင်းဆိုးရွားလာပြီး ကမ္ဘာကြီးအနေဖြင့် ပို၍အန္တရာယ်ကြီးမားလာကြောင်း ရုရှားသမ္မတပူတင်က ဇန်နဝါရီ ၁၅ ရက်တွင် ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံဆိုင်ရာ သံအမတ်ကြီးအသစ်များ၏ သံအမတ်ခန့်အပ်လွှာများပေးအပ်ပွဲ အခမ်းအနားတွင် ရုရှားသမ္မတပူတင်က ထိုသို့ထုတ်ဖော် ပြောကြားခဲ့ခြင်းဖြစ်သည်။

နိုင်ငံတကာ အခြေအနေများ တဖြည်းဖြည်း ယိုယွင်းလာမှုကို မည်သူကမျှ ငြင်းချက်ထုတ်လိမ့်မည်ဟု မိမိမထင်ကြောင်း၊ ယခင်ရှိနေပြီးဖြစ်သည့် ပဋိပက္ခများ ပိုမိုကြီးထွားလာသကဲ့သို့ ပဋိပက္ခအသစ်များလည်း ထပ်မံပေါ်ထွက်လာသည်ကို တွေ့နေရကြောင်း ရုရှားသမ္မတ ပူတင်က ပြောကြားထားသည်။

ထို့ပြင် ဥရောပတိုက် လုံခြုံရေးဖွဲ့စည်းပုံအသစ်နှင့် ပတ်သက်၍ ရုရှားနိုင်ငံ၏ အဆိုပြုချက်ကိုလည်း ဆွေးနွေးသင့်ကြောင်း ရုရှားသမ္မတပူတင်က ပြည်ပသံအမတ်ကြီးအသစ်များနှင့် တွေ့ဆုံစဉ် တိုက်တွန်းပြောကြားခဲ့သည်။

အဆိုပါမှတ်ချက်စကားများသည် နိုင်ငံခြားရေးရာ မူဝါဒပြဿနာများနှင့်ပတ်သက်၍ ရုရှားသမ္မတပူတင်က ယခုနှစ်အတွင်း ပထမဆုံးအကြိမ် ပြောကြားခဲ့သည့် မှတ်ချက်စကားများဖြစ်သည်။

သို့ရာတွင် သမ္မတပူတင်သည် ဗင်နီဇွဲလားပြဿနာများကို ထည့်သွင်းပြောကြားခြင်း မရှိသကဲ့သို့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကိုလည်း တိုက်ရိုက်ထည့်သွင်းပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ဗင်နီဇွဲလားအမျိုးသမီးအတိုက်အခံခေါင်းဆောင် မာချာဒို သမ္မတဒေါ်နယ်ထရမ့်ကို ငြိမ်းချမ်းရေးနိုဘယ်ဆု လက်ဆောင်ပေး

**ဝါရှင်တန် ဇန်နဝါရီ ၁၆**

ဗင်နီဇွဲလားနိုင်ငံ အတိုက်အခံခေါင်းဆောင် မာရီယာကော်ရီနာ မာချာဒိုသည် ၎င်းရရှိထားသည့် ငြိမ်းချမ်းရေးနိုဘယ်ဆုကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကို လက်ဆောင်အဖြစ် ပေးအပ်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဇန်နဝါရီ ၁၅ ရက်က အိမ်ဖြူတော်၌ သမ္မတဒေါ်နယ်ထရမ့်နှင့် တွေ့ဆုံစဉ် ဗင်နီဇွဲလား အတိုက်အခံခေါင်းဆောင် မာချာဒိုက ၎င်းရရှိထားသည့် ငြိမ်းချမ်းရေးနိုဘယ်ဆုကို လက်ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။




အမျိုးသမီး အတိုက်အခံခေါင်းဆောင် မာချာဒိုသည် ဗင်နီဇွဲလားနိုင်ငံ၏ နိုင်ငံရေးအနာဂတ်ကို ပုံဖော်ရေးအတွက် သမ္မတဒေါ်နယ်ထရမ့်၏ ကြိုးပမ်းမှုများအပေါ် ဩဇာသက်ရောက်မှုရှိနိုင်ရေးအတွက် ငြိမ်းချမ်းရေးနိုဘယ်ဆုကို သမ္မတဒေါ်နယ်ထရမ့်ထံ ပေးအပ်ခဲ့ခြင်းဖြစ်သည်။

မာချာဒိုပေးအပ်သည့် ငြိမ်းချမ်းရေးနိုဘယ်ဆုကို လက်ခံထိန်းသိမ်းထားရန် သမ္မတဒေါ်နယ်ထရမ့်က ရည်ရွယ်ထားကြောင်း အိမ်ဖြူတော်က သတင်းထုတ်ပြန်ထားသည်။

ငြိမ်းချမ်းရေး နိုဘယ်ဆုကို လက်ဆောင်ပေးခဲ့သည့် မာချာဒိုကို ကျေးဇူးတင်ကြောင်း၊ ထိုလုပ်ဆောင်ချက်သည် အပြန်အလှန်လေးစားမှု၏ သင်္ကေတဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ၎င်း၏ လူမှုကွန်ရက် စာမျက်နှာ၌ ရေးသားထားသည်။

သို့ရာတွင် သမ္မတဒေါ်နယ်ထရမ့်သည် အတိုက်အခံခေါင်းဆောင် မာချာဒိုကို ဗင်နီဇွဲလားခေါင်းဆောင်သစ်အဖြစ် လက်ခံရန် ငြင်းပယ်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# တရုတ်သမ္မတနှင့် ကနေဒါဝန်ကြီးချုပ်တို့ ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေး

**ပေကျင်း ဇန်နဝါရီ ၁၆**

တရုတ်နိုင်ငံသို့ ရောက်ရှိနေသည့် ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေးသည် ယနေ့တွင် ပေကျင်းမြို့၌ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံ ဆွေးနွေးခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံနှင့် ကနေဒါတို့အနေဖြင့် ကမ္ဘာပေါ်၌ ဖြစ်ပွားနေသည့် ပကတိအရှိတရားများနှင့် လိုက်လျောညီထွေရှိမည့် နှစ်နိုင်ငံဆက်ဆံရေးကို ပူးပေါင်းတည်ဆောက်နိုင်ကြောင်း သမ္မတရှီကျင့်ဖျင်နှင့်တွေ့ဆုံစဉ် ကနေဒါဝန်ကြီးချုပ်က ပြောကြားခဲ့သည်။



အလားတူ ပြီးခဲ့သည့် အောက်တိုဘာလအတွင်း ကျင်းပခဲ့သည့် အေပက်ထိပ်သီးညီလာခံ၌ မိမိတို့နှစ်ဦး တွေ့ဆုံဆွေးနွေးခဲ့ချိန်တွင် တရုတ်နှင့် ကနေဒါတို့၏ နှစ်နိုင်ငံဆက်ဆံရေးတွင် အပြောင်းအလဲများစတင်ခဲ့ကြောင်း သမ္မတရှီကျင့်ဖျင်က ကနေဒါဝန်ကြီးချုပ်နှင့် တွေ့ဆုံစဉ်ပြောကြားခဲ့သည်။

ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေး၏ ယခုခရီးစဉ်သည် ရှစ်နှစ်တာကာလအတွင်း ကနေဒါခေါင်းဆောင်တစ်ဦး၏ ပထမဆုံးတရုတ်နိုင်ငံခရီးစဉ်ဖြစ်သည်။

အမေရိကန်နိုင်ငံ၏ ဖမ်းဝရမ်းအရ ကနေဒါအစိုးရက တရုတ်အခြေစိုက် ဟွာဝေးကုမ္ပဏီဥက္ကဋ္ဌ၏သမီးဖြစ်သူကို ၂၀၁၈ ခုနှစ်တွင် ဖမ်းဆီး ထိန်းသိမ်းခဲ့ပြီးနောက် တရုတ်နှင့် ကနေဒါနှစ်နိုင်ငံဆက်ဆံရေးတင်းမာခဲ့သည်။

အမေရိကန်အစိုးရ၏ ကုန်သွယ်ရေးအခွန် စည်းကြပ်မှုများကို ကနေဒါနိုင်ငံ ရင်ဆိုင်နေရချိန်တွင် ဝန်ကြီးချုပ် မာ့ခ်ကာနေးက ပေကျင်းမြို့၌ တရုတ်သမ္မတနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

# နယ်သာလန်နိုင်ငံ ယူထရက်ချ်မြို့၌ ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် ပေါက်ကွဲမှုဖြစ်

**သည်ဟိတ် ဇန်နဝါရီ ၁၆**

နယ်သာလန်နိုင်ငံ ယူထရက်ချ်မြို့၌ ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး လူနေအိမ်အချို့ ပျက်စီးခဲ့ရသည်ဟု ယနေ့သတင်းများတွင် ရေးသားတင်ပြထားကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

ဇန်နဝါရီ ၁၅ ရက်တွင် ဖြစ်ပွားခဲ့သည့် အဆိုပါ ပေါက်ကွဲမှုတွင် လူလေးဦးဒဏ်ရာရခဲ့ပြီး သေဆုံးသူမရှိကြောင်း နယ်သာလန်တာဝန်ရှိသူများက ပြောကြားထားသည်။

ဓာတ်ငွေ့ ယိုစိမ့်မှုကြောင့် ပေါက်ကွဲမှုဖြစ်ပွားရာတွင် လူအသေအပျောက် မရှိခဲ့သော်လည်း အပျက်အစီး ကြီးမားခဲ့ကြောင်း ယူထရက်ချ် မြို့တော်ဝန်က သတင်းထုတ်ပြန်ထားသည်။

ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပြီးနောက် ကယ်ဆယ်ရေးသမားများက ရှာဖွေရေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်း ယူထရက်ချ်မြို့တော်ဝန်က ပြောကြားထားသည်။

ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီးနောက် နောက်ဆက်တွဲအဖြစ် မီးလောင်မှုဖြစ်ပွားခဲ့ရာ မီးသတ်သမားများအနေဖြင့် ခြောက်နာရီကြာ ငြိမ်းသတ်ခဲ့ရသည်။

လက်ရှိတွင် နယ်သာလန်တာဝန်ရှိသူများက ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားရခြင်း နောက်ခံအကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

# ဩစတြေးလျကလေးများ၏အကောင့် လေးသန်းကျော် နိုင်ငံတကာလူမှုမီဒီယာကုမ္ပဏီများ ဖယ်ရှား

**ဆစ်ဒနီ ဇန်နဝါရီ ၁၆**

ဩစတြေးလျနိုင်ငံ၌ အသက် ၁၆ နှစ်အောက် ကလေးများ လူမှုမီဒီယာသုံးစွဲမှု ပိတ်ပင်ရေးဥပဒေ အာဏာသက်ဝင်ခဲ့ပြီးနောက်ပိုင်း နိုင်ငံတကာလူမှုမီဒီယာ ကုမ္ပဏီများသည် ဩစတြေးလျကလေးများ၏ လူမှုမီဒီယာအကောင့် ၄ ဒသမ ၇ သန်းခန့်ကို ဖယ်ရှားခဲ့ကြောင်း ယနေ့သတင်းများတွင် ရေးသား တင်ပြထားသည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

အသက် ၁၆ နှစ် အောက် ကလေးများ လူမှုမီဒီယာသုံးစွဲခွင့် ပိတ်ပင်ရေးဥပဒေ စတင်အာဏာသက်ဝင်ခဲ့ပြီးနောက်ပိုင်း လူမှုမီဒီယာကုမ္ပဏီ ၁၀ ခုတို့က အသက် ၁၆ နှစ်အောက် ဩစတြေးလျကလေးများ၏ အကောင့် ၄ ဒသမ ၇ သန်းခန့်ကို ဖယ်ရှားခဲ့ကြောင်း ဩစတြေးလျ ဆက်သွယ်ရေးဝန်ကြီး အန်နီကာဝဲလ်က ဇန်နဝါရီ ၁၅ ရက်တွင် ပြောကြားထားသည်။

ဩစတြေးလျအစိုးရ၏ အသက် ၁၆ နှစ်အောက် ကလေးများ လူမှုမီဒီယာသုံးစွဲမှု ပိတ်ပင်ရေးဥပဒေသည် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလတွင် စတင်အာဏာ သက်ဝင်ခဲ့သည်။

ကလေးများအပေါ် လူမှုမီဒီယာ၏ အကျိုးသက်ရောက်မှုများနှင့် ပတ်သက်၍ အများပြည်သူများက စိုးရိမ်နေကြချိန်တွင် အဆိုပါဥပဒေကို ဩစတြေးလျအစိုးရက ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဥပဒေအရ အသက် ၁၆ နှစ်အောက် ကလေးများ၏ အကောင့်များကို ဖယ်ရှားခြင်းမရှိသည့် လူမှုမီဒီယာကုမ္ပဏီများအနေဖြင့် ဒဏ်ငွေ အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၂ သန်းထိ ပေးဆောင်ရမည်ဖြစ်သည်။

ဩစတြေးလျနိုင်ငံတွင် အသက်ရှစ်နှစ်နှင့် ၁၅ နှစ်အကြား ကလေးဦးရေမှာ ၂ ဒသမ ၅ သန်းထိရှိပြီး အသက်ရှစ်နှစ်နှင့် ၁၂ ကြား ကလေး ၈၄ ရာခိုင်နှုန်းမှာ လူမှုမီဒီယာအကောင့်များ ရယူထားခဲ့ကြကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက နိုင်ငံပိုင်အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုသစ်များကို အောင်မြင်စွာလွှတ်တင်ခဲ့



**ပေကျင်း ဇန်နဝါရီ ၁၆**

တရုတ် အမျိုးသားအာကာသအေဂျင်စီသည် နိုင်ငံပိုင်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုသစ်များကို ဇန်နဝါရီ ၁၄ ရက်တွင် အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း ဇန်နဝါရီ ၁၅ ရက် သတင်းများအရ သိရသည်။

အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုသစ်များ သယ်ဆောင်ထားသည့် လောင်းမတ်ချ်-၈ အေ ဒုံးပျံကို တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန် နိုင်ငံတကာ ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၈ အေ ဒုံးပျံသည် သယ်ဆောင်ထားသည့် အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင် ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တု အုပ်စုသည် တရုတ် အမျိုးသားအာကာသအေဂျင်စီက နိုင်ငံပိုင် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်အတွက် လွှတ်တင်ပေးခဲ့သော ၁၈ ကြိမ်မြောက် ဂြိုဟ်တုအုပ်စုဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် တရုတ်အမျိုးသား အာကာသအေဂျင်စီသည် အမျိုးသားအင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုအစင်းပေါင်း ၁၄၀ ကျော် လွှတ်တင်ထားပြီးဖြစ်သည်။

ဇန်နဝါရီ ၁၄ ရက် မစ်ရှင်သည် တရုတ်နိုင်ငံက ယခုနှစ်အတွင်း လွှတ်တင်ခဲ့သည့် ဒုတိယမြောက် အာကာသ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## နာဆာ၏ IMAP အာကာသယာဉ်က ၎င်းနေရာယူရမည့်ကမ္ဘာမြေနှင့် မိုင်တစ်သန်းခန့်အကွာ ပတ်လမ်းပေါ်သို့ ရောက်ရှိနေပြီဖြစ်

**ဝါရှင်တန် ဇန်နဝါရီ ၁၆**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ IMAP အာကာသယာဉ်သည် ၎င်းနေရာယူရမည့် ကမ္ဘာမြေနှင့် မိုင်တစ်သန်းခန့်အကွာ ပတ်လမ်းပေါ်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဇန်နဝါရီ ၁၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

IMAP ရောက်ရှိခဲ့သည့်နေရာသည် နေနှင့်ကမ္ဘာတို့ကြား ဒြပ်ဆွဲအားမျှခြေ တည်ငြိမ်သည့်နေရာ (Lagrange Point 1)ဖြစ်ကြောင်း သိရသည်။

IMAP အာကာသယာဉ်သည် အာကာသဟင်းလင်းပြင်ခရီးစဉ်ကို သုံးလခွဲကြာဖြတ်ကျော်ပျံသန်းပြီးနောက် Lagrang Point -1 ဆီသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။



IMAP အာကာသယာဉ်သည် Lagrang Point-1 ၌ နေရာယူ၍ နေအဖွဲ့အစည်းကို စကြဝဠာဖြာထွက်ရောင်ခြည်များ ဒဏ်မှ ကာကွယ်ပေးထားသော ဟီလီယိုစဖီးယား သံလိုက်စက်ကွင်း နယ်မြေကို လေ့လာမည်ဖြစ်သည်။

နာဆာအဖွဲ့သည် IMAP အာကာသယာဉ်ကို ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ကနေဒီအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

IMAP အာကာသယာဉ်သည် ဇန်နဝါရီ ၁၀ ရက်တွင် နောက်ဆုံးအကြိမ် ပျံသန်းရာလမ်းကြောင်း ထိန်းညှိမှုများပြုလုပ်ခဲ့ပြီးနောက် Lagrang Point-1 အတွင်း ဝင်ရောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## ဒုတိယမျိုးဆက်ဂြိုဟ်တုသစ် ၇၅၀၀ ထပ်မံလွှတ်တင်ခွင့်ပေးရန် ဖက်ဒရယ်ဆက်သွယ်ရေးကော်မရှင်က သဘောတူခဲ့

**ဝါရှင်တန် ဇန်နဝါရီ ၁၆**

စတားလင့်ခ်အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် ဒုတိယမျိုးဆက်ဂြိုဟ်တုသစ် ၇၅၀၀ ထပ်မံလွှတ်တင်ခွင့်ပေးရန် စပေ့အိတ်ကုမ္ပဏီ၏ မေတ္တာရပ်ခံချက်ကို အမေရိကန်အစိုးရ ဖက်ဒရယ်ဆက်သွယ်ရေး ကော်မရှင်က သဘောတူခဲ့ကြောင်း ဇန်နဝါရီ ၁၅ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

စတားလင့်ခ် အင်တာနက် ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်၏ ကမ္ဘာတစ်ဝန်း ဝန်ဆောင်မှုပေးနိုင်စွမ်းကို မြှင့်တင်ရေးအတွက် ဂြိုဟ်တုသစ် ၇၅၀၀ လွှတ်တင်ခွင့်ပေးရန် စပေ့အိတ်ကုမ္ပဏီက မေတ္တာရပ်ခံထားခြင်းဖြစ်သည်။

ဖက်ဒရယ် ဆက်သွယ်ရေး ကော်မရှင်၏ စပေ့အိတ်ကုမ္ပဏီသည် စတားလင့်ခ်ဂြိုဟ်တုကွန်ရက်ကို ဂြိုဟ်တုစင်းရေ ၁၅၀၀၀ ဖြင့် ဖွဲ့စည်းတည်ဆောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် စပေ့အိတ်ကုမ္ပဏီသည် စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်အတွက် ဂြိုဟ်တုစင်းရေ ၉၄၀၀ ခန့်ထိ လွှတ်တင်ထားပြီးဖြစ်သည်။

စပေ့အိတ် ကုမ္ပဏီအနေဖြင့် ထပ်မံ လွှတ်တင်ခွင့်ရထားသည့် ဒုတိယမျိုးဆက် စတားလင့်ခ်ဂြိုဟ်တု ၇၅၀၀ အနက် ၅၀ ရာခိုင်နှုန်းကို ၂၀၂၈ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် အပြီးသတ်လွှတ်တင်ပေးရမည်ဖြစ်သည်။

ကျန်ဂြိုဟ်တုများကိုမူ ၂၀၃၁ ခုနှစ် ဒီဇင်ဘာလ အရောက်တွင် အပြီးသတ် လွှတ်တင်ပေးရမည်ဖြစ်ကြောင်း ဖက်ဒရယ်ဆက်သွယ်ရေးကော်မရှင်၏သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Ref : Sputnik News
Trs : KKO

# HEALTH

## နေ့စဉ်ထိုင်ချိန်ကို နာရီဝက်လျှော့ချ၍ လေ့ကျင့်ခန်းကို ငါးမိနစ်ပိုလုပ်ပါက အသက်ရှည်ရေးအတွက် အထောက်အကူပြုနိုင်

**လန်ဒန် ဇန်နဝါရီ ၁၆**

နေ့စဉ်ထိုင်ချိန်ကို နာရီဝက်လျှော့ချ၍ လေ့ကျင့်ခန်းပြုလုပ်ချိန်ကို ငါးမိနစ်ထပ်တိုးခဲ့ပါက အသက်ရှည်ရေးအတွက် အထောက်အကူပြုနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဇန်နဝါရီ ၁၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဒုတိယအမှာစာအရ ပြင်သစ်ရေတပ်၏ ရေအောက်တိုင်းတာရေးနှင့် သမုဒ္ဒရာဗေဒဌာန(SHOM)ထံမှ ရရှိခဲ့ခြင်းဖြစ်သည်။ ၎င်းသည် SHOM အတွက် ဒုတိယမြောက် DriX ပလက်ဖောင်း ဝယ်ယူမှုဖြစ်ပြီး ရေကြောင်းဘေးကင်းလုံခြုံရေးနှင့် ရေပြင်ပိုင်နက်စီမံခန့်ခွဲမှုတို့အတွက် ပင်လယ်ကြမ်းပြင် မြေပုံရေးဆွဲခြင်းနှင့် အချက်အလက်စုဆောင်းခြင်း လုပ်ငန်းများကို အရှိန်မြှင့်တင်ပေးနိုင်လိမ့်မည်ဖြစ်သည်။

ယခု အမှာစာသစ်နှစ်စောင်နှင့် ပြီးခဲ့သော လအနည်းငယ်အတွင်း DriX H-9 အမှာစာတစ်စောင် စုစုပေါင်း သုံးစောင်ထိ ရှိလာခဲ့ပြီဖြစ်သည်။ Exail ကုမ္ပဏီ၏အဆိုအရ ၂၀၂၆ ခုနှစ်အတွက် နောက်ထပ် ရေပေါ်ဒရုန်းဆိုင်ရာ သဘောတူညီချက်များကိုလည်း လက်ရှိတွင်နောက်ဆုံးအဆင့် ညှိနှိုင်းနေပြီဖြစ်ကြောင်း သိရသည်။

DriX H-9 ဒရုန်းသည် ရေရှည် ပင်လယ်ပြင်မစ်ရှင်များအတွက် ဒီဇိုင်းထုတ်ထားသည့် ကိုးမီတာ ရှည်သော ရေယာဉ်ဖြစ်သည်။ ဒီဇယ်အင်ဂျင်ဖြင့် မောင်းနှင်ပြီး လောင်စာဆီ ၁၄၅ ဂါလန် တင်ဆောင်နိုင်ကာ အမြင့်ဆုံးအမြန်နှုန်း တစ်နာရီ ၁၅ မိုင်ခန့်ထိ သွားလာနိုင်သည်။

၎င်းဒရုန်းသည် ရက်ပေါင်း ၂၀ ထိ ဆက်တိုက်အလုပ်လုပ်နိုင်ပြီး အကွာအဝေး ၃၇၀၄ ကီလိုမီတာခန့်ထိ လွှမ်းခြုံနိုင်သည်။ သယ်ယူပို့ဆောင်ရာတွင်လည်း စံနှုန်းမီ ပေ ၄၀ ကွန်တိန်နာအတွင်း ထည့်သွင်းသယ်ဆောင်နိုင်သည်။

၎င်းဒရုန်းကို မစ်ရှင်စီစဉ်ခြင်းနှင့် လုပ်ငန်းစဉ် ထိန်းချုပ်ခြင်းတို့အတွက် ဒီဇိုင်းထုတ်ထားသည့် လူနှင့်စက်ချိတ်ဆက်မှုစနစ်မှတစ်ဆင့် စီမံခန့်ခွဲပေးနိုင်သည်။ အဆိုပါစနစ်သည် ဒရုန်း၏အခြေအနေ၊ မစ်ရှင်တိုးတက်မှု၊ အာရုံခံကိရိယာများ၏ လုပ်ဆောင်ချက်နှင့် စနစ်သတိပေးချက်များကို အဆက်မပြတ်အကြောင်းပြန်ပေးနေသောကြောင့် အော်ပရေတာအနေဖြင့် လိုအပ်ပါက မစ်ရှင်အစီအစဉ်များကို ပြောင်းလဲခြင်းနှင့် အရေးပေါ်အခြေအနေများကို တုံ့ပြန်ခြင်းတို့ ပြုလုပ်နိုင်သည်။

အစိတ်အပိုင်းများ အလွယ်တကူ လဲလှယ်တပ်ဆင်နိုင်သော စနစ်ကြောင့် အော်ပရေတာများသည် သိပ္ပံနည်းကျ သုတေသနများ၊ ရေအောက်စစ်ဆေးရေး၊ ရှာဖွေရေးများ၊ အခြေခံအဆောက်အအုံ စောင့်ကြည့်ရေး လုပ်ငန်းများအတွက် မတူညီသော အာရုံခံကိရိယာများကို တပ်ဆင်အသုံးပြုနိုင်သည်။ ထို့ပြင် ရေအောက်တွင် ဆွဲယူအသုံးပြုရသော ယာဉ်များကို ဖြန့်ကြက်ခြင်းလုပ်ငန်းများကိုလည်း လုပ်ဆောင်နိုင်သည်။ စွမ်းအားမြင့် အသံလှိုင်းသုံး ရေအောက်တိုင်းတာရေးကိရိယာများ တပ်ဆင်ထားပါက ပင်လယ်ကြမ်းပြင်၏ အနက်မီတာ ၃၀၀၀ ခန့်ထိ မြေပုံရေးဆွဲခြင်းလုပ်ငန်းများကို လုပ်ဆောင်နိုင်ကြောင်း သိရသည်။

**Exail Secures Two New Orders for DriX H-9 Surface Drone ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၁၀၉၃၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေး ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၁၀၉၃၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ် ၁၁၁၉၅ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါ စိုက်ပျိုးမှုကို ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကလေးမြို့နယ်တွင် ဧက ၈၇၇၀၊ ကလေးဝမြို့နယ်တွင် ၂၂၁ ဧကနှင့် မင်းကင်းမြို့နယ်တွင် ဧက ၁၉၄၀ စုစုပေါင်း ၁၀၉၃၁ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ကလေးခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲပုပ် ၁၁၁၉၅ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၁၀၉၃၁ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပိုးမွှားကျရောက်မှုမရှိစေဖို့ ပညာပေးလုပ်ငန်းတွေလဲ ဆောင်ရွက်ပေးနေပါတယ် "ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲပုပ်စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် ၈၉၇၉ ဧက၊ ကလေးဝမြို့နယ်တွင် ဧက ၂၆၀ နှင့် မင်းကင်းမြို့နယ်တွင် ၁၉၅၆ ဧက စုစုပေါင်း ၁၁၁၉၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် ပဲပုပ်စိုက်တောင်သူများကို ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

ပဲပုပ်ကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲပုပ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မအူပင်မြို့နယ်တွင် ငရုတ်သီးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ

**မအူပင် ဇန်နဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ငရုတ်သီးခြောက်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း မအူပင်မြို့နယ် စားသောက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိဖြိုးက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် ယခုနှစ် ဇန်နဝါရီလပထမပတ်မှ စတင်ပြီး ယနေ့ထိ ငရုတ်သီးခြောက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသတွင် ငရုတ်သီးခြောက် တစ်ပိသာလျှင် အရည်အသွေးအလိုက် ငွေကျပ် ၁၈၅၀၀ မှ ၂၂၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ငရုတ်သီးခြောက်တွေ အရောင်းအဝယ် ကောင်းမွန်နေပါတယ်။ ဒီဘက်ဒေသမှာတော့ တောင်သူတွေရဲ့ ငရုတ်သီးခြောက်တွေ အရောင်းအဝယ်ဖြစ်နေတာတွေ့ရပါတယ်။ လက်ရှိ အရောင်းအဝယ်ဖြစ်နေတဲ့ ငရုတ်သီးခြောက်တွေက ဆောင်းငရုတ်သီးအသစ်တွေဖြစ်ပါတယ်။ အခုလို ငရုတ်သီးခြောက်တွေ အရောင်းအဝယ် ကောင်းမွန်နေတော့ ငရုတ်စိုက်တောင်သူတွေ စီးပွားရေးအဆင်ပြေသလို လယ်ယာလုပ်သားတွေလဲ အဆင်ပြေလာတာ တွေ့ရပါတယ်။ ဒီနှစ် ငရုတ်စိုက်တောင်သူတွေအနေနဲ့ ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့ ငရုတ်သီးခြောက်တွေ အရောင်းအဝယ် ကောင်းနေတာပါ"ဟု မအူပင်မြို့နယ် စားသောက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အိအိဖြိုးက ပြောပြသည်။



**ကျော်ကျော်လင်း**

# ဘုတ်ပြင်းမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဘုတ်ပြင်း ဇန်နဝါရီ ၁၆**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျွေးချောင်းကျေးရွာနှင့် သဲဖြူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဘုတ်ပြင်းခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းထွန်းဦး၊ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်တင်ဝေနှင်း၊ ဘုတ်ပြင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်နှင့် ဝန်ထမ်းများက ကျွေးချောင်းကျေးရွာနှင့် သဲဖြူကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများဖြစ်သော ရေလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ၊ စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများနှင့် စီမံကိန်းဆိုင်ရာ ငွေစာရင်းပုံစံများ ဖြည့်သွင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ကျွေးချောင်းကျေးရွာနှင့်သဲဖြူကျေးရွာ၌ ရေလုပ်ငန်း လုပ်ကိုင်သူ၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသူ၊ အသင်းသား ၇၅ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၅ သန်း ထုတ်ချေးပေးထားကြောင်း ဘုတ်ပြင်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သုတ**






# ကလောမြို့နယ် အလယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး



**ကလော ဇန်နဝါရီ ၁၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြင်းမထိကျေးရွာအုပ်စု အလယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ကလောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ကျေးလက်နေပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများလုပ်ကိုင်ရန်အတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်နှင့် စီမံကိန်းမှတိုးပွားလာသော အတိုးရငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းခိုင်နှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ၂၉၆ သိန်းကို လွှဲပြောင်း ပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက အလယ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ် လုပ်ငန်းနှင့် အခြားလုပ်ငန်း လုပ်ကိုင်မည့် စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၉ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၂၉၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်းသိရသည်။

**ချိုသန်းညွန့်**





ရှေ့ဖုံးမှအဆက်

ဟင်းသီးဟင်းရွက်စိုက်ခင်းများကို လိုက်လံကြည့်ရှုကြသည်။

ဆက်လက်၍ အမှုဆောင်ချုပ်နှင့်အဖွဲ့ဝင်များသည် ပြည်နယ်အစိုးရအဖွဲ့ခန်းမ၌ ကျင်းပသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်ကြသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တာဝန်ရှိသူများ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်ဌာနေအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် အမှုဆောင်ချုပ်က ကယားပြည်နယ်သည် ဖွံ့ဖြိုးမှုအခြေခံကောင်းများစွာကို ပိုင်ဆိုင်ထားသည့် ပြည်နယ်တစ်ခုဖြစ်ပါကြောင်း၊လူသိများထင်ရှားသော ဘုရားစေတီများ၊စိုက်ပျိုးရေး၊မွေးမြူရေးကောင်းစွာဆောင်ရွက်နိုင်သော လယ်ယာမြေများ၊ လှပသာယာသည့် ရေမြေတောတောင်များ၊ ရင်းနှီးနှစ်လိုဖွယ်ကောင်းသည့် တိုင်းရင်းသားရိုးရာဓလေ့များကို ပိုင်ဆိုင်ထားပါကြောင်း။

လွိုင်ကော်မြို့သည် အကြမ်းဖက်သောင်းကျန်းသူများကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော်လည်း ယခုအခါ အားလုံးစုပေါင်းပါဝင်ဆောင်ရွက်မှုကြောင့် သာယာလှပအေးချမ်းသည့်မြို့အဖြစ်ပြန်လည်တွေ့မြင်နေရပြီဖြစ်ပါကြောင်း၊ ဆက်လက်၍ လွိုင်ကော်မြို့အပါအဝင် ပြည်နယ်တစ်ခုလုံးစဉ်ဆက်မပြတ်အေးချမ်းသာယာဖွံ့ဖြိုးတိုးတက်ရေးကို လုံခြုံမှုရှိနေမှသာ ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေကြသော တပ်ဖွဲ့ဝင်များအနေဖြင့် တာဝန်ကို ဆတက်ထမ်းပိုးကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

ထို့နောက် အမှုဆောင်ချုပ်က နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများကိုချီးမြှင့်ပေးအပ်သည်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ်နှင့်အဖွဲ့ဝင်များသည် ယမန်နေ့ညပိုင်းက ပြည်နယ်အားကစားကွင်း၌ကျင်းပသည့် ၇၄ နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် ဂီတဖျော်ဖြေပွဲကို သွားရောက်ကြည့်ရှုကြပြီး ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဇန်နဝါရီ ၁၆**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများဆောင်ရွက်ပေးလျက်ရှိသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဇော်မင်းလတ် ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ကယားပြည်နယ် လွိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံ၌တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို ဇန်နဝါရီ ၁၅ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဇော်မင်းလတ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး ချီးမြှင့်ငွေနှင့် အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်သည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဇော်မင်းလတ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါဆေးရုံရှိ ဆရာဝန်နှင့် သူနာပြုများကို ချီးမြှင့်ငွေများပေးအပ်ကာ ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ် ဆေးကုသမှုခံယူနေသူများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

အလားတူ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀) နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံ၊ ပြည်မြို့ရှိတပ်မတော်ဆေးရုံတို့၌တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှတိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြသည်။

ဦးစွာ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံတက်လူနာတစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

---

ကျောဖုံးမှအဆက်

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြမှုများအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဒေသအဆင့်ဌာနဆိုင်ရာများသို့ ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း အိန္ဒိယသမ္မတနိုင်ငံ၏ ၇၈ နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အခမ်းအနားတက်ရောက်၊ အိန္ဒိယတပ်မတော် အမှတ်(၃)တပ်မကြီးမှူး Lieutenant General AS Pendharkar, AVSM, YSM ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များကို တွေ့ဆုံ


နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်း အိန္ဒိယတပ်မတော် အမှတ်(၃)တပ်မကြီးမှူး Lieutenant General AS Pendharkar, AVSM, YSM ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များကို လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၆**

အိန္ဒိယသမ္မတနိုင်ငံ၏ ၇၈ နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီးတို့ တက်ရောက်သည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်အဖွဲ့ဝင်များသည် အဆိုပါအခမ်းအနားကျင်းပသည့်နေရာသို့ ရောက်ရှိကြရာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E.Mr. Abhay Thakur ၊ အိန္ဒိယတပ်မတော် အမှတ်(၃)တပ်မကြီးမှူး Lieutenant General AS Pendharkar, AVSM, YSM ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူး၊ ရေတပ်စစ်သံမှူးနှင့် ၎င်းတို့၏ဇနီးတို့ကရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် အိန္ဒိယသမ္မတနိုင်ငံတော်သီချင်းတို့ဖြင့် အိန္ဒိယသမ္မတနိုင်ငံ၏ ၇၈ နှစ်မြောက် တပ်မတော်နေ့အခမ်းအနားကို စတင်ဖွင့်လှစ်သည်။ ယင်းနောက် ၇၈ နှစ်မြောက် အိန္ဒိယတပ်မတော်နေ့အထိမ်းအမှတ် Video clip ကိုပြသပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူး Colonel Jaswinder Singh Gill က အိန္ဒိယ-မြန်မာ ကာကွယ်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့်အိန္ဒိယတပ်မတော် အမှတ်(၃)တပ်မကြီးမှူးတို့က ဂုဏ်ပြုနှုတ်ခွန်းဆက်စကားများ အသီးသီးပြောကြားကြသည်။

ဆက်လက်၍ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီးကျော်စွာလင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး၊ အိန္ဒိယတပ်မတော် အမှတ်(၃)တပ်မကြီးမှူးတို့က အိန္ဒိယသမ္မတနိုင်ငံ၏ ၇၈ နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ကြပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကာ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။ ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီးက တက်ရောက်လာကြသူများကို ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံသံရုံးမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ထို့ပြင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းသည် အိန္ဒိယတပ်မတော် အမှတ်(၃)တပ်မကြီးမှူး Lieutenant General AS Pendharkar,AVSM,YSM ဦးဆောင်သောအဖွဲ့ဝင်များကို ယနေ့ညနေပိုင်းတွင် အဆိုပါဟိုတယ်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံနယ်စပ်ဒေသ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်သွားမည့်အခြေအနေများ၊ တပ်မတော်နှစ်ရပ်အကြားပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံချစ်ကြည်ရေးပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် အိန္ဒိယတပ်မတော် အမှတ်(၃)တပ်မကြီးမှူးတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယတပ်မတော် အမှတ်(၃)တပ်မကြီးမှူးနှင့်အတူ အိန္ဒိယတပ်မတော်မှ အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံစစ်သံမှူး Colonel Jaswinder Singh Gill တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ဗဟ၁)

# ကျောက်မဲခရိုင်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၃)အောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်အေးမင်းဦးနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ကျောက်မဲခရိုင်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကိုအသီးသီးတင်ပြဆွေးနွေးကြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟ၁)


အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အေးမင်းဦး ကျောက်မဲခရိုင်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ဖယ်ခုံမြို့၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များတပ်ဆင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

အပိုင်း(၃) အောင်မြင်စွာကျင်းပနိုင်ရေးနှင့် နိုင်ငံသားတိုင်း မဲပေးခွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါမြို့ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ရပ်ကွက်၊ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မဲရုံမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ဖယ်ခုံမြို့နယ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖယ်ခုံမြို့၊ ပင်လောင်းမြို့တို့ရှိ မဲရုံများ၌ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ တပ်ဆင်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (ဗဟ၁)

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ်(၁၅/၂၀၂၆)
၁၃၈၇ ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ ရက်
(၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်)

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ (ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်ပြိုင်ခဲ့ပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင် မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ရန်ကုန်တိုင်းဒေသကြီး** | | | | |
| (၁) | ဒေါက်တာလှတင့် | ၁၀/မလမ(နိုင်)၀၅၈၂၉၀ | ဗဟန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂) | ဦးတင်ထွဋ် | ၁၀/မလမ(နိုင်)၀၂၃၉၆၇ | ပန်းဘဲတန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃) | ဦးလှတင့် | ၁၀/မဒန(နိုင်)၀၀၆၆၁၁ | လသာ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၄) | ဦးအောင်မျိုးသန်း | ၁၄/ပသန(နိုင်)၀၁၀၂၈၈ | ကော့မှူး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၅) | ဦးသန့်ဇော် | ၁၂/ကခက(နိုင်)၀၅၆၉၈၂ | ကွမ်းခြံကုန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၆) | ဦးတင့်ဝေ | ၅/ဝသန(နိုင်)၀၁၈၂၆၈ | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၇) | ဦးဝင်းကျော် | ၁၂/ဒပန(နိုင်)၀၄၂၄၄၃ | ဒေါပုံ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၈) | ဦးကျော်စန်းဦး | ၁၂/ပဇတ(နိုင်)၀၀၃၆၁၁ | ပုဇွန်တောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၉) | ဦးမောင်မောင်တင့် | ၁၂/လကန(နိုင်)၀၀၅၇၆၅ | လှိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၀) | ဒေါ်စန်းစန်းနွယ် | ၁၂/မဂဒ(နိုင်)၀၇၃၁၄၅ | ရွှေပြည်သာ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၁) | ဦးသိန်းရီ | ၁၂/ထတပ(နိုင်)၀၅၀၅၃၁ | ထန်းတပင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၂) | ဦးခင်မောင်စိုး | ၅/တမန(နိုင်)၀၀၉၅၅၀ | လှည်းကူး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၃) | ဒေါက်တာမျိုးအောင် | ၁၂/အလန(နိုင်)၀၀၁၀၂၆ | တောင်ဥက္ကလာပ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၄) | ဦးညီစော | ၁၀/ဘလန(နိုင်)၀၀၄၆၆ | စက်ကိုးကျွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၅) | ဦးခင်လှိုင် | ၁၄/လပတ(နိုင်)၁၀၇၃၇၇ | ကြည့်မြင်တိုင် | တစ်သီးပုဂ္ဂလ |
| (၁၆) | ဦးငြိမ်းထွေး | ၁၄/ဒဒရ(နိုင်)၀၀၃၉၄၈ | အင်းစိန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| **ရှမ်းပြည်နယ်** | | | | |
| (၁၇) | ဦးလူဇော် | ၁၃/ရငန(နိုင်)၀၃၆၅၉၅ | ရွာငံ | ဓနုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီပါတီ |
| (၁၈) | ခွန်လှသိန်း | ၁၃/ဆဆန(နိုင်)၀၀၀၀၈၇ | ဆီဆိုင် | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ |
| (၁၉) | ဒေါက်တာနန္ဒာလှမြင့် | ၁၃/ကလန(နိုင်)၀၅၆၂၉၆ | ကလော | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၀) | စိုင်းဝန်းဆမ် | ၁၃/မခန(နိုင်)၀၀၀၃၀၂ | မိုင်းခတ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၁) | ဦးစိုင်းလောင်း | ၁၃/မပတ(နိုင်)၀၀၁၅၁၀ | မိုင်းပျဉ်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၂) | ဦးလင်းဇော်ထွန်း | ၁၂/ပဇတ(နိုင်)၀၀၁၀၈၁ | မိုင်းဖြတ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၃) | ဒေါက်တာပွင့်ဆန်း | ၁၂/မရက(နိုင်)၀၀၇၁၈၆ | ရပ်စောက် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၄) | ဦးစိုင်းဆန်စိန် | ၁၃/တယန(နိုင်)၀၀၁၆၈၅ | တန့်ယန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၅) | ဦးစိုင်းအောင်ညွန့် | ၁၃/မရတ(နိုင်)၀၀၄၄၅၅ | မိုင်းရယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၆) | ဦးစိုင်းကျော်လှ | ၁၃/ကဟန(နိုင်)၀၀၄၁၀၉ | ကွန်ဟိန်း | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |
| (၂၇) | ဦးထင်အောင်ရှိန် | ၁၄/ပသန(နိုင်)၀၈၈၉၂၁ | မိုင်းတုံ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၈) | စိုင်းအောင်ခမ်း | ၅/စကန(နိုင်)၀၀၉၉၂၄ | မိုင်းယောင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၉) | စိုင်းဆမ် | ၁၃/မယန(နိုင်)၀၀၀၃၇၁ | မိုင်းယန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၀) | ဦးဖြိုးဇော်စိုး | ၁၂/ရကန(နိုင်)၀၀၀၈၉၃ | မိုင်းပန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၁) | စိုင်းဆိုင်နော် | ၁၃/မမန(နိုင်)၀၀၀၁၄၀ | မောက်မယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၂) | ဒေါ်နန်းသန်းသန်းမွေး | ၁၃/ဖခန(နိုင်)၀၄၅၇၆၉ | မိုင်းကိုင် | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |
| (၃၃) | စိုင်းစိန်ဝင်း | ၁၃/သပန(နိုင်)၀၄၃၈၉၂ | လဲချား | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |
| **ဧရာဝတီတိုင်းဒေသကြီး** | | | | |
| (၃၄) | ဒေါက်တာထိန်ဝင်း | ၁၄/ကကန(နိုင်)၀၆၄၄၁၆ | ကျောင်းကုန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၅) | ဒေါ်ခင်စောမူ | ၁၄/ပသန(နိုင်)၁၄၈၈၁၆ | ကန်ကြီးထောင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၆) | ဦးမောင်မောင်စိုး | ၁၂/မဘန(နိုင်)၀၁၄၀၅၇ | သာပေါင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၇) | ဒေါက်တာအောင်ကြီး | ၁၂/ဒဂန(နိုင်)၀၁၂၃၃၆ | ကျိုက်လတ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၈) | ဒေါ်စိုးစိုးရီ | ၁၄/ဖပန(နိုင်)၀၂၀၉၁၂ | ဖျာပုံ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၉) | ဦးစန်းမောင် | ၁၄/ဘကလ(နိုင်)၀၂၂၇၀၉ | ဘိုကလေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၄၀) | ဦးကျော်မင်းသန်း | ၁၄/ပတန(နိုင်)၁၀၉၁၃၀ | ပန်းတနော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၄၁) | ဦးသန်းနိုင် | ၁၄/ဝခမ(နိုင်)၀၁၄၈၈၈ | ဝါးခယ်မ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၄၂) | ဦးတင်ဦး | ၁၄/အမန(နိုင်)၀၀၉၆၄၃ | အိမ်မဲ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲ ဆက်လက်ပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၁၆**

ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲ (Oral Hearing) ကို ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်ထိ နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး၌ ပြုလုပ်လျက်ရှိရာ မြန်မာနိုင်ငံက ပထမအကြိမ် လျှောက်လဲခြင်းကို ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီထိနှင့် ညနေ ၃ နာရီမှ ညနေ ၆ နာရီထိ စတင်လျှောက်လဲမည်ဖြစ်သည်။

ယနေ့တွင် မြန်မာနိုင်ငံ၏ကိုယ်စားလှယ် (Agent)ဖြစ်သူ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က အဖွင့်မိန့်ခွန်းပြောကြားသည်။ (ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၏ အဖွင့်မိန့်ခွန်းကို သီးခြားဖော်ပြထားပါသည်။)

ဂမ်ဘီယာနိုင်ငံ၏ စတုတ္ထနေ့ကြားနာပွဲကို ဇန်နဝါရီ ၁၅ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီထိ ပြုလုပ်ခဲ့ရာ ဂမ်ဘီယာနိုင်ငံမှ ရှေ့နေများက အပြီးသတ်လျှောက်လဲခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




မြန်မာနိုင်ငံ၏ကိုယ်စားလှယ် (Agent) ဖြစ်သူ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲတွင် အဖွင့်မိန့်ခွန်းပြောကြားစဉ်။

## အပြည်ပြည်ဆိုင်ရာတရားရုံး၌ ဂမ်ဘီယာနှင့် မြန်မာတို့အကြား တရားရင်ဆိုင်နေခြင်းနှင့်ပတ်သက်၍ ကြားနာပွဲတွင် မြန်မာနိုင်ငံ၏ကိုယ်စားလှယ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ပြောကြားသည့်မိန့်ခွန်း

(၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်)

**လေးစားအပ်ပါသော အပြည်ပြည်ဆိုင်ရာတရားရုံးဥက္ကဋ္ဌကြီး၊ ဂုဏ်သရေရှိ ဒုတိယဥက္ကဋ္ဌကြီးများနှင့် တရားသူကြီးမင်းများခင်ဗျား-**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ ကိုယ်စားလှယ်တစ်ဦးအနေနဲ့ မိမိတို့နိုင်ငံအပေါ် လူမျိုးသုဉ်းသတ်ဖြတ်မှုသဘောတူစာချုပ်ကို ချိုးဖောက်တယ်ဆိုတဲ့ စွပ်စွဲချက်ကို ခုခံကာကွယ်ဖို့ ကျွန်တော့်အနေနဲ့ ဤတရားရုံးတော်ရှေ့မှောက်မှာ ရောက်ရှိနေခြင်းဖြစ်ပါတယ်။

၂။ မြန်မာနိုင်ငံဟာ လူမျိုးသုဉ်းသတ်ဖြတ်မှုသဘောတူစာချုပ်ရဲ့ အခြေခံကျတဲ့အရေးပါမှုကို အပြည့်အဝအသိအမှတ်ပြုပါတယ်။ မြန်မာနိုင်ငံဟာ စာချုပ်ကို ၁၉၄၉ ခုနှစ်မှာ လက်မှတ်ရေးထိုးခဲ့ပြီး ၁၉၅၆ ခုနှစ်မှာ အတည်ပြုပါဝင်ခဲ့ပါတယ်။ ဤတရားရုံးတော်ခန်းမသို့ မြန်မာနိုင်ငံအနေဖြင့် ရောက်ရှိလာခြင်းဟာ မိမိတို့နိုင်ငံအတွက် ဤသဘောတူစာချုပ်ရဲ့ အရေးပါမှုကို သက်သေထူခြင်းဖြစ်ပါတယ်။ ယနေ့မှာ ကျွန်တော်တို့ဟာ မိမိတို့နိုင်ငံရဲ့ ဂုဏ်သိက္ခာအပေါ် အလွန်ကြီးလေးသော စွပ်စွဲချက်တစ်ခုဖြစ်တဲ့ လူမျိုးသုဉ်းသတ်ဖြတ်မှုဟူသော စွပ်စွဲချက်မှ နိုင်ငံ၏ဂုဏ်သိက္ခာကို ကာကွယ်ရန် တရားရုံးတော်ရှေ့သို့ ရောက်ရှိနေခြင်းဖြစ်ပါတယ်။ လူမျိုးသုဉ်းသတ်ဖြတ်မှုဟာ "ရာဇဝတ်မှုများထဲတွင် အဆိုးရွားဆုံးရာဇဝတ်မှု"(Crime of Crimes)ဖြစ်ပါတယ်။ ထို့ကြောင့် နိုင်ငံနှင့် ပြည်သူများအပေါ် ထိုကဲ့သို့သော ဖျက်မရနိုင်တဲ့ အမည်းစက်မျိုး အတင်မခံရစေရေး ကာကွယ်ရန်မှာ အစိုးရ၏တာဝန်ဖြစ်ပါတယ်။

၃။ မြန်မာနိုင်ငံသည် စွပ်စွဲချက်များနှင့် ဤအမှုကို အလေးအနက်ထားဆောင်ရွက်ပါတယ်။ မြန်မာနိုင်ငံဟာ ကုလသမဂ္ဂရဲ့ အမြင့်ဆုံးတရားစီရင်ရေးအဖွဲ့ဖြစ်တဲ့ ဤတရားရုံးကို အထူးအလေးထားပါတယ်။ အပြည်ပြည်ဆိုင်ရာဥပဒေကို လိုက်နာရန် အပြည့်အဝကတိပြုထားတဲ့ အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံအနေဖြင့် ယခုကဲ့သို့ပြင်းထန်စွပ်စွဲချက်များကို တုံ့ပြန်ရန်အတွက် ချေပချက်များကို သေချာစွာပြင်ဆင်ထားပါတယ်။ တရားရုံးရဲ့ ပြဋ္ဌာန်းချက်များ(Statute)၊ လုပ်ထုံးလုပ်နည်းများ(Rules of Court)နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခဲ့ပါတယ်။ တရားရုံးက သတ်မှတ်ပေးထားတဲ့ အချိန်ကာလများကိုလဲ အတိအကျလိုက်နာခဲ့ပါတယ်။ တရားရုံးက ချမှတ်ထားတဲ့ ကြားဖြတ်စီမံဆောင်ရွက်မှုများ (Provisional Measures) အကောင်အထည်ဖော်မှုအစီရင်ခံစာများကို ပုံမှန်တင်သွင်းခဲ့ပါတယ်။ နိုင်ငံရဲ့ဂုဏ်သိက္ခာနဲ့ အနာဂတ်အတွက် အခြေခံကျတဲ့ ဤတရားစီရင်ရေးလုပ်ငန်းစဉ်များတွင် တာဝန်သိစွာဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ ဤသည်မှာ အပြည်ပြည်ဆိုင်ရာတရားဥပဒေစိုးမိုးရေးနဲ့ စနစ်အတွင်း တရားရုံးရဲ့အခန်းကဏ္ဍကို မြန်မာနိုင်ငံက အလေးအနက် ကတိပြုထားကြောင်း ပြသခြင်းပင်ဖြစ်ပါတယ်။

၄။ ဂမ်ဘီယာနိုင်ငံအနေဖြင့် ထိုကဲ့သို့ အလေးထားဆောင်ရွက်ခြင်းမရှိသည်ကို စိတ်မကောင်းစွာ တွေ့ရပါတယ်။ ဂမ်ဘီယာနိုင်ငံဟာ ဤအမှုရဲ့ ဖြစ်ရပ်မှန်များနှင့် တိုက်ရိုက်သက်ဆိုင်သူ မဟုတ်သော်လည်း လူမျိုးသုဉ်းသတ်ဖြတ်မှုသဘောတူစာချုပ်တွင် ပါဝင်တဲ့ "နိုင်ငံအားလုံး၏ တူညီသောအကျိုးစီးပွား"အတွက် ဆောင်ရွက်ခြင်းဖြစ်တယ်လို့ ဆိုပါတယ်။ သို့သော် ၎င်းအနေနဲ့ တရားရုံးရှေ့မှောက်မှာ အမှုရင်ဆိုင်နေတဲ့ အဖွဲ့အစည်းတစ်ခုအနေဖြင့် လိုက်နာရမယ့် အခြေခံလိုအပ်ချက်များကိုပင် ပြည့်မီအောင်ဆောင်ရွက်နိုင်ခြင်း မရှိသည်ကို တွေ့ရပါတယ်။

၅။ ဂမ်ဘီယာက တင်သွင်းတဲ့ အချက်အလက်များနဲ့ ရှာဖွေစုံစမ်းမှုများဟာ သာမန်အချက်အလက်များသာဖြစ်ပြီး ဘက်လိုက်မှုရှိကြောင်းကို မြန်မာဥပဒေအဖွဲ့က သက်သေပြသွားမှာဖြစ်ပါတယ်။ အချက်အလက်ရှာဖွေရေးအဖွဲ့(FFM)ရဲ့ ၂၀၁၈ ခုနှစ်က ကောက်ချက်များအပေါ်အခြေခံပြီး ဒီအမှုကို ဂမ်ဘီယာက တင်သွင်းခဲ့ခြင်းဖြစ်ပါတယ်။ ယုံကြည်စိတ်ချရမှုမရှိသည့်အပြင် ဘက်လိုက်မှုရှိတဲ့ အရင်းအမြစ်ကိုသာ ဆက်လက်၍ ကိုးကားနေပါတယ်။ ထိုကဲ့သို့ ကိုးကားတင်သွင်းခြင်းဟာ မြန်မာနိုင်ငံအပေါ် တရားစီရင်မှုမပြုမီ ကြိုတင်ပြစ်ဒဏ်ခတ်ခြင်းသာဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်ကတည်းက ဂမ်ဘီယာဟာ(FFM)ရဲ့ အစီရင်ခံစာများက သက်သေအထောက်အထားများမှာ ခိုင်မာတဲ့အထောက်အထားများဖြစ်အောင် ကြိုးပမ်းခဲ့ခြင်း မရှိပါ။ ၎င်းတို့သည် ထိုအစီရင်ခံစာများကိုသာ အမှန်တရားများအဖြစ် ဆက်လက်စွဲကိုင်နေပြီး တရားရုံးက လက်ခံပေးရန် တောင်းဆိုနေပါတယ်။

၆။ ထို့ပြင် တရားရုံးရှေ့မှောက်တွင် ရိုးသားဖြောင့်မတ်စွာ လိုက်နာရမည့် (Good faith) တာဝန်ကိုပစ်ပယ်၍ ဂမ်ဘီယာဟာ သတင်းအရင်းအမြစ်များမှ အချက်အလက်များကို လိုအပ်သလို ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပါတယ်။ ရှေ့နေများနှင့် သက်သေများကို အတူတကွထားရှိပြီး ကိုယ်စားလှယ်အဖွဲ့ဝင်များတွင် NGOs အဖွဲ့ဝင်များ ပါဝင်နေခြင်းဟာ အမှုအတွက် ရောထွေးမှုများကို ဖြစ်စေခဲ့ပါတယ်။ ဤသည်မှာ တရားစီရင်ရေးလုပ်ငန်းစဉ်ရဲ့ ဂုဏ်သိက္ခာကို အထောက်အကူမပြုနိုင်သည့်အပြင် ဂမ်ဘီယာဘက်က တင်ပြလာတဲ့ အထောက်အထားများရဲ့ ခိုင်မာမှုကို ကြီးစွာသံသယဖြစ်စေပါတယ်။

**ဥက္ကဋ္ဌကြီးနှင့် တရားသူကြီးမင်းများ ခင်ဗျား-**

၇။ လူမျိုးသုဉ်းသတ်ဖြတ်မှုစွပ်စွဲချက်ကို အခုလို စနစ်ကျနမှုမရှိ၊ သတ်မှတ်သည့်စံနှုန်းများနဲ့လဲ ကိုက်ညီမှုမရှိဘဲ ကိုင်တွယ်ရသည်မှာ အလွန်ပင်စိုးရိမ်စရာဖြစ်ပါတယ်။ အဆုံးသတ်မှာတော့ တရားရုံးတော်အနေနဲ့ အရေးကြီးတဲ့မေးခွန်းတစ်ခုကို ဖြေကြားရမှာဖြစ်ပါတယ်။ ယင်းမေးခွန်းကတော့ "၂၀၁၆ ခုနှစ်နဲ့ ၂၀၁၇ ခုနှစ်တို့အတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဆောင်ရွက်ခဲ့တဲ့ စစ်ဆင်ရေးများအတွင်း မြန်မာနိုင်ငံဟာ အုပ်စုတစ်ခု၏ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ အုပ်စုတစ်ခုလုံးကိုဖြစ်စေ ဖျက်ဆီးလိုသောရည်ရွယ်ချက်နဲ့ လူမျိုးသုဉ်းစေမှုသဘောတူစာချုပ်ကို ဆန့်ကျင်၍ ဆောင်ရွက်ခဲ့ခြင်းရှိ၊ မရှိ" ဆိုတဲ့ အချက်ဖြစ်ပါတယ်။ ဂမ်ဘီယာအနေနဲ့ အမှုနဲ့ဆက်စပ်နေသော သက်သေပြရန်တာဝန်ကို ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း မြန်မာနိုင်ငံက ခိုင်မာစွာထုတ်ဖော်ပြသလိုပါတယ်။ မြန်မာနိုင်ငံအနေဖြင့် သက်သေပြရန် တာဝန်မရှိသော်လည်း ဂမ်ဘီယာရဲ့ သက်သေအထောက်အထားများ ခိုင်မာမှုရှိ၊ မရှိနဲ့ပတ်သက်ပြီး ရှင်းရှင်းလင်းလင်းထောက်ပြနိုင်ခဲ့ပါတယ်။ ဂမ်ဘီယာနိုင်ငံရဲ့ အတည်မပြုနိုင်တဲ့ တစ်ဆင့်စကားများနဲ့ ဘယ်သူထွက်ဆိုလို့ ထွက်ဆိုထားမှန်းမသိတဲ့ သက်သေထွက်ဆိုချက်များအပေါ် အသိအမှတ်ပြုဆောင်ရွက်မည်ဆိုပါက ချေပရန်အခက်အခဲဖြစ်စေမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌကြီးနှင့် တရားသူကြီးမင်းများ ခင်ဗျား-**

၈။ ဒီအမှုဟာ အခြေအမြစ်မရှိသော စွပ်စွဲချက်များထက် ခိုင်လုံသော၊ သက်သေပြနိုင်သော အချက်အလက်များပေါ်တွင်သာ မူတည်ပါတယ်။ တိကျခိုင်မာသော အချက်အလက်များကို စိတ်ထိခိုက်လှုပ်ရှားဖွယ် စကားလုံးများနဲ့ အချက်အလက်ခိုင်မာမှုမရှိတဲ့ သရုပ်ဖော်ပြောကြားမှုများနဲ့ အစားထိုးနိုင်မည်မဟုတ်ပါ။ ဒီအမှုဟာ ဥပဒေရဲ့မှန်ကန်သော အဓိပ္ပာယ်ဖွင့်ဆိုခြင်းအပေါ်မူတည်နေပြီး ဂမ်ဘီယာရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်များဟာ ရုံးတော်ရဲ့ ယခင်စီရင်ထုံးများကို လျစ်လျူရှုပြီး ဥပဒေရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ၎င်းတို့လိုရာဆွဲထားခြင်းဖြစ်ကြောင်းကို မိမိတို့ရဲ့ ရှေ့နေများက လျှောက်လဲတင်ပြသွားမှာဖြစ်ပါတယ်။

၉။ ဒီအမှုကိုဆုံးဖြတ်ရာမှာ ၂၀၁၆ ခုနှစ်နဲ့ ၂၀၁၇ ခုနှစ်တို့အတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်တိုက်ခိုက်မှုများကို ချန်လှပ်ထားလို့မရပါ။ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် "နယ်မြေရှင်းလင်းရေး" (Clearance Operations)များ ပြုလုပ်ခဲ့ရခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ အထူးရှင်းပြလိုတာကတော့ ဒီအသုံးအနှုန်းဟာ စစ်ဘက်ဆိုင်ရာအသုံးအနှုန်း (Term of military art) တစ်ခုသာဖြစ်ပြီး သောင်းကျန်းမှုနှိမ်နင်းရေး သို့မဟုတ် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်များကို ရည်ညွှန်းပါတယ်။ ဒီအသုံးအနှုန်းကို ကမ္ဘာတစ်ဝန်းမှာ အသုံးပြုမှုရှိပါတယ်။ ဂမ်ဘီယာအနေနဲ့ တိကျမှုမရှိတဲ့ အချက်အလက်များကိုအခြေခံပြီး တရားရုံးကို ဆုံးဖြတ်ချက်ချစေရန် ကြိုးပမ်းနေပါတယ်။

၁၀။ ၂၀၁၆ ခုနှစ်နဲ့ ၂၀၁၇ ခုနှစ် စစ်ဆင်ရေးများနဲ့ပတ်သက်လို့ ဂမ်ဘီယာက ARSA အကြမ်းဖက်အဖွဲ့၏ လုပ်ဆောင်ချက်များကို ငြင်းဆိုထားခြင်းမရှိသော်လည်း အစိုးရက လိုအပ်၍ တုံ့ပြန်ဆောင်ရွက်မှုများကိုမူ ငြင်းဆိုလိုတဲ့သဘောရှိပါတယ်။ သို့သော် မြန်မာနိုင်ငံအစိုးရအနေနဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အကြမ်းဖက်သမားများကို စိတ်ကြိုက်ခြယ်လှယ်ခွင့်ပေးထားသင့်တယ်လို့ ဂမ်ဘီယာက ဆိုလိုနေခြင်း မဟုတ်နိုင်ပါ။ တုံ့ပြန်ရာမှာ အင်အားအလွန်အကျွံသုံးခဲ့တယ်လို့ ဂမ်ဘီယာက အဓိကပြောလိုခြင်းသာဖြစ်ပါတယ်။ အကယ်၍ အင်အားအလွန်အကျွံသုံးခဲ့မည်ဆိုလျှင်ပင် လူမျိုးသုဉ်းစေမှုမြောက်မည်မဟုတ်ပါ။

၁၁။ ပဋိပက္ခများရဲ့ နောက်ဆက်တွဲအနေနဲ့ သေဆုံးမှုများရှိခဲ့ပြီး လူအများအပြား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ခွာသွားသည်မှာ အမှန်ပင်ဖြစ်ပါတယ်။ ကမ္ဘာတစ်ဝန်းရှိ အခြားသော လက်နက်ကိုင်ပဋိပက္ခများနှင့် မတည်ငြိမ်မှုများ၊ မြန်မာနိုင်ငံရဲ့ အခြားဒေသများတွင် ဖြစ်ပွားခဲ့တဲ့ ဖြစ်ရပ်များကဲ့သို့ပင် ဒေသခံပြည်သူများအပေါ် ကြီးမားတဲ့သက်ရောက်မှုရှိခဲ့ပါတယ်။ လက်နက်ကိုင်ပဋိပက္ခ၊ ဒေသတွင်းမတည်ငြိမ်မှုနဲ့ အကြမ်းဖက်မှုများကြောင့်ဖြစ်ပေါ်လာတဲ့ ထိခိုက်သေဆုံးမှုများကို မြန်မာနိုင်ငံအနေဖြင့် ကောင်းစွာသိရှိပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံ၏ အခြားဒေသများတွင်လဲ သမိုင်းတစ်လျှောက် လက်နက်ကိုင်ပဋိပက္ခများရှိခဲ့ပြီး ယနေ့အချိန်ထိလဲ ရှိနေဆဲဖြစ်ပါတယ်။ အစိုးရအနေဖြင့် တစ်နိုင်ငံလုံး ငြိမ်းချမ်းမှုရရှိရန်အတွက် ပါဝင်ပတ်သက်သူများအားလုံးနဲ့ ညှိနှိုင်းဆွေးနွေးမှုများကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

၁၂။ သို့သော် ငြိမ်းချမ်းရေးဆီသို့ လျှောက်လှမ်းရာလမ်းကြောင်းများဟာ ရှုပ်ထွေးပါတယ်။ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မွတ်ဆလင်များအတွက် မည်ကဲ့သို့ရှေ့ဆက်ရမည် သို့မဟုတ် မည်သည်တို့ကို မျှော်လင့်ရမည် စသည့်ကိစ္စရပ်များကို ယခုတရားရင်ဆိုင်နေသည့်ပြဿနာရပ်ရဲ့ ကျဉ်းမြောင်းသော အမြင်တစ်ခုတည်းနဲ့ တရားရုံးက ဆုံးဖြတ်ခြင်း မပြုနိုင်ပါ။ တရားရုံးအနေဖြင့် ၂၀၁၆ ခုနှစ်နဲ့ ၂၀၁၇ ခုနှစ် အကြမ်းဖက်တိုက်ခိုက်မှုများအတွက် တာဝန်ရှိသူများသည် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မွတ်ဆလင်များကို ကိုယ်စားပြုသည်ဟု မမှတ်ယူနိုင်ပါ။ ထို့အတူ တရားရင်ဆိုင်ခြင်းတွင် ပါဝင်ပတ်သက်နေတဲ့ အဖွဲ့အစည်းများကလဲ ၎င်းတို့ကို ကိုယ်စားပြုသည်ဟု မမှတ်ယူနိုင်ပါ။

၁၃။ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ငလျင်ဘေး၊ ရေဘေး၊ မုန်တိုင်းဘေး စတဲ့သဘာဝဘေးအန္တရာယ်များအပြင် ဘဏ္ဍာရေးအကျပ်အတည်း၊ အရေးပေါ်အခြေအနေများနှင့် ပြည်တွင်းမတည်ငြိမ်မှုများ စတဲ့စိန်ခေါ်မှုများ ဆက်လက်ရင်ဆိုင်နေရပါတယ်။ အဆိုပါအခြေအနေများကြားမှ ရခိုင်ပြည်နယ်မြောက်ပိုင်းကိစ္စရပ်များကို ဖြေရှင်းရန် စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ပါတယ်။ အသေးစိတ်အချက်အလက်များကို တရားရုံးရဲ့ ကြားဖြတ်စီမံဆောင်ရွက်ချက်အမိန့်နဲ့အညီ မြန်မာနိုင်ငံက ပုံမှန်တင်သွင်းတဲ့အစီရင်ခံစာတွေမှာ တင်ပြခဲ့ပါတယ်။

**ဥက္ကဋ္ဌကြီးနှင့် တရားသူကြီးမင်းများ ခင်ဗျား-**

၁၄။ ဂမ်ဘီယာက မြန်မာနိုင်ငံဟာ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မွတ်ဆလင်များအပေါ် လူမျိုးသုဉ်းသတ်ဖြတ်မှုကျူးလွန်ခဲ့ပြီး မြန်မာနိုင်ငံက ၎င်းတို့ရဲ့တည်ရှိမှုနဲ့ မြန်မာနိုင်ငံမှာ နေထိုင်ခွင့်ကို အသိအမှတ်မပြုဘူးလို့ စွပ်စွဲထားပါတယ်။ ဒီစွပ်စွဲချက်ဟာ **စာမျက်နှာ ၂၀ သို့**

**စာမျက်နှာ ၁၉ မှအဆက်**

မှန်ကန်မှုမရှိပါ။ ၎င်းတို့ဟာ မြန်မာနိုင်ငံရဲ့ နယ်မြေအတွင်း နေထိုင်ခွင့်ရှိသူတွေဖြစ်ကြောင်းကို မြန်မာနိုင်ငံအနေနဲ့ အသိအမှတ်ပြုပါတယ်။ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘင်္ဂါလီများဟာ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံနယ်စပ်မှာ နေထိုင်သူများနဲ့ ယဉ်ကျေးမှု၊ လူမျိုး၊ ဘာသာရေးတို့အရ တူညီတဲ့အုပ်စုတစ်ခုအဖြစ် မြန်မာနိုင်ငံအနေနဲ့ မှတ်ယူပါတယ်။ ယင်းသို့တိုင်အောင် လူမျိုးသုဉ်းစေမှုဆိုင်ရာစာချုပ်ရဲ့ အဓိပ္ပာယ်အောက်မှာ မြန်မာနိုင်ငံအနေနဲ့ ၎င်းတို့ဟာ ထိုအုပ်စုဝင်ဖြစ်ကြောင်း လက်ခံပါတယ်။ တစ်နည်းအားဖြင့် တရားရုံးအနေနဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ နေထိုင်နေကြသူတွေဟာ စာချုပ်ရဲ့အဓိပ္ပာယ်ကောက်ယူမှုအရ အကာအကွယ်ပေးထားတဲ့အုပ်စုတစ်စုလို့ ဆုံးဖြတ်ခဲ့လျှင်ပင် ၎င်းတို့ရဲ့ ယဉ်ကျေးမှု၊ လူမျိုး၊ ဘာသာရေးတွေဟာ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံနယ်မြေမှာ နေထိုင်နေသူတွေနဲ့မတူ ကွဲပြားတယ်လို့ မမှတ်ယူနိုင်ပါ။ ဤအခြေခံဖြင့် ယူဆမယ်ဆိုရင် တရားရုံးအနေဖြင့် နယ်စပ်တစ်ဖက်တစ်ချက်မှာ နေထိုင်သူများရဲ့ ယဉ်ကျေးမှု၊ လူမျိုး၊ ဘာသာရေးတွေကို နှိုင်းယှဉ်သုံးသပ်ဖို့လိုတော့မှာမဟုတ်ပါဘူး။

၁၅။ ဂမ်ဘီယာက မြန်မာနိုင်ငံအနေနဲ့ "ရိုဟင်ဂျာ" ဟူသော အမည်ကို တရားဝင်အသုံးမပြုဘဲ "ဘင်္ဂါလီ"ဟုသာ အသုံးပြုတယ်လို့ ကန့်ကွက်ပါတယ်။ ဒါပေမဲ့ ဒီလိုသုံးနှုန်းရတာ ခိုင်လုံတဲ့အကြောင်းပြချက်တွေရှိတယ်ဆိုတဲ့အချက်ကိုတော့ ဂမ်ဘီယာက မရှင်းပြခဲ့ပါ။ အုပ်စုတစ်ခုကို အမည်တစ်ခုတပ်ပြီး ခေါ်ဝေါ်သုံးစွဲမှု မပြုခြင်းဟာ ယင်းလူမျိုးများဖြစ်တည်မှု၊ ဖြစ်တည်ခွင့်မရှိဟုသော်လည်းကောင်း သို့မဟုတ် ဒီအုပ်စုကို ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် ဇီဝပိုင်းဆိုင်ရာ ဖျက်ဆီးရန် ရည်ရွယ်ချက်ရှိသည်ဟုသော်လည်းကောင်း မယူဆနိုင်ပါ။

၁၆။ ဂမ်ဘီယာက မြန်မာသည် ၎င်းအုပ်စုရဲ့အဖွဲ့ဝင်များကို နိုင်ငံသားအဖြစ် အသိအမှတ်မပြုကြောင်းလဲ စွပ်စွဲထားပါတယ်။

၁၇။ ဒီကိစ္စဟာ တရားရုံးရှေ့မှောက်မှာရှိနေတဲ့ အမှုနဲ့မသက်ဆိုင်သင့်ပါ။ လူမျိုးသုဉ်းစေမှုကို တားဆီးခြင်းဆိုင်ရာစာချုပ်ဟာ စာချုပ်ဝင်နိုင်ငံတွေအပေါ် မည်သည့်အုပ်စုကို နိုင်ငံသားသတ်မှတ်ပေးပါလို့ ပြောကြားခွင့်မရှိပါဘူး။ နိုင်ငံသားဖြစ်မှုဆိုတာ သတ်မှတ်ထားတဲ့ စံနှုန်းများနဲ့ ပြည့်မီခြင်း ရှိ၊ မရှိအပေါ်မူတည်တဲ့ တစ်ဦးချင်းစီရဲ့ အခွင့်အရေးသာဖြစ်ပါတယ်။ အကာအကွယ်ပေးထားတဲ့ အုပ်စုဝင်ဖြစ်ခြင်း၊ မဖြစ်ခြင်းနဲ့ နိုင်ငံသားဖြစ်ခွင့် ရှိခြင်း၊ မရှိခြင်းတို့ဟာ သီးခြားကိစ္စတွေဖြစ်ပါတယ်။ အုပ်စုတစ်စုကို အလိုအလျောက်နိုင်ငံသားဖြစ်ခွင့် မပေးခြင်းဟာ ၎င်းတို့ တည်ရှိပိုင်ခွင့်မရှိဟုသော်လည်းကောင်း၊ ၎င်းတို့ကို ဖျက်ဆီးလိုခြင်းသော်လည်းကောင်း ဆိုလိုခြင်းမဟုတ်ပါ။

၁၈။ ယခုကိစ္စဟာ ဒီအမှုနဲ့သက်ဆိုင်ခြင်းမရှိသော်လည်း ဂမ်ဘီယာရဲ့ ပြောဆိုချက်များဟာ မမှန်ကြောင်း ကျွန်တော့်အနေနဲ့ အလေးပေးပြောကြားလိုပါတယ်။ အမှန်တကယ်မှာတော့ ဘင်္ဂါလီအများအပြားဟာ မြန်မာနိုင်ငံရဲ့ နိုင်ငံသားအမျိုးအစား သုံးမျိုးအနက် တစ်မျိုးမျိုးရရှိထားကြပါတယ်။ တချို့ကလဲ နိုင်ငံသားဖြစ်ခွင့်လျှောက်ထားရန် သတ်မှတ်ချက်နဲ့ ကိုက်ညီသူများဖြစ်ကြပါတယ်။ တချို့ကတော့ မြန်မာနိုင်ငံရဲ့ နိုင်ငံသားဖြစ်ခွင့် စံနှုန်းများနဲ့ မကိုက်ညီကြသူများဖြစ်ပါတယ်။ ဒီလိုဖြစ်ရတာလဲ အကြောင်းရင်းများရှိပါတယ်။

၁၉။ နိုင်ငံသားဖြစ်ခွင့် လျှောက်ထားသူများအတွက် ပထမအဆင့်ဟာ နိုင်ငံသားစိစစ်မှုခံယူမည့် ကတ်ပြား (NVC) ကို လျှောက်ထားရမှာဖြစ်ပါတယ်။ ယခုအခါ နိုင်ငံအတွင်းမှာ နိုင်ငံသားစိစစ်ရေးကတ်ကိုင်ဆောင်သူ နှစ်သိန်းနီးပါးနဲ့ ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်မှုခံယူမည့်ကတ်ပြား(NVC) ကိုင်ဆောင်သူ ငါးသောင်းနီးပါးရှိပါတယ်။ ဒါပေမဲ့ NVC ကတ် လျှောက်ထားပြီး နိုင်ငံသားဖြစ်ရန် အရည်အချင်းမပြည့်မီသူများအနေနဲ့လဲ NVC ကတ် ကိုင်ဆောင်သူများအနေနဲ့ မြန်မာနိုင်ငံအတွင်းမှာ ဥပဒေနဲ့အညီ ဆက်လက်နေထိုင်ခွင့်ရမှာဖြစ်ပါတယ်။

၂၀။ ဒါပေမဲ့လဲ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘင်္ဂါလီအများအပြားဟာ NVC လုပ်ငန်းစဉ်မှာ ပါဝင်ဆောင်ရွက်ဖို့ ငြင်းဆန်ကြပါတယ်။ အချို့က ဘင်္ဂါလီများကို လျှောက်ထားရန်မလိုဘဲ အလိုအလျောက် နိုင်ငံသားဖြစ်ခွင့်ပေးသင့်တယ်ဆိုတဲ့ နိုင်ငံရေးအကြောင်းပြချက်နဲ့ ငြင်းကြပါတယ်။ အချို့က တက်ကြွလှုပ်ရှားသူများရဲ့ ဖိအားပေးမှုကြောင့် ငြင်းဆန်ကြပါတယ်။ အချို့က NVC လျှောက်ထားသူတိုင်းဟာ နိုင်ငံသားဖြစ်ခွင့်မရတော့ကြောင်း တက်ကြွလှုပ်ရှားသူများရဲ့ သတင်းမှားတွေကြောင့် ငြင်းဆန်ကြပါတယ်။ ဒီအချက်အားလုံးဟာ လူမျိုးသုဉ်းစေမှုနဲ့ မည်သို့မျှ မသက်ဆိုင်ပါ။

၂၁။ အခြားနိုင်ငံများနည်းတူ မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဟာ မြန်မာနိုင်ငံသားအားလုံးအပေါ် အခွင့်အရေးတန်းတူပေးထားပါတယ်။ ၎င်းတို့ရဲ့ ဇာစ်မြစ်ကြောင့်လည်းကောင်း၊ ယုံကြည်မှုကြောင့်လည်းကောင်း မည်သူ့အပေါ်မျှ နိုင်ငံရေးအရ ခွဲခြားဆက်ဆံခြင်းမရှိပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၃၉၁-က)အရ အရည်အချင်းပြည့်မီသော နိုင်ငံသားတိုင်း မဲပေးခွင့်ရရှိပါတယ်။ ယင်းတို့အထဲတွင် လက်ရှိရွေးကောက်ပွဲများမှာ မဲပေးရန် အရည်အချင်းပြည့်မီသော ဘင်္ဂါလီများ ၁၅၄၀၄၉ ဦးရှိပါတယ်။

၂၂။ ယခုအခါ မြန်မာနိုင်ငံမှာ အထွေထွေရွေးကောက်ပွဲတစ်ရပ်ကို ၂၈-၁၂-၂၀၂၅ ရက်မှစ၍ အဆင့်သုံးဆင့်ခွဲကာ ကျင်းပလျက်ရှိပြီး ရွေးကောက်ပွဲတွင် လူမျိုးမရွေး၊ ဘာသာမရွေး မဲပေးပိုင်ခွင့်ရှိသည့် ပြည်သူများ လာရောက်မဲပေးခဲ့ကြပါတယ်။ နိုင်ငံရေးပါတီ ၅၇ ပါတီနဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်း ၄၈၆၁ ဦးတို့ဟာ ရခိုင်ပြည်နယ်အပါအဝင် မဲဆန္ဒနယ်ပေါင်းစုံမှာ ပါဝင်ယှဉ်ပြိုင်လျက်ရှိပါတယ်။

၂၃။ လက်ရှိ ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ရောက်ရှိနေတဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် နေထိုင်သူများကို အောင်မြင်စွာ ပြန်လည်လက်ခံနိုင်ရေးအတွက် သန္နိဋ္ဌာန်ချထားပါတယ်ဆိုတာကို ရှင်းလင်းစွာပြောကြားလိုပါတယ်။

၂၄။ မြန်မာဘက်မှ ဘင်္ဂလားဒေ့ရှ်ဘက်သို့ ၁၉၇၈ ခုနှစ်နဲ့ ၁၉၉၂ ခုနှစ်တို့တွင် လူအများအပြားထွက်ခွာမှုရှိခဲ့ပါတယ်။ နှစ်ကြိမ်စလုံးမှာ နှစ်နိုင်ငံ သဘောတူညီနိုင်းချက်များဖြင့် မြန်မာဘက်က ပြန်လည်လက်ခံနိုင်ခဲ့ပါတယ်။

၂၅။ ထို့အတူ ၂၀၁၆ နဲ့ ၂၀၁၇ ဖြစ်စဉ်များနောက်ပိုင်း ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နိုင်ငံအကြား လျင်မြန်စွာ သဘောတူညီချက်များ ပြုလုပ်နိုင်ခဲ့ပြီး ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများဖြင့် ပြန်လည်ဝင်ရောက်လာသူများကို ပြန်လည်လက်ခံနေရာချထားရေး၊ လုံခြုံရေး၊ ပညာရေး၊ ကျန်းမာရေး၊ စားနပ်ရိက္ခာနဲ့ အလုပ်အကိုင်ဖော်ဆောင်ရေးအပါအဝင် အစစအရာရာပြင်ဆင်ဆောင်ရွက်ထားခဲ့ပါတယ်။

၂၆။ ၂၀၁၉ ခုနှစ်မှစ၍ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အတွက် မြန်မာ၊ ဘင်္ဂလားဒေ့ရှ်နဲ့ တရုတ်နိုင်ငံတို့က လုပ်ငန်းအဆင့် သုံးပွင့်ဆိုင် အလွတ်သဘောဆွေးနွေးပွဲများ အဆင့်မြင့်အရာရှိကြီးများအဆင့်နဲ့ ဒုတိယဝန်ကြီးအဆင့် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပါတယ်။ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် ဆောင်ရွက်ထားသည့်အခြေအနေများကိုလည်း သံတမန်များ၊ နေရပ်စွန့်ခွာသူ ကိုယ်စားလှယ်များနဲ့ ပြည်တွင်း၊ ပြည်ပမီဒီယာများကို ဖိတ်ကြားပြသရှင်းလင်းခဲ့ပါတယ်။ ထို့ပြင် NV ကတ် ထုတ်ပေးရေးနဲ့ နိုင်ငံသားလျှောက်ထားနိုင်ရေးအတွက် One Stop Service ဝန်ဆောင်မှုအပါအဝင် ရောက်ရှိလာသူများအတွက် ဘက်ပေါင်းစုံ ပြန်လည်နေရာချထားရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များဖြစ်သည့် ယာယီအသက်မွေးဝမ်းကျောင်းအထောက်အကူပြုပစ္စည်းများနဲ့ ယာယီတည်းခိုရန်နေရာများ၊ ယခင်နေထိုင်ခဲ့သည့် မူလနေရာများနဲ့ အနီးဆုံးနေရာများတွင် နေထိုင်နိုင်ရေးအစီအမံများ၊ လယ်ယာစိုက်ပျိုးနိုင်ရေးအတွက် မြေများ ခွဲဝေချထားရေးအစီအစဉ်များ ဝင်ငွေရရှိနိုင်မည့်အစီအစဉ်များ၊ ဆေးဝါးကုသရေးနှင့် ပညာသင်ကြားရေးဆိုင်ရာနေရာများ စီစဉ်ထားရှိပါတယ်။

၂၇။ မြန်မာနိုင်ငံအနေဖြင့် အစွမ်းကုန်ကြိုးစားဆောင်ရွက်ခဲ့သော်လည်း ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော ကိုဗစ်-၁၉ ကပ်ရောဂါကြောင့်လည်းကောင်း၊ ၂၀၂၃ ခုနှစ် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် တိုက်ခတ်ခဲ့သော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့်လည်းကောင်း၊ အဆိုပါဒေသအတွင်းမှာတွင်ပင်ဖြစ်ပွားခဲ့သော နယ်မြေလုံခြုံရေးမတည်ငြိမ်မှုများကြောင့်လည်းကောင်း အမျိုးမျိုးသောအကြောင်းတရားများကြောင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်မှာ နှောင့်နှေးကြန့်ကြာခဲ့ရပါတယ်။

၂၈။ ယခုတရားရင်ဆိုင်မှုကို အသုံးချပြီး လူမျိုးသုဉ်းစေမှုဆိုင်ရာ ကွန်ဗင်းရှင်းနဲ့မဆိုင်သော လိုရာဆွဲအစီအစဉ်များဖြစ်သည့် "ရိုဟင်ဂျာ" ဆိုသော အမည်နာမကို တရားဝင်အသုံးပြုခွင့်ပြုရေး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများတွင် ရောက်ရှိနေသူများကို မြန်မာနိုင်ငံသို့ ပြန်ရောက်သည်နှင့် အလိုအလျောက်နိုင်ငံသားပေးရန် တောင်းဆိုနေသည်ကို တွေ့ရှိရပါတယ်။

**ဥက္ကဋ္ဌကြီးနှင့် ဂုဏ်သရေရှိတရားသူကြီးမင်းများခင်ဗျား-**

၂၉။ မြန်မာနိုင်ငံက တရားရုံးအနေဖြင့် ယခုအမှုကြားနာစဉ်ကာလအတွင်း လူမျိုးသုဉ်းစေမှုဆိုင်ရာ ကွန်ဗင်းရှင်း၏ ၁၉၄၈ ခုနှစ်တွင် အလေးထားညှိနှိုင်းသဘောတူထားပြီးဖြစ်သော အဓိပ္ပာယ်ဖွင့်ဆိုချက်များနဲ့သာ ယှဉ်ထိုးသုံးသပ်ပြီး ယင်းတို့ထက် ပိုမိုဆောင်ရွက်ခြင်းမပြုပါရန်နဲ့ ဤကွန်ဗင်းရှင်းနဲ့ပတ်သက်၍ တရားရုံးက ကောင်းစွာဆုံးဖြတ်ဆောင်ရွက်ထားပြီးဖြစ်သော ဘော့စနီးယားနိုင်ငံနဲ့ ခရိုအေးရှားနိုင်ငံ အမှုတို့တွင် လိုက်နာကျင့်သုံးခဲ့သော အမှု၏စီရင်ထုံးဥပဒေကိုသာ လိုက်နာရန် တင်ပြတောင်းဆိုလိုပါတယ်။ မြန်မာနိုင်ငံက တရားရုံးအနေဖြင့် သက်သေအထောက်အထားများကို အသေးစိတ်ကြည့်ရှုစေလိုပြီး အချက်အလက်များကို တရားသူကြီးများ၏ ဆင်ခြင်တုံတရားနဲ့သာ ဆုံးဖြတ်စေလိုပါတယ်။ တရားရုံးအနေဖြင့် လွတ်လပ်စွာ၊ မျှတစွာ ဆောင်ရွက်မည်၊ သက်သေအထောက်အထားများကို အထောက်အထားဆိုင်ရာ စည်းမျဉ်းများအပါအဝင် ရှိရင်းစွဲဥပဒေစည်းမျဉ်းများနဲ့အညီ ယထာဘူတကျကျ သုံးသပ်မည်ဟု မြန်မာနိုင်ငံက ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံသည် မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သောအချက်အလက်စုဆောင်းရေးအဖွဲ့(FFM)၊ မြန်မာနိုင်ငံအတွက် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တရား(IIMM)တို့၏ ဘက်လိုက်မှုကို လက်မခံသကဲ့သို့ ဂမ်ဘီယာက အသုံးပြုသည့်အချက်အလက်များမှာ တိကျမှုနဲ့ ယုံကြည်စိတ်ချမှုရှိသည်ကို လက်မခံပါ။ သို့ဖြစ်ရာ တရားရုံးအနေဖြင့် သက်သေအထောက်အထားများကို ကိုယ်တိုင်တွက်ဆပြီး အခြားအဖွဲ့အစည်းများ၏ သုံးသပ်ချက်၊ ထင်မြင်ချက် အထူးသဖြင့် ခိုင်လုံသည့်သက်သေများမဟုတ်ပါက ယုံကြည်ကိုးကားခြင်း မပြုစေလိုပါ။

၃၀။ တရားရုံးသည် နိုင်ငံများအချင်းချင်း ပဋိပက္ခများဖြေရှင်းရေးဆိုသည့် အလွန်အရေးကြီးသည့် အဓိကတာဝန်ကို ထမ်းဆောင်ပါတယ်။ အချို့က တရားရုံးကို ကမ္ဘာ့အလယ်တွင် နိုင်ငံရေးလှုပ်ရှားသည့် နေရာအဖြစ်အသုံးချပြီး ကြွားဝါခြင်း၊ အရေးပါကြောင်းပြသခြင်း သို့မဟုတ် စာချုပ်များ၏ အနှစ်သာရထက် စာချုပ်များကို နိုင်ငံရေးအကျိုးအမြတ်အတွက် အလွယ်တကူအသုံးပြုနိုင်ရန် ဆောင်ရွက်ကြပြီး တရားရုံး၏ အဓိကတာဝန်ကို အထင်သေးကြပါတယ်။

၃၁။ သို့ဖြစ်ရာ တရားရုံးအနေဖြင့် ယခင်က တည်ဆောက်ခဲ့သည့်ဥပဒေများ၏ အရေးကြီးမှုကိုသိရှိပြီး နိုင်ငံများ ပါဝင်အသုံးပြုနိုင်ရန်ရည်ရွယ်ချက်ဖြင့် စာချုပ်များထိရောက်အောင် ဆောင်ရွက်လေ့ရှိပါတယ်။ ယင်းအချက်မှာ အငြင်းပွားဖွယ်ရာမရှိပါ။ တရားဥပဒေစိုးမိုးရေးအတွက်လဲ အလွန်အရေးကြီးပါတယ်။ နိုင်ငံတကာအသိုက်အဝန်းကလဲ ပဋိပက္ခများဖြေရှင်းနိုင်ရေးအတွက် တရားရုံးအပေါ် ယုံကြည်အားကိုးကြခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌကြီးနှင့် ဂုဏ်သရေရှိတရားသူကြီးမင်းများခင်ဗျား-**

၃၂။ ဥက္ကဋ္ဌကြီးနှင့် တရားသူကြီးများကို ကျေးဇူးတင်ရှိပါတယ်။ ဆက်လက်ပြီး ဒေါက်တာစတိတ်ကာကို လျှောက်လဲခွင့်ပေးဖို့ တင်ပြလိုပါတယ်။

# စွမ်းအင်ပြတိုက်ကို အများပြည်သူများ လာရောက်လေ့လာကြည့်ရှုမှုများပြား

**နေပြည်တော် ဇန်နဝါရီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ သန်လျင်ရေနံချက်စက်ရုံဝင်းအတွင်းတွင် စွမ်းအင်ဝန်ကြီးဌာန နှစ် ၄၀ ပြည့် ပတ္တမြားရတုအထိမ်းအမှတ်နှင့် သန်လျင်ရေနံချက်စက်ရုံ ရာပြည့်အထိမ်းအမှတ်အနေဖြင့် စွမ်းအင်ပြတိုက်ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်မှစတင်၍ တနင်္လာနေ့မှအပ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီထိ ဖွင့်လှစ်ထားရှိသည်။

ယခုအခါ အဆိုပါစွမ်းအင်ပြတိုက် ဖွင့်လှစ်သည့်နေ့မှစ၍ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်)၊ နည်းပညာတက္ကသိုလ်(သန်လျင်)၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်(သန်လျင်)နှင့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်တို့မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ကြက်ခြေနီသူနာပြုတပ်ဖွဲ့များ၊ ရန်ကုန်မြို့နှင့် သန်လျင်မြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ သီလဝါအထူးစီးပွားရေးဇုန်ရှိ လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီများမှ နိုင်ငံခြားသားလုပ်ငန်းရှင်များ၊ တပ်မတော်မှ အငြိမ်းစားအရာရှိကြီးများနှင့် စွမ်းအင်ဝန်ကြီးဌာနမှ အငြိမ်းစားဝန်ထမ်းများ လာရောက်လေ့လာကြည့်ရှုကြရာ ပြတိုက်မှ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

စွမ်းအင်ပြတိုက်တွင် မြန်မာ့စွမ်းအင်ကဏ္ဍ၏ သမိုင်းကြောင်းများကိုသိရှိစေရန်၊ စွမ်းအင်ကဏ္ဍ၏ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို သိရှိစေရန်နှင့် အနာဂတ်မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူများအတွက် စွမ်းအင်ကဏ္ဍနှင့် ပတ်သက်သည့် လုပ်ငန်းစဉ်များကို တစ်နေရာတည်းတွင် သိရှိလေ့လာနိုင်ရန် ရည်ရွယ်၍ ပဒေသရာဇ်ခေတ်မှစ၍ ယနေ့ကာလထိ ခေတ်အလိုက်စုစည်းပြသထားသော ပြကွက်များ၊ သမိုင်းကြောင်းများ၊ အထောက်အထားစာရွက်စာတမ်းများ၊ ပုံစံငယ်များ၊ အသုံးအဆောင်ပစ္စည်းများ၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်မှုလုပ်ငန်းစဉ်များ၊ ရေနံတူးဖော်ထုတ်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများ၊ ရုပ်ကြွပုံစံငယ်များ၊ ကမ်းလွန်လုပ်ကွက်များနှင့် သန်လျင်ရေနံချက်စက်ရုံ ရာပြည့် အထိမ်းအမှတ်ပြခန်းများ၊ စက်ရုံပုံစံငယ်များ၊ စွမ်းအင်ကဏ္ဍ၏ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်သည့်ပြခန်းများကို ရုပ်လုံးရုပ်ကြွပုံစံငယ်များဖြင့် စနစ်တကျခင်းကျင်းပြသထားလျက်ရှိသည်။ အဆိုပါ စွမ်းအင်ပြတိုက်သို့ စတင်ဖွင့်လှစ်သည့်နေ့မှစ၍ ယနေ့အချိန်ထိ စိတ်ပါဝင်စားပြီး လာရောက်လေ့လာကြည့်ရှုသူ ၁၂၈၇ ဦးခန့် ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# တပ်အခြေစိုက်စခန်းနဲ့ ရဲစခန်း ၃၀ တိုက်ခိုက်ခံရပြီး ရွာပေါင်း ၈၀ လောက် အဲဒီနံနက်မှာပဲ တိုက်ခိုက်ခံခဲ့ရတယ်။ ကမ္ဘာ့အကြီးမားဆုံး အကြမ်းဖက်မှုအဖြစ် မှတ်သားရမယ်လို့ပြောရတဲ့ အကြောင်းရင်းကတော့ မယုံနိုင်ရလောက်တဲ့ ကိန်းဂဏန်းတွေကြောင့်ပဲဖြစ်တယ်။ အဲဒီအဖြစ်အပျက်ကို ပြန်တွေးတိုင်း နယူးယောက်က အကြမ်းဖက်မှုဖြစ်ရပ် 9 / 11 ကို ပြန်သတိရမိတယ်

**အမေရိကန်နိုင်ငံသား စာရေးဆရာ Rick Heizman)**

ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်ပြီး ကြားနာပွဲကို ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ တရားရုံးတွင် ပြုလုပ်လျက်ရှိသည်။

အဆိုပါ ကြားနာပွဲနှင့်ပတ်သက်ပြီး နိုင်ငံတော်ယာယီသမ္မတ၏ အကြံပေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာရင်ရင်နွယ်နှင့် အမေရိကန်နိုင်ငံသား စာရေးဆရာ Mr. Rick Heizman တို့၏ ပြောကြားချက်များကို ဖော်ပြအပ်ပါသည်။

**ဒေါက်တာရင်ရင်နွယ်**
**အဖွဲ့ဝင်၊ နိုင်ငံတော်ယာယီသမ္မတ၏ အကြံပေးအဖွဲ့**

စစချင်းပြောချင်တာကတော့ ICJ မှာ အခုပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်ပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာသီတာဦး ပါဝင်တဲ့ အဖွဲ့ဝင်တွေ ကျွန်မတို့ရုံးက အကြံပေး ဒေါ်ခင်ဦးလှိုင်လည်း ပါသွားတယ်။ သွားရှင်းပြတာကို ကျွန်မအနေနဲ့ အပြည့်အဝ ထောက်ခံပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီလို ၂၀၁၆ နဲ့ ၂၀၁၇ မှာ ဒီကိစ္စတွေ၊ ဘင်္ဂါလီတွေကို လူမျိုးသုဉ်းစေမှုဖြစ်စေတယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ပတ်သက်ပြီး ဖြစ်တဲ့နှစ်တွေမှာ ဒီအစိုးရမတိုင်ခင်က အဖြစ်မှန်တွေကို သက်သေအထောက်အထားနဲ့ ထောက်ပြတင်ပြတာ နိုင်ငံတကာအသိုင်းအဝိုင်းကို ဒါပထမဦးဆုံးအကြိမ်လို့ပဲ ပြောရမယ်။ အဲဒီတော့ ဒါပထမဦးဆုံးအကြိမ် ဒီအစိုးရလက်ထက်မှာ မှန်မှန်ကန်ကန်ဖြစ်စဉ်တွေကို ရှင်းပြတာပဲ။ ကိုယ့်ရှုထောင့်ကနေ အထောက်အထားတွေနဲ့ နိုင်ငံတော်ရှုထောင့်၊ နိုင်ငံ့အချုပ်အခြာရှုထောင့်၊ တိုင်းရင်းသားတွေရဲ့ ရှုထောင့်ကနေ တင်ပြနိုင်တာ ဒါပထမဦးဆုံးအကြိမ် ဖြစ်ပါတယ်။ ဟိုအရင်အစိုးရတုန်းက အဲဒီတင်ပြတဲ့အဆင့်လောက် မရောက်ခဲ့ဘူး။ အဲဒီတုန်းကလည်း ကျွန်မ နားထောင်ခဲ့ပါတယ်။ အဖြစ်အပျက်အမှန်ကို တင်ပြခြင်းအထိ မရောက်ခဲ့ပါဘူး။

ဆက်ပြီးပြောရမယ်ဆိုရင် အခုလောလောဆယ် သည်ဟိတ်ဂ်မြို့မှာဖြစ်နေတဲ့ ICJ ကိစ္စ။ မြန်မာနိုင်ငံက ဂမ်ဘီယာနဲ့ အမှုဖြစ်နေတယ်။ အမှုဖြစ်နေတာက ဂမ်ဘီယာက စွပ်စွဲတာ။ ကျွန်မအနေနဲ့ ပထမကဏ္ဍဖြစ်ပြီး ဒီကိစ္စမှာ အရေးပါအရာရောက်တဲ့ ကိုဖီအာနန် ကော်မရှင်နဲ့ပတ်သက်ပြီး နည်းနည်းရှင်းပြချင်ပါတယ်။ ကိုဖီအာနန်ဆိုတာက ကျွန်မကိုယ်တိုင်လည်း ကမ္ဘာ့ကုလသမဂ္ဂမှာ လုပ်ခဲ့တော့ ကျွန်မသူနဲ့လည်း စကားပြောဖူးပါတယ်။ သူက ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တွေထဲမှာ သတ္တမမြောက် အတွင်းရေးမှူးချုပ် ဖြစ်ပါတယ်။ သူက ၁၉၉၆ ကနေ ၂၀၀၇ ခုနှစ်အထိ လုပ်ခဲ့ပါတယ်။

ပထမအချက် ကျွန်မပြောချင်တာက သူ့ကို Report ကို ဦးဆောင်ဖို့ ဘာကြောင့်ရွေးလိုက်သလဲဆိုတာ ရှင်းရှင်းပြောရရင် ကျွန်မသိပ်ပြီး နားမလည်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုဖီအာနန်ရဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိပဲဖြစ်ဖြစ်၊ UN ကထုတ်တဲ့ အတ္ထုပ္ပတ္တိပဲဖြစ်ဖြစ် အတ္ထုပ္ပတ္တိတစ်ခုခုကို ကြည့်လိုက်မယ်ဆိုရင် ကိုဖီအာနန်က ကုလသမဂ္ဂမှာရှိတဲ့ နိုင်ငံတွေရဲ့ အချုပ်အခြာအာဏာကို သိပ်အလေးမထားတဲ့ အတွင်းရေးမှူးချုပ်လို့ပဲ ကျွန်မသုံးသပ်ရမှာပဲ။ ဥပမာပြောရမယ်ဆိုရင် ဆားဘီးယားနိုင်ငံပေါ့။ သူက သူ့ဟာသူ နိုင်ငံသက်သက်ရှိတာ။ ဆားဘီးယားနိုင်ငံကို ကိုဆိုဗိုကိစ္စနဲ့ သူတို့ပဋိပက္ခတွေဖြစ်တုန်းက ဒါကပြည်တွင်းရေးပဋိပက္ခ။ နိုင်ငံတော်တော်များများက ပြည်တွင်းရေး ပဋိပက္ခလို့ သတ်မှတ်ထားတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုဆိုဗိုက အစ္စလာမ်ဘာသာများတဲ့ ပြည်နယ်ဆိုပြီး သူတို့က ခွဲထွက်ချင်တယ်။ ခွဲထွက်ချင်တော့ ဥရောပတိုက်က နိုင်ငံတော်တော်များများက အဲဒီခွဲထွက်မှုကို အားပေးတယ်။ ဆားဘီးယားနဲ့ ဥပမာ အာရှတိုက်နိုင်ငံတွေ ဘာတွေကတော့



ဒေါက်တာရင်ရင်နွယ်

အားမပေးဘူးပေါ့။

အဲဒီအချိန်မှာ ဆားဘီးယားကို အတင်းအကျပ်ဝင်တိုက်ဖို့ UN မှာလည်း သဘောမတူနိုင်ဘူး။ သဘောမတူနိုင်တော့ ဘာလုပ်သလဲဆိုတော့ ကိုဖီအာနန်ရဲ့ ခွင့်ပြုချက်နဲ့ အမိန့်အရ နေတိုးလေယာဉ်ပျံတွေ၊ အထူးသဖြင့် အမေရိကန်လေယာဉ်ပျံတွေက ဆားဘီးယားကို ဗုံးကြဲလိုက်တယ်။ ၁၉၉၉ ခုနှစ်မှာ သူအတွင်းရေးမှူးချုပ်ဖြစ်နေပြီ၊ မတ်လကနေ မေလအထိ ဗုံးကြဲတယ်။ ဗုံးကြဲရင်းနဲ့ တရုတ်သံရုံးကို သွားထိတယ်။ အရင် ယူဂိုဆလားဗီးယားနိုင်ငံမှာ ရှိတဲ့ ဆားဘီးယားမြို့တော်ဖြစ်တဲ့ ဘဲလ်ဂရိတ်မြို့တော်မှာ တရုတ်သံရုံးကိုသွားထိတော့ တရုတ်သတင်းထောက်သုံးဦး သေသွားတယ်။ သံရုံးက တရုတ်လူမျိုးတွေ ၂၁ ယောက်လောက် ဒဏ်ရာရတယ်။ ဒါက ကုလသမဂ္ဂက ခွင့်ပြုထားတဲ့ ဗုံးကြဲခြင်းလည်းမဟုတ်ဘူး။ သူ့ဟာသူ တစ်ဖက်သတ်အနိုင်ကျင့်တယ်လို့ပဲ တော်တော်များများနိုင်ငံတွေက ယူဆကြတယ်။ ဒီတော့ ကိုဆိုဗိုခွဲထွက်တော့လည်း ဥရောပတိုက်က အားပေးတယ်။ ဗုံးကြဲတဲ့ ဖိအားတွေနဲ့ဆိုတော့ ဆားဘီးယားက ကိုဆိုဗိုကို ခွဲထွက်တာတော့ ခွင့်မပြုဘူး။ ဒါပေမဲ့ ခွဲထွက်ခံလိုက်ရတယ်။ ဒီနေ့အထိလည်း ကိုဆိုဗိုကို သီးခြားနိုင်ငံအဖြစ် အသိအမှတ်မပြုတဲ့အစိုးရတွေက ကမ္ဘာပေါ်မှာ ပိုများတယ်။ အနောက်နိုင်ငံတွေကတော့ အသိအမှတ်ပြုတယ်။

အဲဒီတော့ ကျွန်မဆိုလိုတာက ကိုဆိုဗိုနဲ့ ဆားဘီးယားကိစ္စမှာ နိုင်ငံရဲ့အချုပ်အခြာဖြစ်တဲ့ ဆားဘီးယားရဲ့လိုအပ်ချက်တွေကို၊ နောက်ပြီး သူ့ရဲ့ ဥပဒေဘောင်တွေ၊ ဘာတွေမစဉ်းစားဘဲ တစ်ဖက်သတ် ဒီလိုဗုံးကြဲခိုင်းတာတော့ အဲဒီနိုင်ငံကို မလေးစားလို့ပဲလို့ ကျွန်မတို့သတ်မှတ်ရမယ်။ ဆားဘီးယားနိုင်ငံရဲ့ အချုပ်အခြာအာဏာကို မလေးစားဘူး။ ဒါ ၁၉၉၉ ဆိုတော့ အဲဒီကတည်းက ကိုဖီအာနန်က အတွင်းရေးမှူးချုပ်ဖြစ်နေပြီ။ သူက ၂၀၀၇ ခုနှစ်အထိဖြစ်တာ။ ဘယ်သောအခါမှ ကျွန်မတို့နိုင်ငံမှာရှိတဲ့ ခွဲထွက်တဲ့ကိစ္စတွေ၊ ခွဲထွက်ဖို့ တောင်းဆိုတဲ့ ဘင်္ဂါလီတောင်းဆိုချက်တွေ ဘာတွေ၊ လူမျိုးအရ နိုင်ငံတော်က သတ်မှတ်တဲ့ အခေါ်အဝေါ်နဲ့ မသတ်မှတ်ဘဲ တခြားအခေါ်အဝေါ်နဲ့ သတ်မှတ်တာတွေ၊ ဒီလို နိုင်ငံတော်အချုပ်အခြာကို လာထိပါးတဲ့ကိစ္စတွေမှာ ရှင်းရှင်းပြောရင် ကော်မရှင်တစ်ခုဖွဲ့ပြီး ကိုဖီအာနန်ကို အဲဒီကော်မရှင်ဥက္ကဋ္ဌအနေနဲ့ ခန့်မယ်လို့ ကျွန်မကမထင်ခဲ့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ့လုပ်ရပ်တွေအားလုံးက နိုင်ငံတစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာကို သူအလေးမထားဘူးဆိုတာ ပြနေတယ်လို့ ကျွန်မတို့ ယူဆခဲ့တယ်။

အဲဒီအချိန်မှာ မြန်မာနိုင်ငံအစိုးရက ကိုဖီအာနန်ပါဝင်တဲ့ ကော်မရှင်ဖွဲ့မယ်ဆိုတော့ လွှတ်တော်ထဲမှာ ရခိုင်ပါတီ(ANP)နဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ (USDP) တို့က ကန့်ကွက်ကြတယ်။ မလုပ်ပါနဲ့။ ကျွန်တော်တို့၊ ကျွန်မတို့ သဘောမတူကြဘူးပေါ့လေ။ ဒါပေမဲ့ အဲဒီလို ကန့်ကွက်ချက်တွေကို နားမထောင်ဘူး။ လွှတ်တော်ကို ပေးမဆုံးဖြတ်ဘဲ အဲဒီအချိန်ကလုပ်ခဲ့တဲ့ နိုင်ငံ့ခေါင်းဆောင်တွေက ကိုဖီအာနန်ကို ကော်မရှင်ဖွဲ့ခိုင်းပြီး အဲဒီမှာ စုံစမ်းခိုင်းတယ်။ စစ်ဆေးခိုင်းတယ်။ အဲဒါပြီးတော့ အစီရင်ခံစာထုတ်ခိုင်းတယ်။

ဒုတိယကဏ္ဍအနေနဲ့ ပြောရမယ်ဆိုရင် ကိုဖီအာနန်ကော်မရှင်ကိုဖွဲ့ပြီး သူတို့က ကွင်းဆင်းပြီး အစီရင်ခံစာထုတ်တော့ ဘယ်လိုဖြစ်လာသလဲဆိုတာပြောရမယ်။ ပထမအချက်ကတော့ ကွင်းဆင်းနေတုန်းပဲ ဘင်္ဂါလီမိသားစုတွေ၊ ဘင်္ဂါလီရွာတွေကို သူတို့ကသွားပြီး ကိုယ်တွေ့ အင်တာဗျူးတွေ၊ ကိုယ်တွေ့ စစ်ဆေးရေးတွေလုပ်တယ်။ သူတို့ အင်တာဗျူးတွေလုပ်နေတုန်း ဖုန်းကဝင်လာတယ်။ ဖုန်းတွေဝင်လာပြီး ချက်ချင်းပဲ သူတို့ကိုယ်သူတို့ မွတ်ဆလင်ခေါ်ရာကနေ ရိုဟင်ဂျာဆိုပြီးခေါ်တယ်။ အဲဒီအချက်ကိုကြည့်လိုက်ရင် အပြင်ကနေ တစ်ဦးဦးက ဒီနာမည်ကိုသုံးအောင် ကြိုးကိုင်နေတဲ့ သဘောရှိတယ်။

တတိယအချက်က အဲဒီအစီရင်ခံစာထွက်လာတော့ နိုင်ငံတော်အနေနဲ့ ဒါတွေကို အကောင်အထည်ဖော်ဖို့ အင်မတန်ခက်တဲ့ အချက်တွေပါတယ်။ အဲဒီအချက်တွေက ဘာတွေလဲဆိုတာ ကျွန်မအနေနဲ့ အနည်းငယ်ပြောလိုပါတယ်။ ဒါပေမဲ့ အဲဒီလို မပြောခင် အကောင်အထည်ဖော်လို့ ခက်တယ်ဆိုတော့ အကောင်အထည်မဖော်တော့ ဘာဖြစ်သလဲဆိုရင် နိုင်ငံတော်အနေနဲ့ အပြောခံထိတာပေါ့။ ကိုဖီအာနန်လို အထင်ကရပုဂ္ဂိုလ်ကြီးထောက်ခံတဲ့ အစီရင်ခံစာ၊ သူကိုယ်တိုင်ပါခဲ့တဲ့ အစီရင်ခံစာမှာ ဘာကြောင့် ဒီလိုထောက်ခံတဲ့အတိုင်း မလုပ်သလဲဆိုတာ အဲဒီလိုမေးစရာတွေ ဖြစ်လာတယ်။ ဖြစ်လာတော့ အဲဒီအချိန်မှာ နိုင်ငံတော်က ခေါင်းဆောင်တွေကလည်းပြောတယ်။ အဲဒီအတိုင်း လုပ်ပါမယ်ဆိုပြီး ကတိပေးတယ်။ အခုအချိန်ကတော့ အချိန်တွေလည်း အများကြီး ကုန်ခန်းသွားပါပြီ။ ရခိုင်ပြည်နယ်အခြေအနေကလည်း အင်မတန်ပြောင်းလဲသွားပါပြီ။ အဲဒါတွေကို အကောင်အထည်ဖော်လို့ လွယ်သလား၊ မလွယ်ဘူးလားဆိုတာ နိုင်ငံသားတွေ ကိုယ့်ဘာသာကိုယ်ဆုံးဖြတ်ပါ။

အကောင်အထည်ဖော်ဖို့ အခက်အခဲတွေ့မှာကတော့ ပထမဦးဆုံး နိုင်ငံသားဥပဒေပါ။ နိုင်ငံသားဥပဒေက အခုအချိန်မှာ နိုင်ငံတော်အပေါ် သက်ရောက်တာက ၁၉၈၂ နိုင်ငံသားဥပဒေ။ အဲဒီအတိုင်း နိုင်ငံသားလိုချင်ရင် နိုင်ငံသားဥပဒေနဲ့ဘောင်ညီအောင် နိုင်ငံသားအဖြစ် လျှောက်ရမယ်။ မှတ်ပုံတင်လျှောက်ရမယ်။ ဒါက ဘယ်ဘာသာ ဘယ်လူမျိုးကိုမှ ပစ်မှတ်ထားပြီးလုပ်တဲ့ ဥပဒေမဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် ကျွန်မကိုယ်တိုင်လည်း ရှမ်းပြည်နယ်မှာနေပြီး ရှမ်းပြည်နယ်မှာ ကြီးခဲ့တာပဲ။ အဲဒီအချိန်တုန်းက ရှမ်းနဲ့တရုတ်နယ်စပ်မှာဆိုရင် တရုတ်လူမျိုးတွေလည်း ဒီဥပဒေကို ဘယ်လိုပဲ ပြောပြောလိုက်နာရတာပဲလေ။ တချို့တွေက နိုင်ငံသားကတ်ပြားရှိချင်ရှိမယ်။ အဖေက ရှိချင်မှရှိမယ် ဒီလိုမျိုးတွေပေါ့။

ဒီတော့ ကိုဖီအာနန်ကော်မရှင်ရဲ့ အစီရင်ခံစာက ဘယ်လိုထွက်သလဲဆိုရင် အဲဒီထဲမှာ ဝေဖန်ထားတဲ့ မြန်မာနိုင်ငံ နိုင်ငံသားဥပဒေသည် နိုင်ငံတကာအဆင့်အတန်းနဲ့ နိုင်ငံတကာသတ်မှတ်ချက်တွေနဲ့ မမီဘူးလို့ပြောထားတယ်။ ဒီဥပဒေကို ပြန်လည်ဆန်းစစ်ပြီး ပြင်သင့်သလိုပြင်ရမယ်ပေါ့ အဲဒီလိုပြောထားတယ်။အဓိကကဘာလဲဆိုတော့ တစ်အချက်က ကျွန်မအနေနဲ့ သုံးသပ်တာပါ။ ဒါက လူတိုင်းလည်း သုံးသပ်နိုင်ပါတယ်။ နိုင်ငံတကာစံဆိုတာ ဘာလဲ။ နိုင်ငံသားဥပဒေမှာ နိုင်ငံတကာစံရှောရှိသလား။ ဗြိတိန်နိုင်ငံသားဖြစ်ဖို့ရာ သူ့ဟာသူ သတ်မှတ်ချက်ရှိမယ်။ အမေရိကန်နိုင်ငံသားဖြစ်ဖို့ရာလည်း ကျွန်မကြားဖူးသလောက် သတ်မှတ်ချက်ရှိတယ်။ ဘယ်အခြေအနေတွေကိုပြည့်စုံအောင်လုပ်ရမယ်ဆိုတာတွေပါတယ်။ ထိုင်းနိုင်ငံသားဖြစ်ဖို့ရာလည်း သတ်မှတ်ချက်တွေရှိတယ်။ ကျွန်မတို့ မြန်မာနိုင်ငံသားဖြစ်ဖို့ကျတော့ ပထမသတ်မှတ်ချက်တွေ အများကြီးရှိပါတယ်။ ဒီသတ်မှတ်ချက်တွေကြားထဲမှာ သတ်မှတ်ချက် ထင်ထင်ရှားရှား တစ်ခုကတော့ တိုင်းရင်းသားဘာသာစကားတစ်ခုကို ကျွမ်းကျွမ်းကျင်ကျင်ပြောနိုင်ရမယ်ဆိုတော့ ဒီဟာတွေက ဘယ်လိုမှ နိုင်ငံတကာစံနှုန်းနဲ့ သွားနှိုင်းလို့မရဘူး။ နိုင်ငံတကာစံနှုန်းနဲ့ညီအောင် ပြန်ဆန်းစစ်ပြီး ပြောင်းသင့်တာ ပြောင်းပေးရမယ်ဆိုတော့ မခက်ပေဘူးလား။ ဒါက အင်မတန် အကောင်အထည်ဖော်လို့မလွယ်တဲ့ အကြံပြုချက်၊ သတ်မှတ်ချက်ဖြစ်နေတယ်။

ဒုတိယတစ်ချက်က ကိုဖီအာနန်ကော်မရှင်က မကြိုက်တာ နိုင်ငံသားကလည်း အဆင့်အမျိုးမျိုးရှိတယ်။ တခြားနိုင်ငံတွေမှာ နိုင်ငံသားအမျိုးအစားမရှိတာတော့ မဟုတ်ပါဘူး။ မြန်မာနိုင်ငံလောက်တော့ သတ်မှတ်ချက်မများဘူးတဲ့။ ကိုယ်တွေရဲ့ နိုင်ငံသားဥပဒေကို ပြန်ကြည့်တဲ့အခါ တကယ်တော့ နိုင်ငံသားဆိုတဲ့အထဲမှာ နိုင်ငံသားမဟုတ်တဲ့သူ မဟုတ်ဘဲနဲ့ နိုင်ငံသားဖြစ်တဲ့သူတွေထဲမှာပဲ နိုင်ငံသားဆိုတာ သတ်မှတ်ချက်ရှိတယ်။ အဲဒါကတော့ မွေးကတည်းက နိုင်ငံသား။ ၁၈၂၃ ခုနှစ်မတိုင်ခင်ကတည်းက ကိုယ့်ရဲ့ မိဘ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင်တွေက မြန်မာပြည်ကိုရောက်ပြီး အဲဒီမိသားစုတွေက ဆင်းသက်လာတဲ့ တိုင်းရင်းသားလူမျိုးတွေပေါ့။ ဒါတွေအားလုံးကတော့ မွေးရာပါနိုင်ငံသားတွေပါ။ နောက်တစ်ခုကတော့ ဧည့်နိုင်ငံသားဆိုပြီးရှိတယ်။ ဧည့်နိုင်ငံသားဆိုတော့ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံသားအက်ဥပဒေလုပ်လိုက်တယ်။ အဲဒီအက်ဥပဒေအရ နိုင်ငံသားဖြစ်လာတဲ့ပုဂ္ဂိုလ်ကို ဧည့်နိုင်ငံသားလို့ခေါ်တယ်။

သတင်းအဖွဲ့

စာမျက်နှာ ၂၂ သို့

စာမျက်နှာ ၂၁ မှအဆက်

နောက်တစ်ခုက နိုင်ငံသားပြုခွင့်ရသူ။ ၁၉၈၂ နိုင်ငံသားဥပဒေနဲ့ လျှောက်ထားတဲ့သူတွေ အမျိုးမျိုး ရှိတယ်။ ဒါတွေကလည်း ကျွန်မတို့နိုင်ငံသားဥပဒေရဲ့ တစ်စိတ်တစ်ပိုင်းပဲ။ ဒါတွေကိုပါ ပြောင်းပစ်ရမယ်ဆိုတော့လည်း အမျိုးအစားတွေမရှိအောင် ထားရမယ်ဆိုတော့ တစ်နိုင်ငံနဲ့တစ်နိုင်ငံကမတူဘူး။ တချို့နိုင်ငံတွေက နိုင်ငံသားဖြစ်တယ်၊ နိုင်ငံသားမဖြစ်ဘူးဆိုပြီး ရှိရင်ရှိမှာပေါ့။ တချို့နိုင်ငံတွေကလည်း နိုင်ငံသားမှာမှ အဆင့်အမျိုးမျိုး ရှိတာတွေ ရှိပါတယ်။ အဲဒီနှစ်ချက်အနေနဲ့ပဲ နိုင်ငံတကာ စံသတ်မှတ်နှုန်းတွေ၊ စံသတ်မှတ်ထားတဲ့အတိုင်း ဖြစ်သင့်တယ်။ နောက်တစ်ခုက နိုင်ငံသားက အမျိုးအစားမခွဲသင့်ဘူးဆိုတာနဲ့ပဲ အကောင်အထည်ဖော်ရတာပေါ့။ လောလောဆယ် သူပြောတဲ့အခြေအနေမှာ ရခိုင်ပြည်နယ်မှာက အရေးပေါ်ဖြစ်နေတယ်။ မြန်မာနိုင်ငံကလည်း ရခိုင်ပြည်နယ်နဲ့ ပတ်သက်လို့က အရေးပေါ်အခြေအနေပဲ။ အဲဒီအခြေအနေမှာ ဘယ်လိုမှ ၁၉၈၂ နိုင်ငံသားဥပဒေကိုတော့ ပြောင်းလို့ရမှာမဟုတ်ဘူး။ အဲဒါကို ကျွန်မ မီးမောင်းထိုးပြချင်ပါတယ်။

နောက် တတိယအချက်အနေနဲ့ ရခိုင်ပြည်နယ် အဝင်အထွက်ကို သတင်းထောက်တွေကအစ နိုင်ငံတကာသတင်းထောက်တွေ၊ နိုင်ငံတကာပုဂ္ဂိုလ်တွေကအစ ရခိုင်ပြည်နယ်အဝင်အထွက် အားလုံးကို ခွင့်ပြုရမယ်။ ဘာမှလုံခြုံရေးကန့်သတ်ချက်တွေ မရှိရဘူးဆိုတာလည်း ပါဝင်တယ်။ ဒါကြောင့် အဲဒီအချိန်မှာ စောစောက ပြောခဲ့တဲ့အတိုင်းပဲ အရေးပေါ်အခြေအနေဖြစ်နေပြီး အင်မတန်တင်းမာနေတယ်။ တင်းမာနေတယ်ဆိုတာ ကိုယ်နဲ့မဟုတ်ဘူးနော်။ တပ်မတော်နဲ့လည်း မဟုတ်ဘူး။ ရှင်းရှင်းပြောရရင် အဲဒီတုန်းကတော့ ရခိုင်တိုင်းရင်းသားတွေနဲ့ ဘင်္ဂါလီနဲ့က တင်းမာနေတဲ့အချိန်မှာ လုံးဝလွှတ်ပေးလိုက်လို့လည်း မဖြစ်ဘူးလေ။ အဲဒီလုံခြုံရေးစည်းမျဉ်းတွေ ဘာတွေရှိခဲ့တယ်။ အသွားအလာ စည်းမျဉ်းတွေ။ စတုတ္ထအချက်က ဘာလဲဆိုတော့ နယ်ခြားစောင့်တပ်တွေပါအားလုံး ရခိုင်ပြည်မှာရှိတဲ့ လုံခြုံရေးပုဂ္ဂိုလ်တွေ အားလုံးကို ရဲတွေပဲ ရှိစေချင်တယ်ပေါ့။ အဲဒီပုံစံပြောတော့လည်း နည်းနည်းလက်တွေ့မကျဘူးပေါ့လေ။ ဘာဖြစ်လို့လဲဆိုတော့ တပ်မတော် အခန်းကဏ္ဍမပါလို့မှမရတာ။ အဲဒီလိုပြောချင်တာပါ။

**အမေရိကန်နိုင်ငံသား စာရေးဆရာ Rick Heizman ၏ ပြောကြားချက်**

ကျွန်တော်က အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကိုမှ အမေရိကန်နိုင်ငံသား Rick Heizman ဖြစ်ပါတယ်။ အခုအချိန်မှာတော့ မြန်မာနိုင်ငံမှာ နေထိုင်နေပါတယ်။ ၁၉၈၁ ခုနှစ် ကစပြီး မြန်မာနိုင်ငံကို အကြိမ်တော်တော်များများ ရောက်ဖူးပါတယ်။ ရခိုင်ပြည်နယ်ကိုလည်း ၁၉၉၆ ခုနှစ်ကစပြီး အကြိမ်တော်တော်များများ ရောက်ဖူးပါတယ်။

အခု ရခိုင်တွေနဲ့ ဘင်္ဂါလီတွေအကြား ပဋိပက္ခတွေအကြောင်း ပြောပါမယ်။ မှတ်သားရမယ့်အချက်တစ်ချက်ရှိတာကတော့ ဒီပဋိပက္ခက အချိန်အကြာကြီးတည်ရှိနေတာဖြစ်ပြီး အခြေခံအားဖြင့် ဒုတိယကမ္ဘာစစ် ကာလကတည်းက ရှိနေတာဖြစ်တယ်။ မကြာသေးမီကပဲ အဲဒီမှာ ဘင်္ဂါလီတွေရဲ့ အဓိကတိုက်ခိုက်မှု သုံးကြိမ် ဖြစ်ပွားခဲ့တယ်။ ၂၀၁၂၊ ၂၀၁၆ နဲ့ ၁၀ လအကြာ ၂၀၁၇ ခုနှစ်တွေပါ။ ၂၀၁၇ ခုနှစ် တိုက်ခိုက်မှုဟာဆိုရင် လုံးဝကို အံ့အားသင့်ဖွယ် ဖြစ်ပြီး ကမ္ဘာ့အကြီးဆုံး အကြမ်းဖက်မှုလို့ သမိုင်းမှာ ခေါ်ဆိုရမလောက်ပဲ။ အဲဒီအချိန် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့ နံနက်စောစောမှာ အံ့သြဖွယ် တိုက်ခိုက်မှုတွေ စတင်ခဲ့ပြီး ပစ်မှတ် ၁၅၀ လောက်ကို တိုက်ခိုက်ခဲ့တယ်။ အဲဒီမှာ ရွာတွေ၊ တပ်အခြေစိုက်စခန်းတွေလည်း ပါတယ်။

တပ်အခြေစိုက်စခန်းနဲ့ ရဲစခန်း ၃၀ တိုက်ခိုက်ခံရပြီး ရွာပေါင်း ၈၀ လောက် အဲဒီနံနက်မှာပဲ တိုက်ခိုက်ခံခဲ့ရတယ်။ တချို့ရွာတွေကတော့ နောက်နေ့ နံနက်မှ တိုက်ခိုက်ခံခဲ့ရတယ်။



အမေရိကန်နိုင်ငံသား စာရေးဆရာ
Rick Heizman

(သတင်းလည်းမရကြတော့။) ကမ္ဘာ့အကြီးမားဆုံး အကြမ်းဖက်မှုအဖြစ် မှတ်သားရမယ်လို့ ပြောရတဲ့အကြောင်းရင်းကတော့ မယုံနိုင်ရလောက်တဲ့ ကိန်းဂဏန်းတွေကြောင့်ပဲ ဖြစ်တယ်။ တချို့သော ဘင်္ဂါလီအကြမ်းဖက်တွေ ရာချီကလည်း ပစ်မှတ် ၁၅၀ ကို တိုက်ခိုက်ခဲ့တယ်။ သူတို့မှာ ခေတ်မီလက်နက်တွေမရှိဘူး။ တချို့မှာတော့ ရိုင်ဖယ် ပြောင်းရှည်သေနတ်တွေရှိတယ်။ ဒါပေမဲ့လည်း လက်နက်အများစုက တုတ်၊ ဓားနဲ့ တောခုတ်ဓားလို လက်နက်တွေပဲဖြစ်တယ်။ အားလုံး ထိတ်လန့်အံ့သြကုန်ကြတယ်။ အဲဒီအဖြစ်အပျက်ကို ပြန်တွေးတိုင်း နယူးယောက်က အကြမ်းဖက်မှုဖြစ်ရပ် 9 / 11 ကို ပြန်သတိရမိတယ်။ ဒါဟာအလွန်ကြီးမားတယ်၊ ဘာလို့လဲဆိုတော့ ပြန်ပေးဆွဲသူ ၁၉ ဦး၊ မတူညီတဲ့ ပစ်မှတ်နေရာတွေကြောင့်ပါ။ ဒါပေမဲ့ ပစ်မှတ် ၁၅၀၊ ၁၆၀ နဲ့ တကယ်တော့ လူပေါင်းတစ်သိန်းလောက်နဲ့ ကျေးရွာတွေ ၊ ပြည်သူတွေဟာ သူတို့ရဲ့ တိုက်ခိုက်မှုတွေ ခံရတယ်။ ဓားနဲ့ခုတ်သတ်ခံခဲ့ကြရတယ်။ တချို့တွေက ပစ်သတ်ခံခဲ့ရတယ်။ ဘင်္ဂါလီတွေရဲ့ ဆက်လက်တိုက်ခိုက်မှုတွေနဲ့ ရွာတွေကို မီးရှို့မှုတွေကြောင့် နှစ်ပတ်လောက် အခြေအနေ တင်းမာလာခဲ့တယ်။

မြန်မာ့တပ်မတော်ဟာ နိုင်ငံတိုင်းရဲ့ တပ်မတော်တွေ လုပ်ဆောင်တဲ့အတိုင်း ဝင်ရောက်လုပ်ဆောင်ခဲ့တယ်။ နိုင်ငံတိုင်းမှာ သောင်းကျန်းသူတွေကို တွန်းလှန်ဖို့နဲ့ ဖြစ်ပွားလျက်ရှိတဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ရပ်တန့်အောင် ဆောင်ရွက်ဖို့ တပ်မတော်ရှိကြပါတယ်။ တပ်မတော်မှာ သောင်းကျန်းသူတွေကို လိုက်လံရှာဖွေပြီး ဖယ်ရှားရမယ့် တာဝန်ရှိတယ်။ ဒီလို ဘင်္ဂါလီအကြမ်းဖက်သမားတွေကို တွန်းလှန်ဖို့ တပ်မတော်အနေနဲ့ သတင်းပတ်နှစ်ပတ်လောက် အချိန်ယူခဲ့ရတယ်။ အခုလို အလားတူဖြစ်ရပ်မျိုး ၂၀၁၂ ခုနှစ်နဲ့ ၂၀၁၆ ခုနှစ်မှာလည်း ဖြစ်ခဲ့တယ်။ သေသေချာချာကြည့်မယ်ဆိုရင် ဒီအဖြစ်အပျက် သုံးရပ်လုံးဟာ ဘင်္ဂါလီအကြမ်းဖက်သမားတွေက စတင်ခဲ့တယ်ဆိုတာ ရှင်းရှင်းတွေ့ရပါတယ်။ သူတို့က ဗလီတွေကို သူတို့ရဲ့ ဌာနချုပ်တွေအဖြစ် အသုံးချပြီးလုပ်ဆောင်ဖို့ အစီအစဉ်တွေရှိနေခဲ့တာပါ။ ရွာထဲက ဗလီတွေက ပြည်သူတွေကို ဦးနှောက်ဆေးတာနဲ့ပတ်သက်ပြီး အဓိကတာဝန်ရှိတယ်။

ဖမ်းဆီးမိထားတဲ့ အကျဉ်းသားတွေကို ကျွန်တော်တို့က မေးခွန်းတွေ မေးမြန်းပြီး မှတ်သားခဲ့တယ်။ သူတို့အားလုံးက သူတို့ရဲ့ ဗလီနဲ့ ဗလီဆရာတွေကိုသာ ဖော်ပြကြတယ်။ ဗလီဆရာတွေက တိုက်ခိုက်မှုတွေလုပ်ဆောင်ဖို့ ပြည်သူတွေကို ဦးနှောက်ဆေးပြီး အယူဝါဒသွတ်သွင်းခဲ့ကြတယ်။ ဗုဒ္ဓဘာသာဝင်တွေ၊ လူနည်းစု ဟိန္ဒူတွေနဲ့ တခြားသော မျိုးနွယ်စုတွေ၊ သူတို့ဘာသာဝင်မဟုတ်သူ အားလုံးကို ဖယ်ထုတ်ချင်တဲ့ သူတို့ရဲ့ရည်မှန်းချက်ကို ရှင်းရှင်းလင်းလင်း တွေ့ရပါတယ်။ အကျဉ်းသားတွေနဲ့ အင်တာဗျူးဖြေကြားသူတွေရဲ့ တုံ့ပြန်မှုတွေမှာလည်း အခုလိုပြောဆိုမှုတွေ တွေ့ရတယ်။ ဗလီတွေမှာ ရည်မှန်းချက်တွေကို သင်ကြားပေးနေတဲ့ ခေါင်းဆောင်တွေရှိတယ်။ အဲဒီရည်မှန်းချက်ဆိုတာ မြန်မာကနေခွဲထွက်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်တစ်ခု၊ ရှာရီယာဥပဒေနဲ့ အစ္စလာမ်နိုင်ငံတစ်ခုဖြစ်လာဖို့ပဲ ဖြစ်တယ်။ သူတို့လိုချင်တာ ဒါပဲ။ ဒါဟာ သူတို့ဘာလိုချင်တယ်ဆိုတာကို ပြောတာပဲ။

၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့ တိုက်ခိုက်မှု မတိုင်ခင်မှာ အာဆာ ARSA ရဲ့ ခေါင်းဆောင်ဟာ အကြမ်းဖက်အုပ်စုဖြစ်တဲ့ အာရကန်ရိုဟင်ဂျာလက်နက်ကိုင်အဖွဲ့ဝင်ဖြစ်တယ်။ အဲဒီမတိုင်ခင်မှာ ခေါင်းဆောင်ဖြစ်သူရဲ့ ဖုန်းကို ခိုးနားထောင်ခံခဲ့ရပြီး ARSA ရဲ့ ခေါင်းဆောင်ဟာ Atais ဆိုတာ မသိခဲ့ဘူး။ မတိုက်ခိုက်မီ အရင်နေ့မှာ အရေးကြီးဖုန်းခေါ်ဆိုမှု သုံးခုကို တွေ့ရပြီး နှစ်ခုက ပါကစ္စတန်နိုင်ငံက ဗိုလ်ချုပ်နဲ့ ပြောခဲ့တာဖြစ်တယ်။ နောက်တစ်ခုက ဆီးရီးယားရှိ ISIS ခေါင်းဆောင်နဲ့ ပြောခဲ့တာဖြစ်ပါတယ်။ ဒါတွေဟာ အဝင်ခေါ်ဆိုမှုတွေဖြစ်တယ်။ သူတို့ဆီကို ခေါင်းဆောင်တွေရဲ့ ခေါ်ဆိုမှု၊ စာပို့မှုတွေဖြစ်ပြီး ဘာသာပြန်တဲ့အခါ သူတို့ရဲ့ တိုက်ခိုက်မှုတွေအတွက် ကြိုတင်ပြီး ဂုဏ်ပြုစကားပြောတာတွေပဲဖြစ်တယ်။ ပါကစ္စတန်ဗိုလ်ချုပ်ကလည်း တိုက်ခိုက်မှုကို ရှေ့ဆက်ဖို့ဆန္ဒရှိတယ်။ သူတို့က တစ်ပတ်အကြာမှာ အခုလိုတိုက်ခိုက်မှုမျိုး စီစဉ်ပြီးဖြစ်တယ်။ မနက်ဖြန်မှာ တိုက်ခိုက်မှု လုပ်ဆောင်မယ်။ ဒီအစီအစဉ်ဟာ ပစ်မှတ်အများကြီးကို စီစဉ်ထားတာဖြစ်တယ်။ ဒါပေမဲ့ ခေါင်းဆောင်ဟာ ဘက်ပြောင်းသွားသူတွေရဲ့ သတင်းပေးမှုကို ကြောက်လန့်ပြီး အစီအစဉ်ပြောင်းလဲလိုက်တာပါ။ ဒီလုပ်ရပ်တွေ အားလုံးဟာ လူမျိုးသုဉ်းသတ်ဖြတ်ဖို့ ကြံစည်မှုပဲဖြစ်တယ်။

**လူမျိုးသုဉ်းသတ်ဖြတ်ရန် ကြံစည်မှုဆိုတဲ့ စကားစုဟာ ဒီနေရာမှာ အလွန်အရေးကြီးပါတယ်။ ဆိုလိုတာက လူမျိုးသုဉ်းသတ်ဖြတ်ရန် ကျူးလွန်ဖို့ ကြံစည်တာပါ။ ဘင်္ဂါလီတွေက အဲဒီဒေသမှာရှိတဲ့ သူတို့ဘာသာဝင်မဟုတ်တဲ့ ပြည်သူတွေကို လူမျိုးသုဉ်းသတ်ဖြတ်ချင်တာပါ။ ဒါပေမဲ့ သူတို့ကျရှုံးခဲ့တယ်။ ဒါ့ကြောင့်မို့ လူမျိုးသုဉ်းသတ်ဖြတ်ရန် ကြံစည်မှုလို့ ခေါ်တာပါ။ အခုလည်း ဘင်္ဂါလီတွေက သူတို့ဟာ လူမျိုးသုဉ်းသတ်ဖြတ်ရန် ကြံစည်မှုရဲ့ ပစ်မှတ်တွေ ဖြစ်နေပါတယ်လို့ ပြောနေကြောင်း သိပါတယ်။ ဒါဟာ အမှန်တရားမဟုတ်ပါဘူး။**

ရှိနေတဲ့ သက်သေတွေအားလုံးကို ကြည့်မယ်ဆိုရင် ဘင်္ဂါလီလူမျိုးတွေရဲ့ ပြောဆိုချက်တွေပဲဖြစ်တယ်။ ဒါပေမဲ့ လူမျိုးသုဉ်းသတ်ဖြတ်ရန် ကြံစည်မှုမဟုတ်ပါဘူး။ တကယ်လို့ မြန်မာ့တပ်မတော်ကသာ လူမျိုးသုဉ်းသတ်ဖြတ်မှု ကျူးလွန်ချင်တယ်ဆို အလွယ်လေးပါ။ ဒီလူတွေအားလုံးကို နယ်စပ်ဖြတ်ကျော်သွားဖို့၊ သတ်ဖြတ်ဖို့ ဒါမှမဟုတ် တစ်ခုခု လုပ်လို့ရပါတယ်။ ဒါပေမဲ့ မလုပ်ခဲ့ပါဘူး။ ဒါဟာ ဘယ်နိုင်ငံမဆို တစ်စုံတစ်ယောက် ဝင်ရောက်ကျူးကျော်တဲ့အခါ လုပ်ဆောင်ရမယ့် လုံခြုံရေးတပ်ဖွဲ့ရဲ့တာဝန်ကို လုပ်ဆောင်နေခြင်းဖြစ်ပါတယ်။ မကြာမီ လူမျိုးသုဉ်းသတ်ဖြတ်ရန် ကြံစည်မှုအကြောင်းကို ထပ်ပြောပြပါမယ်။

သမိုင်းကြောင်းကို ကြည့်မယ်ဆိုရင် ၁၉၄၂ ခုနှစ် ဒုတိယကမ္ဘာစစ်အတွင်း မောင်တော၊ ဘူးသီးတောင်မှာ ကြီးမားတဲ့ လူအစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတွေရှိခဲ့တယ်။ ဗုဒ္ဓဘာသာဝင်တွေ အများကြီး သေကျေခဲ့တယ်။ ဗုဒ္ဓဘာသာဝင် သုံးသောင်းလောက်သေဆုံးခဲ့တယ်။ ဗုဒ္ဓဘာသာဝင် တစ်သိန်းခန့် ထွက်ပြေးခဲ့ရတယ်။ ဗုဒ္ဓဘာသာဝင် ရွာ လေးရာကျော် မီးရှို့ခံခဲ့ရတယ်။ အဲဒီအချိန်က ဗြိတိသျှ တာဝန်ရှိသူတွေတောင်မှ “ရွာတွေ မီးလောင်နေတယ်၊ အားလုံးပဲ မွတ်ဆလင်တွေက ဗုဒ္ဓဘာသာဝင်တွေဆီက လွှဲပြောင်းယူနေကြတယ်၊ ဒီလိုဆက်သွားရင် ဗုဒ္ဓဘာသာဝင်တွေ အနာဂတ် မရှိတော့ဘူး” ဆိုတာမျိုး ပြောခဲ့ကြတယ်။ အဲဒီအချိန်က ဗြိတိသျှ လေ့လာသုံးသပ်သူတစ်ဦးရဲ့ ပြောစကားဖြစ်တယ်။

မူဂျာဟစ်လို့ခေါ်ကြတဲ့ မြေအောက်လှုပ်ရှားမှုတွေလည်းရှိခဲ့တယ်။ မူဂျာဟစ်ဆိုတာ အာရပ်စကားဖြစ်တယ်။ မူဂျာဟစ် ပြောက်ကျားအဖွဲ့က ၁၅ နှစ် ကြာလှုပ်ရှားမှုတွေ လုပ်ဆောင်ခဲ့တယ်။ ၁၉၆၀၊ ၁၉၇၀၊ ၁၉၈၀ နဲ့ ၁၉၉၀ ပြည့်နှစ်ဝန်းကျင်တွေမှာ ဘင်္ဂါလီ အကြမ်းဖက်သမားတွေဟာ ဗုဒ္ဓဘာသာဝင်တွေကို နှင်ထုတ်ဖို့ တစ်ကြိမ်ပြီး တစ်ကြိမ် အမျိုးမျိုးသောကြိုးပမ်းမှုတွေ လုပ်ဆောင်ခဲ့ကြတာ နောက်ဆုံး ၂၀၁၂၊ ၂၀၁၆ နဲ့ ၂၀၁၇ တွေ အပါအဝင်ပါ။ ဖြစ်ရပ်တိုင်းမှာ အပြစ်ကျူးလွန်မှုတွေဟာ ဘင်္ဂါလီ အကြမ်းဖက်သမားတွေပဲဖြစ်တယ်။ ဗုဒ္ဓဘာသာဝင်တွေက စတင်တိုက်ခိုက်တာ မရှိခဲ့ဖူးဘူး။ ဗုဒ္ဓဘာသာဝင်တွေက အဲဒီမှာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ လွတ်လွတ်လပ်လပ်နေချင်တယ်။ ဟိန္ဒူဘာသာဝင် လူနည်းစု၊ တိုင်းရင်းသားလူမျိုးစုတွေဖြစ်တဲ့ သက် လူမျိုး၊ မြို လူမျိုး၊ ခမီ လူမျိုးတွေ ရောပါပါမယ်။

**အခုကြီးမားလှတဲ့ ဆုံးရှုံးမှုအကြောင်း ပြောတာပေါ့။ ၂၀၁၇ ခုနှစ်ပြီးနောက် ဘင်္ဂါလီတွေက တူလာတိုလီ (မင်းကြီးရွာ)၊ ချွတ်ပြင်၊ မောင်နု၊ အင်းဒင်တို့လို နေရာတွေမှာ အစုလိုက် အပြုံလိုက် သတ်ဖြတ်ခံရတယ်လို့ အော်ဟစ်ကြတယ်။ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရတယ်လို့ ယူဆတဲ့ နေရာတွေ တစ်နေရာချင်း ကျွန်တော် သွားခဲ့တယ်။ အစုလိုက် အပြုံလိုက် သတ်ဖြတ်ခံရတယ်ဆိုတဲ့ သက်သေမတွေ့ခဲ့ဘူး။ ဒ့ါကြောင့် အဲဒီကနေ တစ်မိုင်၊ နှစ်မိုင်ဝေးတဲ့ ရွာတွေကလူတွေကို မေးမြန်းကြည့်တော့ လူတွေမှာကြောက်စရာကောင်းတဲ့ဇာတ်လမ်းတွေရှိခဲ့ပြီး ဘာတွေဖြစ်နေလဲဆိုတာ ပြောပြကြပေမယ့် အဲဒီမှာ အစုလိုက် အပြုံလိုက်သတ်ဖြတ်မှု ဖြစ်တယ်ဆိုတာ ဘယ်သူမှ မကြားဖူးကြဘူး။**

**တစ်ခုတည်းသော အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဆိုတာ ခမောင်းဆိပ်ကျေးရွာအုပ်စုက ဟိန္ဒူလူမျိုး တစ်ရာကျော် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှုဖြစ်ပြီး ဒါဇင်ချီတဲ့ အမျိုးသား၊ အမျိုးသမီး ရုပ်အလောင်းတွေ စုပုံထားတဲ့ ဂူတွေကိုသာ ရှာဖွေတွေ့ရှိခဲ့တယ်။ အဲဒီမှာ အစုလိုက် အပြုံလိုက်သတ်ဖြတ်ခံရမှုထဲကနေ ရှင်ကျန်သူအချို့ရှိခဲ့တယ်။ အသက်ရှင်ကျန်ရစ်သူတွေဟာ အသက် ၂၀ ခန့်ရှိ လှပတဲ့ ဟိန္ဒူမိန်းကလေးတွေဖြစ်ပြီး သူတို့ရဲ့ ဖခင်တွေ၊ ခင်ပွန်းတွေနဲ့ ကလေးတွေ သူတို့ရှေ့မှာပဲ သတ်ဖြတ်ခံရတာကို ကြည့်ရှုဖို့ အတင်းအကျပ်ခိုင်းစေခံခဲ့ရတယ်။ ဘင်္ဂလားဒေ့ရှ်မှာရှိတဲ့ ဘင်္ဂါလီတွေဆီသွားဖို့၊ အသက်အရွယ်ကြီးရင့်တဲ့ မွတ်ဆလင်ယောကျ်ားကြီးတွေကို လက်ထပ်ဖို့လည်း ဖိအားပေးခံခဲ့ရတယ်။ အသက်ရှင်ကျန်ရစ်သူတွေကို ကယ်ဆယ်နိုင်ခဲ့တယ်။ သူတို့ရဲ့အဖြစ်အပျက်တွေဟာ လူမဆန်တဲ့ဖြစ်ရပ်တွေဖြစ်ခဲ့တယ်။ ဒါကြောင့်အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုပြသနာ အားလုံးထဲမှာ ဟိန္ဒူတွေကို အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုတစ်ခုတည်းသာ တကယ့်ဖြစ်ရပ်မှန်ပါ။**

ကျွန်တော်က ကျွန်တော့်အဖွဲ့နဲ့အတူ ရခိုင်ပြည်နယ်ထဲကို သုံးကြိမ်တိုင်တိုင် ဝင်ခွင့်ရခဲ့ပါတယ်။ အဲဒီမှာ ကျွန်တော့်ကို ကူညီပေးဖို့ လူငါးယောက်လောက်ကို ရွေးချယ်ခဲ့ပါတယ်။ ယာဉ်မောင်းစတဲ့ သူတွေလည်းပါတယ်။ ကျွန်တော်ဟာ ဒီလိုလုပ်ခွင့်ရတဲ့တစ်ဦးတည်းသော နိုင်ငံခြားသားပါ။ ကျွန်တော် လုပ်ခဲ့တာက ARSA က ထုတ်လွှင့်တဲ့ YouTube ဗီဒီယိုတွေကို ဘာသာပြန်တာပါ။ ARSA ဒါမှမဟုတ် သူတို့အဖွဲ့ဝင်တွေထဲက ထုတ်လွှင့်တဲ့ဗီဒီယိုတွေပါ။ အဲဒီမှာ ဘာသာပြန် တစ်ယောက်ရှိတယ်။ သူက မွတ်ဆလင် ဖြစ်ပါတယ်။ ဒါပေမဲ့ အစ္စလာမ်ဘာသာကို မုန်းတယ်၊ ရက်စက်ကြမ်းကြုတ်မှုတွေကို မှတ်တမ်းတင်ဖို့နဲ့ ဘာမဆိုဘာသာပြန်ဖို့ ဆန္ဒရှိတယ်။ ဘာသာစကားရဲ့ ရှုပ်ထွေးမှုတွေအားလုံးကို ကျွန်တော်တို့အများကြီး ဘာသာပြန်ခဲ့တယ်။ YouTube ကနေ ARSA ရဲ့ လုပ်ဆောင်ချက်တွေကို ပြသတဲ့ ဗီဒီယိုဖိုင် ၃၅၀ ကို ဘာသာပြန်ခဲ့တယ်။ ဥပမာ သူတို့ကိုယ်တိုင်ရိုက်ကူးထားတဲ့ ဗီဒီယိုတွေ၊ မွတ်ဆလင်တွေကို ပြသဖို့၊ သူတို့ကြားမှာ ပြသဖို့ ရိုက်ကူးထားကြတာပါ။

စာမျက်နှာ ၂၃ သို့

# စာဆိုဗိမာန်အဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် စာပေအနုသုခုမလက်ရာများနှင့်သက်ဆိုင်သည့်ပစ္စည်းများ လှူဒါန်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၆**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော စာပေလောက၏ဂုဏ်ကိုညွှန်းဆိုနိုင်မည့် စာဆိုဗိမာန်တစ်ခု အောင်မြင်စွာ ပေါ်ပေါက်ဖြစ်ထွန်းလာစေရေးအတွက် စာဆိုဗိမာန်သုံးထပ် (RC) အဆောက်အအုံတည်ဆောက်လျက်ရှိရာ မကြာခင်ကာလတွင် ပြီးစီးမည်ဖြစ်ပါသဖြင့် ယင်းအဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် ခေတ်ကာလအဆက်ဆက် စာဆိုတော်ကြီးတို့၏ စာပေအနုသုခုမလက်ရာများနှင့် ဒြပ်ရှိ၊ ဒြပ်မဲ့ အသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသနိုင်ရေးလျာထားဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မြန်မာစာပေသမိုင်းတစ်လျှောက် ခေတ်အဆက်ဆက် အသုံးပြုခဲ့သော ပေ၊ ပုရပိုက်များနှင့် ဆက်စပ်ပစ္စည်းများ၊ ထင်ရှားကျော်ကြားခဲ့သော စာဆိုတော်ကြီးများနှင့် စာရေးဆရာကြီးတို့၏ ရုပ်တု၊ ဓာတ်ပုံ၊ လက်ရေးမူ၊ အတ္ထုပ္ပတ္တိ၊ ၎င်းတို့ရေးသားခဲ့ကြသည့် စာအုပ်စာစောင်များနှင့် ဆုရရှိခဲ့ကြသည့် စာအုပ်စာစောင်များ၊ ခေတ်ကာလအလိုက် ချီးမြှင့်ပေးခဲ့ကြသည့် စာပေနှင့်သက်ဆိုင်သည့် ဘွဲ့၊ ဆုတံဆိပ်များ၊ စာပေဆုပေးပွဲများ၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ စာပေဖွံ့ဖြိုးရေးဆောင်ရွက်ခဲ့မှု သမိုင်းဝင်ဓာတ်ပုံများ၊ မိမိတို့ စုဆောင်းသိမ်းဆည်းထားသော စာပေနှင့်သက်ဆိုင်သည့် ရှေးဟောင်းအမွေအနှစ်ပစ္စည်းတို့ကို လှူဒါန်းနိုင်ပြီး လှူဒါန်းသည့်အလှူရှင်များ၏ အမည်များကို မှတ်တမ်းကမ္ပည်းရေးထိုးပေးမည်ဖြစ်ကြောင်းနှင့် အောက်ဖော်ပြပါ လိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

(က) **စာကြည့်တိုက်မှူး**
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(ရန်ကုန်)
အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းနှင့်
၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁၈-၃၈၀၁၄၄၇

(ခ) **စာကြည့်တိုက်မှူး**
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(မန္တလေး)
အမှတ်(၁၅၉) ၈၆ လမ်း ၂၁ - ၂၂ လမ်းကြား
ပုလဲငွေရောင်ရပ်ကွက်
မန္တလေးတိုင်းဒေသကြီး ဖုန်း ၀၉-၇၉၅၂၇၉၀၂၅

(ဂ) **စာတည်း**
စီမံရေးရာဌာနခွဲ
နေပြည်တော်ရုံးချုပ်
ရုံးအမှတ်(၇) နေပြည်တော် ဖုန်း ၀၉-၅၁၉၄၀၇၁

(သတင်းစဉ်)

# မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်

**မန္တလေး ဇန်နဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၆)ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ယနေ့နံနက်ပိုင်း ကကျင်းပရာ တိုင်းဒေသကြီးလယ်ယာ




မြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် တိုင်းဒေသကြီးအတွင်း ရေမြေကောင်းမွန်သည့် စိုက်ပျိုးနိုင်သော လယ်ယာမြေများထိခိုက်လျော့နည်းမှုများ မရှိစေရေးနှင့် လွဲမှားစွာမဖြစ်စေရေး၊ ယာမြေစပါးစိုက်ပျိုးရေယာများအဖြစ်မှ စပါးစိုက်လယ်မြေအဖြစ်သို့ ပြောင်းလဲနိုင်ရေးတို့ကို စံပြုလုပ်ထုံးလုပ်နည်း(SOP)နှင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်သွားရေးတို့ကို ပြောကြားသည်။

၎င်းနောက် တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အတွင်းရေးမှူးက ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့များမှ ထောက်ခံတင်ပြလာသည့် အမှုတွဲများကို ရှင်းလင်းတင်ပြပြီးနောက် တက်ရောက်လာကြသူများက လယ်ယာမြေစီမံခန့်ခွဲမှုလုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်း၍ အထွေထွေကိစ္စရပ်များ ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

စာမျက်နှာ ၂၂ မှအဆက်

ကျွန်တော်တို့ဟာ သေဆုံးသွားတဲ့ လူသတ်သမားတွေရဲ့ ဗီဒီယိုတွေကို ရယူခဲ့ပြီး သူတို့ရဲ့ ဖုန်းတွေကို ရခဲ့ပါတယ်။ မကြာမီ အဲဒီဗီဒီယိုကို ဝင်ကြည့်ပြီး အနက်ရောင်ဦးထုပ်တွေ၊ ရုပ်အင်္ကျီတွေ၊ ဘောင်းဘီတွေ ဝတ်ဆင်ပြီး ဓားတွေနဲ့ ဗုဒ္ဓဘာသာ ရွာတစ်ရွာကို ချီတက်ပြီး လူတိုင်းကို သတ်နေတဲ့ ဗီဒီယိုတွေကို ရယူနိုင်ခဲ့ပါတယ်။ ဒါတွေကို သူတို့ လုပ်ခဲ့ပါတယ်။ အဲဒါမျိုး ဗီဒီယို ရာပေါင်းများစွာ ရှိပါတယ်။ ကြားရတာက ဘင်္ဂါလီဘာသာစကားကို ကြားရတယ်ဆိုတာပါပဲ။ အခု မြန်မာလူမျိုးတွေက ဘင်္ဂါလီ ဘာသာစကားကို မသိဘူး ။ ဒါဆိုရင် သူတို့ ဘာပြောနေမှန်း မသိတော့ဘူး။ ဒါပေမဲ့ ကျွန်တော် ဘာသာပြန်ပြီး စာတန်းထိုးတွေ ထည့်လိုက်တဲ့အခါ အဓိပ္ပာယ်က ကြောက်စရာကောင်းပါတယ်။

အဲဒီမှာ ကြားရတာတွေနဲ့ မြင်ရတာတွေဟာ တကယ်ပဲဖြစ်ပျက်နေတဲ့ ကြောက်စရာကောင်းတဲ့ ဦးနှောက်ဆေးကြောခြင်းတစ်ခုနဲ့ ပေါင်းစပ်နေပါတယ်။ အခု အာဆာ ခေါင်းဆောင် Rashed Ullah ဆီကနေ သိမ်းယူခံရတဲ့ ကွန်ပျူတာအကြောင်း ပြောကြရအောင်။ သူ့နာမည်က Rashed Ullah ပါ။ သူက ရိုဟင်ဂျာ စည်းလုံးညီညွတ်ရေးအဖွဲ့ဖြစ်တဲ့ RSO ရဲ့ အကြီးအကဲဖြစ်ပြီး သူ့မှာရှိတဲ့ ကွန်ပျူတာကို ကျွန်တော်တို့ ဖောက်ထွင်းဝင်ရောက်ခဲ့ပါတယ်။ Password တွေ ဘာတွေမသိပေမယ့် ကွန်ပျူတာကို သိမ်းယူသွားတော့ ဖွင့်ပြီး ဗီဒီယိုဖိုင် ၇၀၀ ကျော်တွေ့ရှိခဲ့ပါတယ်။ ဒါတွေကို ကျွန်တော်တို့ ဂရုတစိုက်စစ်ဆေးပြီး မှတ်တမ်းတင်ကာ ဘာသာပြန်ပြီး တင်ခဲ့တဲ့ ဗီဒီယိုဖိုင်တွေပါ။

ဒါတွေက မေယုတောင်တန်းတွေမှာ သူတို့ပိုင်ဆိုင်ထားတဲ့ လျှို့ဝှက်လေ့ကျင့်ရေးစခန်းတွေမှာ ရိုက်ကူးထားတဲ့ ဗီဒီယိုဖိုင်တွေပါ။ မေယုတောင်တန်းတွေက အဲဒီဒေသမှာရှိတဲ့ အဓိကတောင်တန်းတွေပါ။ ပြီးတော့ ဆော်ဒီအာရေဗျနိုင်ငံက လျှို့ဝှက်စခန်းတစ်ခုမှာ ရိုက်ကူးထားတဲ့ ဗီဒီယိုဖိုင်တွေပါ။ ဘင်္ဂါလီအကြမ်းဖက်သမားတွေဟာ အဲဒီဆော်ဒီအာရေဗျမှာ လေ့ကျင့်နေကြတာဖြစ်ပြီး အဲဒီဒေသနှစ်ခုကြားမှာ ဆက်စပ်မှုတွေအများကြီးရှိတယ်။ မေယုတောင်တန်း ဗီဒီယိုတွေနဲ့ ဆော်ဒီအာရေဗျက ဗီဒီယိုတွေက တုန်လှုပ်ချောက်ချားဖွယ် သက်သေအထောက်အထားတွေပါ။ သိမ်းဆည်းရမိထားတဲ့ ကွန်ပျူတာမှာ အချက်အလက်တွေ အများကြီးပါတယ်။ ပေါက်ကွဲအားပြင်းတဲ့ C4, C3, PET, PTEN နဲ့ အခြားပေါက်ကွဲစေတတ်တဲ့ ပစ္စည်းတွေနဲ့ အဆိပ်တွေအကြောင်း အချက်အလက်တွေပါတဲ့စာမျက်နှာတွေ သို့မဟုတ် ဗီဒီယိုအချက်အလက်တွေလည်း အများကြီးပါတယ်။ အဆိပ်လုပ်နည်း၊ ဗုံးလုပ်နည်း၊ ကျည်ဆန်လုပ်နည်း၊ အရာအားလုံးကို ဘယ်လိုလုပ်ရမလဲ၊ ဓားတွေနဲ့ ဘယ်လိုတိုက်ခိုက်ရမလဲ၊ ဓားစာခံတွေကို ဘယ်လိုဖမ်းဆီးရမလဲ၊ မကောင်းတဲ့အရာတွေ လုပ်နည်းတွေအကြောင်း လမ်းညွှန်ချက်တွေပါတယ်။

ဒါတွေက အဲဒီကွန်ပျူတာတွေထဲက ဗီဒီယိုဖိုင်တွေထဲမှာ ပါနေတာ။ နောက်တစ်ခုကတော့ မြန်မာနိုင်ငံမှာ တခြားမွတ်ဆလင်အုပ်စုတွေရှိတယ်။ ပန်းသေး မွတ်ဆလင်တွေ၊ ကမန် မွတ်ဆလင်တွေနဲ့ သူတို့ကိုယ် သူတို့ ရိုဟင်ဂျာလို့ခေါ်တဲ့ ဘင်္ဂါလီမွတ်ဆလင်တွေရှိတယ်။ ဒါပေမဲ့ အဲဒါက ငြင်းခုံစရာပါ။ ကမန် မွတ်ဆလင်တွေနဲ့ ပန်းသေး မွတ်ဆလင်တွေက တန်းတူနိုင်ငံသားတွေဖြစ်ပြီး နိုင်ငံတော်တည်ထောင်ကတည်းက နိုင်ငံသားတွေပါ။ သူတို့က ဘာပြဿနာမှမလုပ်ကြပါဘူး။ အဲဒါက အဓိကအချက်ပဲ။ မြန်မာနိုင်ငံမှာ တခြားမွတ်ဆလင်အုပ်စုတွေက ဘာပြဿနာမှ မလုပ်ကြပါဘူး။ သူတို့ရဲ့ ကိုယ်ပိုင်မြေအတွက် မလှုပ်ရှားကြပါဘူး။

ဘင်္ဂါလီမွတ်ဆလင်တွေကပဲ တိုက်ခိုက်နေကြတာ။ သူတို့ ပြည်နယ်ရဲ့ အစွန်အဖျားမှာ ဘယ်တုန်းကမှ ငြိမ်းချမ်းမှုဆိုတာ မရှိခဲ့ဘူး။ သူတို့က အမြဲတမ်းခွဲထွက်ချင်နေကြတယ်။ ပြီးတော့ သူတို့က ကျရှုံးခဲ့ကြတယ်။ ပြီးတော့ သူတို့တိုက်ခိုက်ကြတယ်။ ပန်းသေးမွတ်ဆလင်တွေက မူလက တရုတ်နိုင်ငံက လာတာပါ။ တရုတ်မွတ်ဆလင်တွေက နယ်စပ်ကို ဖြတ်ကျော်လာပြီးတော့ ကမန်မွတ်ဆလင်တွေရဲ့ အမွေအနှစ်က ရှေးယခင်ကတည်းက ပါရှားက လာတာပါ။ ဘင်္ဂါလီမွတ်ဆလင်တွေက ဘင်္ဂလားဒေ့ရှ် ဒေသတွေကို ပြန်ပြောင်းနေထိုင်ကြပြီး အဲဒီအချိန် အဲဒီဒေသက အိန္ဒိယနိုင်ငံရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပြီးတော့ အရှေ့ဘင်္ဂလားလို့ခေါ်တယ်။ ဒါကြောင့် ဘင်္ဂလားဘင်္ဂါလီလို့ ခေါ်တယ်။ သူတို့တွေက အဲဒီက လာတာပါ။

ဒါပေမဲ့ လက်ရှိမြန်မာနိုင်ငံမှာရှိနေတဲ့ ဘင်္ဂါလီမွတ်ဆလင်အများစုက အာဏာပိုင်တွေကို သူတို့ဟာ ကမန်မွတ်ဆလင်တွေ အမှန်တကယ်ဖြစ်ကြောင်း ဒါမှ မဟုတ် လက်ခံယုံကြည်ဖို့ ကြိုးစားနေကြတယ်။ သူတို့ဟာ ကမန်မွတ်ဆလင်တွေ မဟုတ်ကြပါဘူး၊ ဘာလို့လဲဆိုတော့ ခင်ဗျားတို့သိတဲ့ လွတ်လပ်တဲ့ ကမန်မွတ်ဆလင်တွေက ဘင်္ဂါလီမွတ်ဆလင်တွေထက် အများကြီးပိုရှင်သန်နိုင်လို့ပါ။ အဓိကအချက်ကတော့ ဘင်္ဂါလီမွတ်ဆလင်တွေဟာ ပြဿနာရှာတတ်တဲ့ လူတွေဖြစ်ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်အတွက် ဆူပူမှုတွေ၊ ပြဿနာတွေဖန်တီးပြီး လှုပ်ရှားနေကြတယ်။ ကြည့်ကြည့်ရအောင်။ အာရကန်လို့ ဘာသာပြန်ရင် ဒါမှမဟုတ် အာရကန်လို့ခေါ်တဲ့ နယ်ပယ်ရဲ့ ရှေးနာမည်ဟောင်းက မြေပေါ်မှာ အပျက်အစီးတွေ၊ ဗုဒ္ဓဘာသာ အပျက်အစီးတွေနဲ့ ကမ္ဘာပေါ်မှာ အကြီးဆုံး ဗုဒ္ဓဘာသာမြို့တွေထဲက တစ်ခုဖြစ်တဲ့ မြောက်ဦးမြို့ရဲ့ ရှေးမအပျက်အစီးတွေနဲ့ ပြည့်နှက်နေပြီး တခြားဘယ်နေရာကိုသွားသွား အတိတ်က ရုပ်တုတွေ၊ စေတီပုထိုးတွေကို တွေ့နေရတာပါပဲ။

ဒါပေမဲ့ အဲဒီနားတစ်ဝိုက်မှာ မွတ်ဆလင်တွေရဲ့ အပျက်အစီးတွေ လုံးဝမရှိပါဘူး။ ရှေးဟောင်းသုတေသနအထောက်အထားတွေ မရှိပါဘူး။ အနည်းငယ်တော့ရှိပါတယ်။ ဟုတ်ပါတယ်။ အဲဒီဒေသမှာ မွတ်ဆလင်လူနည်းစုတွေ ရှေးယခင်ကတည်းက ရှိခဲ့ဖူးတယ်လို့ ကျွန်တော်တို့ ဝန်ခံချင်ပါတယ်။ မွတ်ဆလင် လူနည်းစုပဲရှိတယ်။ တရုတ်လူနည်းစု၊ အင်ဒိုနီးရှား ဒါမှမဟုတ် ဆူမားတြား လူနည်းစု၊ ကမ္ဘောဒီးယားလူနည်းစုတွေလည်း ရှိခဲ့ပါတယ်။ အဲဒီမှာ ခရစ်ယာန်လူနည်းစု စသဖြင့်ပေါ့ရှိတယ်။ သမိုင်းကြောင်းအရ မွတ်ဆလင်မရှိဘူးလို့ မပြောလိုပါဘူး၊ အဲဒီမှာ မွတ်ဆလင်တွေရှိပေမဲ့ လူနည်းစုကအလွန်နည်းပါတယ်။ အဲဒီမှာ လူရာပေါင်းများစွာကိုလည်း ရုပ်ရှင်နဲ့ အင်တာဗျူးလုပ်ခဲ့ပြီး ကျွန်တော့်ရဲ့ စာတန်းထိုးထားတဲ့ အင်တာဗျူးတွေက အလွန်ကောင်းပါတယ်။

အဲဒီမှာ ဗုဒ္ဓဘာသာဝင်တွေကို အင်တာဗျူးခဲ့တယ်၊ မွတ်ဆလင်တွေကိုလည်း အင်တာဗျူးဖို့ ဆုံးဖြတ်ခဲ့ပြီး ဟိန္ဒူ၊ မြို၊ သက်၊ ဒိုင်းနက်၊ ခမီ စတဲ့ လူနည်းစုတိုင်းရင်းသားတွေကို အင်တာဗျူးခဲ့ပါတယ်။ ကျွန်တော်ပြောခဲ့သလိုပါပဲ၊ မွတ်ဆလင်တွေကို အင်တာဗျူးခဲ့ပြီး ကျွန်တော်အင်တာဗျူးခဲ့တဲ့ မွတ်ဆလင်အများစုဟာ တကယ်တော့ ဘင်္ဂါလီတွေရဲ့ ပုန်ကန်မှုအတွက် ထောက်ခံမှုမရှိပါဘူး။ ဒုတိယကမ္ဘာစစ်ကာလတွေ၊ ၁၉၄၂ ခုနှစ်ကနေ ၁၉၅၀ ပြည့်နှစ်လောက်အထိ ဖြစ်ပွားခဲ့တဲ့ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုတွေနဲ့ ဆူပူအုံကြွမှုတွေကို မှတ်မိနေတဲ့ သက်ကြီးရွယ်အိုတွေနဲ့ အထူးအင်တာဗျူးတွေ လုပ်ခဲ့ပါတယ်။

အဲဒီအကြောင်းတွေနဲ့ပတ်သက်ပြီး ကျွန်တော် အင်တာဗျူးစုစုပေါင်း တစ်ဒါဇင်လောက် လုပ်ခဲ့ပါတယ်။ အဲဒီအင်တာဗျူးတွေကို ဖတ်ရတာ ၁၉၄၀ ပြည့်လွန်နှစ်များအတွင်း ဒီလူတွေ ဘယ်လိုအခြေအနေတွေကို ကြုံတွေ့ခဲ့ရတယ်ဆိုတာကို နားလည်ဖို့ အလွန်အသုံးဝင်ပြီး ထင်ရှားစေပါတယ်။

# မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက်ရှိ မြစ်ကြီးနားလေဆိပ်၌ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် မီးဘေးလုံခြုံရေးစီမံချက် ဇာတ်တိုက်လေ့ကျင့်ခြင်းပြုလုပ်



မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက်ရှိမြစ်ကြီးနားလေဆိပ်၌ မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် မီးဘေးလုံခြုံရေးစီမံချက် ဇာတ်တိုက်လေ့ကျင့်ခြင်းပြုလုပ်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၆**

မီးဘေး ကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့် မီးဘေးလုံခြုံရေးစီမံချက် ဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့ နံနက်ပိုင်းတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပမ္မတီးရပ်ကွက်ရှိ မြစ်ကြီးနားလေဆိပ်၌ ပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်မီးသတ်ဦးစီးမှူးက မီးဘေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။ ထို့နောက် မီးသတ်တပ်ဖွဲ့ဝင်များနှင့် လေဆိပ်ဝန်ထမ်းများက မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြှိမ်းသတ်ခြင်းနှင့် ဆီဗန်းကို ဖုံးအုပ်ငြှိမ်းသတ်ခြင်းတို့ကို လက်တွေ့သရုပ်ပြသကြပြီး လေဆိပ်မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်မီးသတ်တပ်ဖွဲ့တို့က လေယာဉ်မီးလောင်မှုဖြစ်ပေါ်ပါက မီးငြှိမ်းသတ်ရမည့် လုပ်ငန်းစဉ်များကို မီးဘေးလုံခြုံရေး စီမံချက်အတိုင်း ဇာတ်တိုက်လေ့ကျင့် သရုပ်ပြသကြသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က မီးသတ်တပ်ဖွဲ့ဝင်များနှင့် လေဆိပ်ဝန်ထမ်းများကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# မုံရွာမြို့ အမှတ်(၂)အခြေခံပညာနှင့် စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(အလုံတပ်မြို့)၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော် ပြုလုပ်




အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်သူရ ကျောင်းအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အမှတ်(၂)အခြေခံပညာနှင့် စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း (အလုံတပ်မြို့)၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲနှင့် ပညာရေးစုံညီပွဲတော်ကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါကျောင်း၌ ပြုလုပ်ရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်သူရနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်ထောက်ကူနှင့် သိပ္ပံလက်တွေ့ပြခန်း ခင်းကျင်းပြသထားမှုများကို လိုက်လံကြည့်ရှုကြသည်။ ထို့နောက် တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောင်းသား၊ ကျောင်းသူများ၏ "ကြိုဆိုပါသည်စုံညီပွဲတော်" သီချင်းဖြင့် ဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြပြီး တိုင်းမှူးက ကျောင်းအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။ ၎င်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဘင်ခရာ၊ ပန်းဖွားအဖွဲ့များ၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်ဆုရရှိကြသူများ၊ ဂုဏ်ထူးရရှိအောင် သင်ကြားပေးသည့် ဆရာ၊ ဆရာမများ၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် စာပေနှင့်ဖွံ့ဖြိုးရေးထူးချွန်ဆုရရှိကြသူများ၊ အတန်းစဉ်အလိုက်ဆုရရှိကြသူများ၊ လူရည်ချွန်ဆုရရှိကြသူများ၊ စွမ်းရည်ပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောင်းသား၊ ကျောင်းသူများ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်- ၅၀၀)သို့ အလှူရှင်များက ငွေကျပ်သိန်း ၈၀၀ တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)အတွက် စေတနာရှင်၊ အလှူရှင်များက ဆေးရုံသုံးပစ္စည်းများ လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဆေးရုံရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများ၊ စေတနာရှင်၊ အလှူရှင်များ တက်ရောက်ကြသည်။



မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)သို့ အလှူရှင်များက ငွေကျပ်သိန်း ၈၀၀ တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကျင်းပစဉ်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် အလှူရှင်များကိုယ်စား Lifeline Co.,Ltd. မှ ဒေါက်တာဆွေလှက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် အလှူရှင် ဦးဇင်မင်းအောင်(ခ)သားကြီးက ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများ၊ သီရိပျံ့ချီ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ လူမှုထူးချွန်(ပထမဆင့်) ဦးဘရန်မိုင် မိသားစုက ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများ၊ ဦးစန်းမြင့်အောင် မိသားစုက ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများ၊ ဦးမျိုးမင်းထွေးက ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများ၊ ဖိုးလမင်း Co.,Ltd. မှ ဦးစိုးမိုးနိုင်(ခ)ဦးဘာဘူက ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများ၊ Myo Naing Nine Co.,Ltd. မှသီရိသုဓမ္မမဏိဇောတဓရ ဦးမျိုးမြင့်နှင့်ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်သန္တာဝင်းတို့က ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများ၊ Lifeline Co.,Ltd. က ငွေကျပ် သိန်း ၅၀ တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ဆေးရုံတပ်မှူးကလက်ခံရယူ၍ ဆေးရုံနှင့် လူနာများ၏ကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# သပိတ်ကျင်းမြို့နယ် ကျောက်လှည်းဘီးကျေးရွာရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကိုကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၁၆**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် သပိတ်ကျင်းတပ်နယ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့များက မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ကျောက်လှည်းဘီးကျေးရွာ၌အခြေပြု၍ အဆိုပါကျေးရွာရှိ သံဃာတော် သုံးပါးနှင့် ဒေသခံပြည်သူ ၁၃၅ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုသွေးချိုရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ဆေးဝါးကုသခြင်း၊ ECG စက်၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များနှင့် လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သပိတ်ကျင်းတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



သပိတ်ကျင်းမြို့နယ် ကျောက်လှည်းဘီးကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

# ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၂၁)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို တွေ့ဆုံအားပေး

နေပြည်တော် ဇန်နဝါရီ ၁၆

ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၂၁)သို့ တက်ရောက်ကြမည့် တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့သားကောင်းရတနာများကိုယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက မြိတ်မြို့ရှိ နယ်မြေခံတပ်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန် နိုင်ငံ့သားကောင်းရတနာများအတွက် အသုံးအဆောင်ပစ္စည်းများ ပေးအပ်စဉ်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၁)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်း ရတနာများအတွက် အသုံးအဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်ကိုယ်စားလှယ်အဖွဲ့များ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာ

နေပြည်တော် ဇန်နဝါရီ ၁၆

လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ အခမ်းအနားတွင် ပါဝင်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်ကိုယ်စားလှယ်အဖွဲ့များ၊ အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းမှစ၍ နေပြည်တော်ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာကြသည်။

ဦးစွာ လူငယ်ကိုယ်စားလှယ်အဖွဲ့များ၊ အုပ်ချုပ်သူများနှင့် တာဝန်ရှိသူများသည် ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာကြရာ ပြတိုက်တာဝန်ရှိသူများက ကြိုဆိုကြပြီး ပြတိုက်အတွင်း ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်နှင့် တတိယမြန်မာနိုင်ငံတော်တို့ကို တည်ထောင်ခဲ့ကြသည့် ဘုရင်မင်းမြတ်များ၏ သမိုင်းကြောင်းဆိုင်ရာ ပြခန်းများ၊ တပ်မတော်အကြီးအကဲများ၏ မှတ်တမ်းဓာတ်ပုံပြခန်းများနှင့် ပြတိုက်အတွင်း ကဏ္ဍတစ်ခုချင်းအလိုက် ပြခန်း၊ ပြကွက်၊ ပုံစံငယ်များ ခင်းကျင်းပြသထားမှုတို့ကိုလည်းကောင်း၊ တပ်မတော်မော်ကွန်းတိုက်မှူးရုံး ပြခန်း၊ တပ်မတော်စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ပြခန်းနှင့် တပ်မတော်(ရေ)ပြခန်းတို့ကိုလည်းကောင်း စိတ်ဝင်တစားကြည့်ရှုလေ့လာကြသည်။



ယင်းနောက် လူငယ်ကိုယ်စားလှယ်အဖွဲ့များသည် ရေပန်းဥယျာဉ်အတွင်း ပျော်ရွှင်စွာ လေ့လာလည်ပတ်ကြည့်ရှုကြပြီး အမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

မွန်းလွဲပိုင်းတွင် လူငယ်ကိုယ်စားလှယ်အဖွဲ့သည် Naypyitaw State Academy သို့ ရောက်ရှိကြရာ Naypyitaw State Academy ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးစိုးအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး Naypyitaw State Academy ရှိ Function Hall ၌ Naypyitaw State Academy ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ပညာတတ်လူငယ်များ မွေးထုတ်ပေးနိုင်ရန် သက်ဆိုင်ရာဘာသာရပ်များအလိုက် ကျောင်းသားဗဟိုပြု သင်ကြားသင်ယူမှုစနစ်များဖြင့် နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားနေမှု၊ သုတေသနဓာတ်ခွဲခန်းများ၊ ခေတ်မီလက်တွေ့ခန်းသုံးပစ္စည်းများနှင့် နည်းပညာအခြေပြု သင်ထောက်ကူပစ္စည်းများ အသုံးပြု၍ ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူများကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချနေမှု၊ အခမ်းအနားများနှင့် ဆွေးနွေးဟောပြောပွဲများ ကျင်းပဆောင်ရွက်ခဲ့မှု အခြေအနေကို Naypyitaw State Academy Documentary Video ဖြင့် ပြသသည်။

ဆက်လက်၍ လူငယ်ကိုယ်စားလှယ်အဖွဲ့များသည် Naypyitaw State Academy ဘွဲ့နှင်းသဘင်ခန်းမအဆောက်အအုံနှင့် Naypyitaw State Academy အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် Naypyitaw State Polytechnic University သို့ ရောက်ရှိကြရာ Naypyitaw State Polytechnic University ဘက်စုံသုံးခန်းမ၌ Naypyitaw State Polytechnic University မှ ကျောင်းသား၊ ကျောင်းသူများက "Welcome To NSPU" သီချင်းဖြင့် သရုပ်ပြ ကပြဖျော်ဖြေကြသည်။

ယင်းနောက် Naypyitaw State Polytechnic University Documentary Video ကို ပြသပြီး Naypyitaw State Polytechnic University ပါမောက္ခချုပ် ဒေါက်တာစိုးလင်းအောင်က လူငယ်ကိုယ်စားလှယ်အဖွဲ့များကို ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ Naypyitaw State Polytechnic University မှ စာပေနှင့် အနုပညာအသင်း၊ Music Club၊ Chess Club၊ Football Club၊ တက္ကသိုလ် Master Plan၊ ပရောဂျက်များပြသခြင်းနှင့် စပ်လျဉ်း၍ ဘာသာရပ်ဆိုင်ရာအလိုက် ကျောင်းသားကိုယ်စားလှယ်များက တစ်ဦးချင်း ဆွေးနွေးတင်ပြကြပြီး လူငယ်ကိုယ်စားလှယ်အဖွဲ့များသည် Naypyitaw State Polytechnic University အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ညနေပိုင်းတွင် လူငယ်ကိုယ်စားလှယ်အဖွဲ့များသည် ဥတ္တရသီရိ Ocean Center သို့သွားရောက်ပြီးအမှတ်တရလက်ဆောင်ပစ္စည်းများ ဝယ်ယူခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုကိုအား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း ကျောင်းအုပ်ကြီးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## သံအမတ်ကြီး ဦးဇော်ဝင်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇန်နဝါရီ ၁၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဇော်ဝင်းမြင့်သည် ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၆ ရက်(သောကြာနေ့)တွင် ပေကျင်းမြို့ရှိ တရုတ်ပြည်သူ့ခန်းမဆောင်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

## ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၆ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၀၀၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ထူးခြားသည့် ညအပူချိန်များ (၁၆ - ၁ -၂၀၂၆)


| | | | | |
|---|---|---|---|---|
| ဟားခါး | ၃ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| တီးတိန် | ၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ပူတာအို | ၇ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| မိုးညှင်း | ၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| သီပေါ | ၈ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| လားရှိုး | ၉ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၁၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မာန်အောင် | ၁၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ခန္တီး | ၁၀ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယပ် |

## ❑ ထပ်မံသိမ်းဆည်းရမိမှု

မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာအမြောက်အမြား သိမ်းဆည်းရမိခဲ့သည့်သတင်းကို ဇန်နဝါရီ ၁၅ ရက်တွင်လည်းကောင်း၊ မိုင်းရယ်မြို့၏ အနောက်မြောက်ဘက် ၃၄ ကီလိုမီတာ အကွာ နားလင်းကျေးရွာ၏အရှေ့မြောက်ဘက် ၁၄ ကီလိုမီတာခန့်အကွာတွင် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာများ ထပ်မံဖမ်းဆီးရမိခဲ့သည့်သတင်းကို ဇန်နဝါရီ ၁၅ ရက်တွင်လည်းကောင်း အသီးသီး ထုတ်ပြန်ပြီးဖြစ်သည်။

အဆိုပါ သိမ်းဆည်းရမိမှုများနှင့် ဆက်စပ်၍ လုံခြုံရေးပူးပေါင်းအဖွဲ့များက လေကြောင်းကင်းထောက်ခြင်း၊ မြေပြင်သတင်းစုံစမ်းဖော်ထုတ်ခြင်းနှင့် နယ်မြေ ရှင်းလင်းခြင်းတို့ကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၁၆ ရက် ယနေ့နံနက် ၇ နာရီခွဲခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့၏ အနောက်တောင်ဘက် ၁၉ ကီလိုမီတာခန့်အကွာ၊ မန်ဖြတ်ကျေးရွာ၏ အနောက်မြောက်ဘက် ၁၅ ကီလိုမီတာခန့် အကွာ၌ မသင်္ကာဖွယ်ရာအဆောက်အအုံများတွေ့ရှိရသဖြင့် သွားရောက်ရှင်းလင်းခဲ့ရာ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် အလျား ပေ ၂၀၊ အနံ ပေ ၄၀ ရှိ အဆောက်အအုံ တစ်လုံး၊ အလျား ပေ ၅၀၊ အနံ ပေ ၂၀ ရှိ လူနေတဲ တစ်လုံး၊ မူးယစ်ဆေးဝါးရောစပ်သည့် စတီးဗန်းခြောက်ခုပါ အဆောက်အအုံ တစ်လုံး၊ အလျား ပေ ၁၂၀၊ အနံပေ ၄၀ ရှိ အဆောက်အအုံတစ်လုံး၊ အခြောက်ခံမွှေစက် နှစ်လုံး၊ မူးယစ်ဆေးဝါး အဖြူရောင်အမှုန့်များထားရှိသည့် ဂိုဒေါင် တစ်လုံး၊ အလျားပေ ၁၂၀၊ အနံ ပေ ၂၀ ရှိ လူနေအဆောက်အအုံ တစ်လုံး၊ မီးစက်ကြီး ငါးလုံး၊ Loader တစ်စီး၊ Bulldozer တစ်စီး၊ အပြာရောင်ပီပါခွံ အလုံး ၁၀၀၊ ပုံးအဖြူရောင် အလုံး ၅၀၊ ဂက်စ်အိုးအလုံး ၄၀၊ စီစစ်ဆဲ ဓာတုဗေဒ ပစ္စည်းထည့်ထားသော အိတ် ၅၀ ခန့်တို့ကို ထပ်မံတွေ့ရှိသိမ်းဆည်းခဲ့သည်။

အလားတူ နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် ယမန်နေ့က ဖမ်းဆီးရမိခဲ့သည့်နေရာ၏ အနောက်မြောက်ဘက် နှစ်ကီလိုမီတာခန့်အကွာ သီပေါ-မိုင်းရယ်သွားကားလမ်းအနီးရှိ စိန်ကြော့ကျေးရွာ၏ အရှေ့တောင်ဘက် ၁၅ ကီလိုမီတာခန့် အကွာတွင် မသင်္ကာဖွယ်ရာအဆောက်အအုံများတွေ့ရှိရသဖြင့် သွားရောက်ရှင်းလင်းခြင်းဆောင်ရွက်ခဲ့ရာ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် လူ ငါးဦးဆံ့ လူနေတဲ ၃၅ လုံး၊ Lovon အမျိုးအစား ဘက်ဟိုး တစ်စီး၊ အလျား ပေ ၃၀၊ အနံ ၁၅ ပေရှိ ဝါးဂိုဒေါင် နှစ်လုံး၊ အက်စစ် ၁၅ ဂါလန်ပုံးအလုံး ၇၀၊ အရှည် ပေ ၃၀၀ ခန့်ရှိ တဲတစ်လုံး၊ အခြောက်ခံဗန်း သုံးချပ်၊ မူးယစ်ဆေးဝါးချက်လုပ်သည့်ဖို သုံးခု၊ ဂက်စ်အိုးအလုံး၁၅၀၊ ကျောက်ချဉ်အိတ် ၁၅၀၊ ဆာလဖြူရစ်အက်စစ်ထည့်သောပုံးပြာ(အရည်ပါ)အလုံး ၅၀၀၊ ပုံးပြာအခွံ အလုံး ၁၀၀၀၊ ဆာလာအိတ်များဖြင့် ထည့်ထားသည့် Caustic Soda အိတ် ၁၅၀၊ ဆပ်ပြာခွက်များထည့်ထားသည့် ကတ်ထူဖာ ၃၀၀ တို့ကို ရှာဖွေဖော်ထုတ် သိမ်းဆည်းနိုင်ခဲ့ပြီး ထပ်မံ၍ရှာဖွေစစ်ဆေးခြင်းများဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၁ နာရီခန့်တွင် အဆိုပါနေရာ၏ အနောက်မြောက်ဘက် လေးကီလိုမီတာခန့်အကွာ၌ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဘွိုင်လာအိုး နှစ်လုံးပါ အလျား ပေ ၉၀၊ အနံ ပေ ၄၀ ရှိ အဆောက်အအုံ တစ်လုံး၊ ရေထည့် Boxer ကန် နှစ်လုံး၊ Liugong အမျိုးအစား Loader တစ်စီးနှင့် အလျား ပေ ၄၀၊ အနံပေ ၂၀ ရှိလူနေတဲ သုံးလုံးတို့ကို ထပ်မံတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။




သီပေါမြို့နယ် နမ့်လန်ဒေသနှင့် မိုင်းရယ်မြို့အနီး မူးယစ်ဆေးဝါး ချက်လုပ်သည့် နေရာအား လုပ်ငန်းသုံး ပစ္စည်းများ နှင့်အတူ ထပ်မံ သိမ်းဆည်း ရမိသည့် နေရာပြမြေပုံ။



သီပေါမြို့နယ် စိန်ကြော့ကျေးရွာအနီး ထပ်မံသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများချက်လုပ်ရာတွင် အသုံးပြုသောပစ္စည်းများကို တွေ့ရစဉ်။



မိုင်းရယ်မြို့နယ် မန်ဖြတ်ကျေးရွာအနီး ထပ်မံသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများချက်လုပ်ရာတွင် အသုံးပြုသောပစ္စည်းများကို တွေ့ရစဉ်။



သီပေါမြို့နယ် စိန်ကြော့ကျေးရွာအနီး ထပ်မံသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများချက်လုပ်ရာတွင် အသုံးပြုသော ဖန်အိုးများနှင့် ဂက်စ်အိုးများကို တွေ့ရစဉ်။



မိုင်းရယ်မြို့နယ် မန်ဖြတ်ကျေးရွာအနီး မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာတွင် ထပ်မံသိမ်းဆည်းရမိသည့် Loader တစ်စီးကို တွေ့ရစဉ်။



မိုင်းရယ်မြို့နယ် မန်ဖြတ်ကျေးရွာအနီး ထပ်မံသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများချက်လုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။



သီပေါမြို့နယ် စိန်ကြော့ကျေးရွာအနီး ထပ်မံသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများချက်လုပ်ရာတွင်အသုံးပြုသော ဆက်စပ်ကုန်ကြမ်းပစ္စည်းများကို တွေ့ရစဉ်။



သီပေါမြို့နယ် စိန်ကြော့ကျေးရွာအနီး မူးယစ်ဆေးဝါး ချက်လုပ်သည့်နေရာတွင် ထပ်မံသိမ်းဆည်းရမိသည့် ဘက်ဟိုး တစ်စီးကို တွေ့ရစဉ်။

အဆိုပါ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများကို ပညာရှင်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် အသေးစိတ်ဆက်လက်စစ်ဆေး၍ သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းအပ်နှံခြင်း၊ စနစ်တကျမီးရှို့ဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါဒေသတစ်ဝိုက်ကိုလည်း မသင်္ကာဖွယ်မူးယစ်ဆေးဝါးချက်လုပ်သည့် နေရာများရှိနိုင်သေးသဖြင့် နယ်မြေဖော်ထုတ် ရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေပြီး လူသားမျိုးနွယ်တစ်ခုလုံးကို လူညွှန့်တုံးပျက်စီးစေသည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို နိုင်ငံအတွင်းရှိ ရနိုင်သမျှသောစွမ်းအားစု၊ အရင်းအမြစ်များအသုံးပြုပြီး ပြည်သူလူထုနှင့်ပူးပေါင်း၍ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာအသိုက်အဝန်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် သတင်းများရရှိပါကလည်း တာဝန်ရှိသူများထံ အချိန်မီသတင်းပေးပို့ကြရန်လိုအပ်ကြောင်းနှင့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးဖြစ်စဉ်များတွင် အဓိကပါဝင်ပတ်သက်လျက်ရှိသည့် မည်သည့်အဖွဲ့အစည်းကိုမဆို ထိရောက်ပြင်းထန်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် နှင်းများထူထပ်စွာကျဆင်းနေသဖြင့် လိမ္မော်ရောင်သတိပေးချက် ထုတ်ပြန်ထား



အော့တဝါ ဇန်နဝါရီ ၁၆

ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် ဇန်နဝါရီ ၁၅ ရက်မှစ၍ နှင်းများ ထူထပ်စွာ ကျဆင်းနေသဖြင့် ယနေ့တွင် လိမ္မော်ရောင်သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

ကနေဒါနိုင်ငံ တိုရွန်တိုမြို့တွင် နှင်းမုန်တိုင်းတိုက်ခတ်ပြီး နှင်းများ ထူထပ်စွာကျဆင်းနေသဖြင့် သတိပေးချက်ကို Environment Canada ရာသီဥတုအေဂျင်စီက ထုတ်ပြန်ခဲ့ကြောင်း၊ ကနဦး နှင်းကျစက အဝါရောင်သတိပေးချက်အဖြစ်သာ ထုတ်ပြန်ထားခဲ့သော်လည်း ယနေ့နံနက်တွင် လိမ္မော်ရောင် သတိပေးချက်အဖြစ် အဆင့်မြှင့်တင်ခဲ့ကြောင်း သိရသည်။

လိမ္မော်ရောင် သတိပေးချက် ထုတ်ပြန်ထားသည့် ဒေသများမှာ Durham၊ Peel၊ Southern York၊ Guelph၊ Kitchener နှင့် Niagara တို့ဖြစ်ကြောင်း၊ အဆိုပါဒေသများတွင် နှင်းထုသည် ၂၀ စင်တီမီတာမှ ၃၅ စင်တီမီတာထိ ရောက်ရှိနိုင်ကြောင်း ခန့်မှန်းထားပြီး မြင်ကွင်းဝေဝါးခြင်း၊ ယာဉ်မတော်တဆမှုများဖြစ်ပေါ်နိုင်ခြင်းကြောင့် အဆိုပါဒေသမှ ဒေသခံများကို ထုတ်ပြန်ထားသည့် သဘာဝဘေးကြိုတင်ကာကွယ်ရေး စည်းမျဉ်းများအတိုင်း လိုက်နာနေထိုင်ကြရန် သတိပေးထားကြောင်း Environment Canada ရာသီဥတုအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လက်ရှိတွင် အပူချိန်သည် ညတွင်းချင်း သိသိသာသာကျဆင်းခဲ့ပြီး အနုတ်နှစ်ဒီဂရီဆဲလ်စီယပ်ထိ ရောက်ရှိခဲ့ကြောင်း၊ အဆိုပါအခြေအနေကြောင့် ပြည်သူများကို မလိုအပ်ဘဲ ခရီးသွားလာမှုများကို ရှောင်ကြဉ်ကြရန် အာဏာပိုင်များက သတိပေးထားသည်။

Ref : Sputnik News
Trs : KZ

# ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုးကျွန်းတွင် ပြင်းအား ၅ ဒသမ ၅ မဂ္ဂနီကျူးရှိ ငလျင်လှုပ်ခတ်ပြီး လူနေအိမ်နှင့် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့

တိုကျို ဇန်နဝါရီ ၁၆

ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုးကျွန်းတွင် ပြင်းအား ၅ ဒသမ ၅ မဂ္ဂနီကျူးအဆင့်ရှိ ငလျင်လှုပ်ခတ်ပြီး လူနေအိမ်နှင့် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ကြောင်း နိုင်ငံအခြေစိုက် ဘူမိသိပ္ပံပုံသုတေသနဌာန၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုးကျွန်းတွင် လှုပ်ခတ်ခဲ့သည့်ငလျင်သည် မြေအောက်အနက် ၁၀ ကီလိုမီတာခန့်၊ မြောက်လတ္တီတွဒ် ၄၂ ဒသမ ၈၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၁၄၅ ဒသမ ၃၆ ဒီဂရီအနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



အဆိုပါ ငလျင်လှုပ်ခတ်မှုကြောင့် ဟော့ကိုင်းဒိုးကျွန်း၏ နေရာတချို့၌ ပြင်းထန်စွာခံစားခဲ့ရကြောင်း၊ ငလျင်ကြောင့် လူနေအိမ်နှင့် အခြေခံအဆောက်အအုံများစွာပျက်စီးခဲ့ရကြောင်း၊ ပျက်စီးမှုအတိုင်းအတာနှင့် စီးပွားရေးဆိုင်ရာဆုံးရှုံးမှုများကို ယနေ့တွင် စစ်တမ်းများကောက်ယူနေဆဲဖြစ်ကြောင်း၊ လက်ရှိအချိန်ထိ ထိခိုက်ဒဏ်ရာရရှိမှုများ ရှိခဲ့သော်လည်း လူသေဆုံးမှု မရှိသေးကြောင်း ဂျပန်အာဏာပိုင်များက ပြောကြားထားသည်။

နောက်ဆက်တွဲ ငလျင်ငယ်များလှုပ်ခတ်နိုင်သဖြင့် ဒေသခံပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှု မဖြစ်ပေါ်စေရန် ဒေသခံများကို သတိပြုနေထိုင်ရန် သက်ဆိုင်ရာကျွန်းအာဏာပိုင် အဖွဲ့အစည်းများက သတိပေးထားကြောင်း သိရသည်။

ယနေ့တွင် ကယ်ဆယ်ရေးအဖွဲ့များနှင့် ကျွန်းအာဏာပိုင်များက အပျက်အစီးများကြား ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ခြင်းနှင့် အဆောက်အအုံများကြံ့ခိုင်မှုစစ်ဆေးခြင်းတို့ကို ဆောင်ရွက်နေကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ် ဆစ်ဒနီမြို့ရှိ ကမ်းခြေများတွင် ပင်လယ်ရေထုနှင့် ကမ်းခြေညစ်ညမ်းမှုကာကွယ်ရန် ရေဆိုးစနစ်ကို အကြီးစားမြှင့်တင်မည်

ကင်ဘာရာ ဇန်နဝါရီ ၁၆

ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ် ဆစ်ဒနီမြို့ရှိ ကမ်းခြေများတွင် ပင်လယ်ရေထုနှင့် ကမ်းခြေညစ်ညမ်းမှု ကာကွယ်ရန် အစိုးရက ရေဆိုးစနစ်ကို အကြီးစားအဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း ရေသယံဇာတရေးရာ ဝန်ကြီးဌာန၏ ယနေ့ ထုတ်ပြန်ချက်အရ သိရသည်။

နယူးဆောက်ဝေးပြည်နယ် ရေသယံဇာတရေးရာဝန်ကြီး ရိုစ် ဂျက်ဆင်၏ ပြောကြားချက်အရ မာလာဘာမြို့တွင်ရှိသည့် အိမ်သုံးနှင့် စက်မှုလုပ်ငန်းရေဆိုးသန့်စင်စနစ်အပါအဝင် ပြည်နယ်တစ်ဝန်းရှိ ရေဆိုးသန့်စင်စနစ်ကို ဩစတြေးလျဒေါ်လာ သုံးဘီလီယံခန့်သုံးစွဲကာ ရေရှည်စီမံကိန်းအနေဖြင့် အဆင့်မြှင့်တင်ရန် စီစဉ်နေကြောင်း သိရသည်။

ယခုအခါ ကမ်းရိုးတန်းတစ်လျှောက် ပင်လယ်ရေထုနှင့် ကမ်းခြေများ ညစ်ညမ်းလာကြောင်း၊ ထိုညစ်ညမ်းမှုမှ ကာကွယ်ပေးသည့် ရေဆိုးသန့်စင်စနစ်တွင်ပါသည့် စက်ရုံများကို အစိုးရက အဆင့်မြှင့်တင်မှု အကြီးစား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ အကြီးစားအဆင့်မြှင့်တင်မှုကို ဆောင်ရွက်ပြီးပါက ရေဆိုးများထဲတွင်ပါသည့် အညစ်အကြေး၊ အဆီနှင့် ဓာတုဒြပ်ပေါင်းများကို အပြည့်အဝဖယ်ရှားသန့်စင်နိုင်တော့မည်ဖြစ်ကြောင်း၊ အစိုးရ၏ ယခုအဆင့်မြှင့်တင်မှုသည် ပင်လယ်ထဲသို့စွန့်ပစ်ရမည့် ရေဆိုးပမာဏကို လျှော့ချနိုင်မည်ဖြစ်ပြီး ကမ်းခြေများ၏ သန့်ရှင်းလုပ်မှုကို ထိန်းသိမ်းနိုင်မည်ဟု မျှော်လင့်ထားကြောင်း ပတ်ဝန်းကျင်ကာကွယ်ရေး အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : KZ

# နမီးဘီးယားနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ပျက်စီးမှု ဖြစ်ပေါ်စေသော တရားမဝင် သဲနှင့် ကျောက်စရစ် တူးဖော်မှုများကိုရပ်တန့်ရန် အစိုးရက သတိပေးထား

ဝင်းဟုတ်ခ် ဇန်နဝါရီ ၁၆

နမီးဘီးယားနိုင်ငံတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု ပြင်းထန်စွာ ဖြစ်ပေါ်စေသော တရားမဝင် သဲနှင့် ကျောက်စရစ် တူးဖော်မှုများကို ရပ်တန့်ရန် အစိုးရက သတိပေးချက်ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါ ထုတ်ပြန်ချက်အရ ပတ်ဝန်းကျင်ဆိုင်ရာ ခွင့်ပြုချက်များမရရှိဘဲ သဲနှင့် ကျောက်စရစ်များကို စည်းကမ်းမဲ့ထုတ်ယူနေသည့်လုပ်ငန်းများ နိုင်ငံအနှံ့တွင် တိုးလာကြောင်း၊ သဲနှင့် ကျောက်စရစ်တူးဖော်ရေးလုပ်ငန်းအားလုံးသည် ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုအကဲဖြတ်ခြင်း (EIA)၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)မှ ခွင့်ပြုချက်များရရှိပြီးမှသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ တရားမဝင် သဲနှင့် ကျောက်စရစ်တူးဖော်မှုများသည် မြေယာယိုယွင်းပျက်စီးခြင်း၊ မြစ်ကမ်းပါးများတိုက်စားခြင်း၊ စိုက်ပျိုးမြေများ ပျက်စီးဆုံးရှုံးခြင်းအပြင် လမ်းများ၊ တံတားများနှင့် အခြေခံ အဆောက်အအုံများပါ ပျက်စီးနိုင်ကြောင်း သိရသည်။

လမ်း၊ ဆောက်လုပ်ရေး၊ အိမ်ရာစီမံကိန်းများနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး လုပ်ငန်းများကြောင့် သဲနှင့် ကျောက်စရစ်များ ဝယ်ယူမှုမြင့်တက်လာနေသော်လည်း သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေမည့်အဆင့်ထိ မဖြစ်သင့်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောနှင့် ခရီးသွားလုပ်ငန်းဝန်ကြီး ဒန်နီရယ်က သတိပေး ပြောကြားခဲ့သည်ဟု သိရသည်။

လက်ရှိတွင် အဆိုပါ စိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် အစိုးရသည် ပတ်ဝန်းကျင်ဆိုင်ရာဥပဒေများကို ပိုမိုတင်းကျပ်စွာအကောင်အထည်ဖော်နိုင်ရေးနှင့် ကြပ်မတ်ထိန်းချုပ်မှုများအားကောင်းစေရန် သဲနှင့် ကျောက်စရစ်တူးဖော်ရေး စည်းမျဉ်းသစ်များ ရေးဆွဲရာတွင် ဒေသခံပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသဆိုင်ရာ အာဏာပိုင်များ ပါဝင်စေမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# တောင်အာဖရိကနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ကရူဂါအမျိုးသားဥယျာဉ်ကို ယာယီပိတ်ထား

ပရီတိုးရီးယား ဇန်နဝါရီ ၁၆

တောင်အာဖရိကနိုင်ငံတွင် ယခုရက်သတ္တပတ် အစောပိုင်းကတည်းက မိုးသည်းထန်စွာ ရွာသွန်းပြီး ဥယျာဉ်အတွင်းဖြတ်သန်းစီးဆင်းသည့်မြစ်များ မြစ်ရေလျှံကာ ရေကြီးရေလျှံမှုများပြင်းထန်စွာဖြစ်ပွားလာမှုကြောင့် ကရူဂါအမျိုးသားဥယျာဉ်ကို ယာယီပိတ်ထားကြောင်း အဆိုပါအမျိုးသားဥယျာဉ်မှ တာဝန်ရှိသူများက ယနေ့တွင် ပြောကြားခဲ့သည်ဟု သိရသည်။

ဥယျာဉ်အတွင်း ဖြတ်သန်းစီးဆင်းသည့်မြစ်များသည် မိုးရွာသွန်းမှုကြောင့် ရေစီးမြန်ဆန်မှုများ ဖြစ်ပေါ်ကာ ရေစီးကြောင့် ဥယျာဉ်အတွင်းရှိ လမ်း၊ တံတားတချို့ ရေနစ်မြုပ်ခဲ့ရကြောင်း၊ ထို့ကြောင့် လာရောက် လည်ပတ်သူများ၏ အသက်အန္တရာယ်ရှိသဖြင့် အမျိုးသားဥယျာဉ်ကို ယာယီပိတ်ထားရကြောင်း သိရသည်။

လက်ရှိတွင် ဥယျာဉ်အတွင်းရှိ တိရစ္ဆာန်များကို ရေဘေးလွတ်ရာ မြင့်ရာနေရာများသို့ အချိန်မီရွှေ့ပြောင်းနိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ဥယျာဉ်အတွင်းရှိ တိရစ္ဆာန်များ၏ အသက်အန္တရာယ် အထူးစိုးရိမ်စရာမရှိကြောင်း၊ သို့သော် မိုးရွာသွန်းမှုမရပ်သေးသဖြင့် အခြေအနေကို ဆက်လက်စောင့်ကြည့်သွားမည်ဖြစ်ကြောင်း၊ ဘေးကင်းလုံခြုံစိတ်ချရမှသာ အမျိုးသားဥယျာဉ်ကို ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း အမျိုးသားဥယျာဉ်မှ တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

**သစ်ပင်စိုက်ပါ တို့ကမ္ဘာ**
**သာယာလှပ စိမ်းမြမြ**

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်း၊ လမ်း၊ တံတား၊ ဒါယကာကြီး**
**ဒုတိယဗိုလ်ချုပ်ကြီး မဟာသရေစည်သူ အောင်ထွေး(ငြိမ်း) OTS (29)**
**တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်(ငြိမ်း)၊**
**ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး(ငြိမ်း)**
**အသက် (၈၂)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့နေ သီဟသုဓမ္မသိင်္ဂီ ဒေါ်ခင်နှင်းဝေ၏ ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး(ငြိမ်း)သည် ၁၅-၁-၂၀၂၆ ရက်(ကြာသပတေးနေ့) ၂၁:၂၀ နာရီတွင် (၉၆)ပါးသော ရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ







**အိမ်ပြင်ပသို့ ထွက်သော မီးများကိုနေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**

# မန္တလေးမြို့ မဟာမုနိဘုရားကြီး
# (၆၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်လှူဒါန်းမည်

၁၃၈၇ ခု၊ တပို့တွဲလဆန်း (၁)ရက်မှ (၉)ရက်၊ (၁၈-၁-၂၀၂၆ မှ ၂၆-၁-၂၀၂၆)အထိ

**(၄၈)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဘာသ်ပူဇော်ပွဲ**

တပို့တွဲလဆန်း (၁၀)ရက်မှ (၁၂)ရက်၊ (၂၇-၁-၂၀၂၆ မှ ၂၉-၁-၂၀၂၆)အထိ နေ့စဉ်ညနေ (၅)နာရီ

**(ဆဋ္ဌမ)အကြိမ် ဓမ္မသဘင်တရားပူဇော်ပွဲ**

တပို့တွဲလပြည့်နေ့ (၁-၂-၂၀၂၆)၊ နံနက်(၆)နာရီ မြတ်စွာဘုရားအမှူးပြုသော သံဃာတော်အပါး (၁၁၀၀)တို့အား


**(၆၇)ကြိမ်မြောက် စာရေးတံမဲနှင့်တကွ ဆွမ်းတော်ကြီးလောင်းလှူပွဲ**

တပို့တွဲလပြည့်ကျော်(၈)ရက်၊ (၉-၂-၂၀၂၆)၊ မွန်းလွဲ(၁)နာရီ မြတ်စွာဘုရားအမှူးပြုသော သံဃာတော်အပါး (၅၅၀)တို့အား

**(၃၂)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ** တို့ကို

စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်လှူဒါန်းသွားမည်ဖြစ်ပါ၍ မဟာမုနိဘုရားကြီး "ပွဲတော်အလှူခံမဏ္ဍပ်"တွင် ကုသိုလ်ပါဝင် လှူဒါန်းနိုင်ပါကြောင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် ပါဝင်လောင်းလှူကြမည့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ပုဂ္ဂလိကအလှူရှင်များအား မဏ္ဍပ်အခန်းနေရာ သတ်မှတ်စီစဉ်ပေးသွားမည်ဖြစ်ပါ၍ တပို့တွဲလပြည့်ကျော် (၅)ရက်နေ့ နောက်ဆုံးထား၍ "ဆွမ်းဆန်စိမ်းလောင်းလှူရေးကော်မတီသို့" ကြိုတင်စာရင်းပေးနိုင်ပါရန် နိဗ္ဗာန်အကျိုးမြော်ကာ လေးမြတ်စွာ နှိုးဆော်အပ်ပါသည်။

မဟာမုနိဂေါပကအဖွဲ့၊ မန္တလေးမြို့






ML

# တနင်္ဂနွေနေ့ညရဲ့ အမှတ်ပေးပွဲစဉ်တွေထဲမှာ တန်းဆင်းဇုန်အတွင်းက ဝုဗ်အသင်း၊ ဖီအိုရင်တီးနားအသင်း၊ ဥရောပဝင်ခွင့်အတွက်ကြိုးစားနေတဲ့ စတုဂတ်အသင်းတို့ကို အကြိုက်တွေ့မိပါတယ်



ဒီတစ်ပတ် ပုံမှန်ယှဉ်ပြိုင်ကစားနေကျဖြစ်တဲ့ အမှတ်ပေးပြိုင်ပွဲတွေ ပြီးဆုံးခဲ့ရင် ကြားရက်မှာ ခေတ္တရပ်နားထားတဲ့ ဥရောပပြိုင်ပွဲတွေ ပြန်လည်စတင်ကစားလာကြမှာဖြစ်ပါတယ်။ ဥရောပပွဲစဉ်တွေဖြစ်တဲ့ ချန်ပီယံလိဂ်၊ ယူရိုပါလိဂ်ပြိုင်ပွဲတွေအနေနဲ့လဲ အုပ်စုပွဲစဉ်ပြီးဆုံးတော့မှာဖြစ်လို့ နောက်တစ်ဆင့်တက်ရောက်ဖို့ မျှော်လင့်ခွင့်ရတဲ့အသင်းတွေအနေနဲ့ ဥရောပပြိုင်ပွဲနဲ့ အမှတ်ပေးပြိုင်ပွဲကာလကြားမှာ ဆက်လက်ကြိုးစားကစားလာကြမှာဖြစ်လို့ ပရိသတ်စိတ်ဝင်စားတဲ့ ပွဲစဉ်တချို့ကိုလဲ ဆက်လက်မြင်တွေ့လာရဖွယ်ရှိနေပါတယ်။ အခု အမှတ်ပေးပြိုင်ပွဲမှာဆိုရင် ပရီးမီးယားလိဂ်ပြိုင်ပွဲအနေနဲ့ အဆင့်(၁)နေရာက အာဆင်နယ်အသင်းအနေနဲ့ ချန်ပီယံဆုအတွက် တန်းဆင်းဇုန်ဖိအားရှိနေတဲ့ နော်တင်ဟမ်အသင်းကို အဝေးကွင်းမှာ သွားရောက်ယှဉ်ပြိုင်ကစားရမှာဖြစ်သလို ကြားရက်ချန်ပီယံလိဂ်ပြိုင်ပွဲမှာလဲ အင်တာမီလန်အသင်းကို အဝေးကွင်းမှာ သွားရောက်ယှဉ်ပြိုင်ကစားရမှာဖြစ်တာကြောင့် သူတို့အသင်းရဲ့ အသင်းလိုက်စွမ်းဆောင်ရည်ပိုင်းက ဆက်လက်စောင့်ကြည့်ရအုံးမှာဖြစ်ပါတယ်။ ဒ့ါပြင် အခြားထိပ်သီးအသင်းတွေဖြစ်တဲ့ မန်စီးတီး၊ လီဗာပူး၊ ချဲလ်ဆီး၊ ပီအက်စ်ဂျီ၊ ဘာစီလိုနာ၊ ရီးရဲလ်မက်ဒရစ်၊ နာပိုလီ၊ အေတီကို၊ ဘိုင်ယန်မြူးနစ်၊ ဂျူဗင်တပ်အသင်းတို့အနေနဲ့လဲ ကြားရက်ဥရောပချန်ပီယံလိဂ်ပွဲစဉ်ကြောင့် အမှတ်ပေးပြိုင်ပွဲတွေအပေါ် သက်ရောက်မှုရှိနိုင်ပါ့မလား၊ သက်ဆိုင်ရာလိဂ်အသီးသီးရဲ့ အမှတ်ပေးဇယားအပေါ် အပြောင်းအလဲရှိနိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ပြိုင်ပွဲတွေဆက်တိုက်များနေတဲ့ အခုလိုကာလမှာ အကြိုက်တွေ့မိတဲ့ ပွဲစဉ်တချို့ကို လေ့လာရွေးချယ်သုံးသပ်လိုက်ရပါတယ်။

## ဝုဗ်အသင်းကို အားပေးရမှာပါ

ဒီတစ်ပတ်ရဲ့ စိတ်ဝင်စားမိတဲ့ ပွဲစဉ်ကတော့ ပရီးမီးယားလိဂ်ပွဲစဉ်(၂၂)အဖြစ် ယှဉ်ပြိုင်ကစားကြမဲ့ ဝုဗ်နဲ့ နယူးကာဆယ်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဝုဗ်အသင်းအနေနဲ့ လက်ရှိဘောလုံးရာသီမှာ ရလဒ်ပိုင်းနဲ့ခြေစွမ်းပိုင်းဆိုးရွားလွန်းနေမှုနဲ့အတူ ပွဲစဉ် ၂၁ ပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ တစ်ပွဲသာအနိုင်ရထားပြီး လေးပွဲသရေ၊ ၁၆ ပွဲရှုံးရလဒ်နဲ့ တန်းဆင်းဇုန်အတွင်း အမှတ်ပေးဇယားအောက်ဆုံးမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းအနေနဲ့ အဆင့်(၁၉)က ဘန်လေအသင်းနဲ့ ခြောက်မှတ်ထိကွာဟနေပြီဖြစ်သလို အဆင့်(၁၇)နေရာက နော်တင်ဟမ်အသင်းနဲ့လဲ ရမှတ် ၁၄ မှတ်ထိ ကွာဟနေတာကြောင့် ချန်ပီယံရှစ်ကို တန်းဆင်းရဖို့ ရာခိုင်နှုန်းများနေတယ်လို့ ဆိုရမှာပါ။ သူတို့အသင်းအနေနဲ့ယှဉ်ပြိုင်ကစားဖို့ ၁၇ ပွဲသာကျန်ရှိတော့တဲ့ လက်ရှိဘောလုံးရာသီမှာ တန်းကျန်ရစ်နိုင်ဖို့ကြိုးစားကစားနေပြီး နောက်ဆုံးသုံးပွဲမှာ မန်ယူအသင်းကိုသရေ၊ ဝက်စ်ဟမ်းအသင်းကို အနိုင်နဲ့ အဲဗာတန်အသင်းကို သရေကစားနိုင်ခဲ့တာကို တွေ့ရပါတယ်။

နယူးကာဆယ်အသင်းကတော့ လက်ရှိခြေစွမ်းပိုင်းက တည်ငြိမ်မှုမရှိတာကို တွေ့ရပြီး နောက်ဆုံးနှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးထားတဲ့အသင်းပါ။ ကြားရက် အက်ဖ်အေဖလားပြိုင်ပွဲမှာ ဘုန်းမောက်အသင်းကို ပင်နယ်တီအဆုံးအဖြတ်နဲ့ နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့တယ်ဆိုပေမဲ့ မန်စီးတီးအသင်းနဲ့ လိဂ်ဖလားဆီမီးဖိုင်နယ် ပထမအကျော့ အိမ်ကွင်းပွဲစဉ်မှာ နှစ်ဂိုးပြတ်ရှုံးနိမ့်ထားတာပါ။ သူတို့အသင်းအနေနဲ့ လက်ရှိပရီးမီးယားလိဂ်အမှတ်ပေးဇယားအဆင့်(၆)နေရာမှာ ရပ်တည်နေတယ်ဆိုပေမဲ့ လာမဲ့ကြားရက်မှာလဲ ချန်ပီယံလိဂ်ပွဲစဉ်နောက်တစ်ဆင့်ကို တက်ရောက်နိုင်ဖို့ နယ်သာလန်ကလပ် ပီအက်စ်ဗွီအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ ဒါကြောင့် သူတို့အသင်းအနေနဲ့ ပြိုင်ပွဲတွေဆက်တိုက်ယှဉ်ပြိုင်ကစားနေရတဲ့လက်ရှိကာလမှာ အမှတ်ပေးပြိုင်ပွဲကို အာရုံစိုက်နိုင်ပါ့မလားဆိုတာ သတိပြုရမှာပါ။ ဒါပြင် နယူးကာဆယ်အသင်းရဲ့ လက်ရှိဘောလုံးရာသီ အဝေးကွင်းခြေစွမ်းပိုင်းက နှစ်ပွဲသာအနိုင်ရရှိထားပြီး သုံးပွဲသရေ၊ ငါးပွဲရှုံးရလဒ်ရရှိထားပါတယ်။ ဒါကြောင့် အခုပွဲစဉ်မှာ အိမ်ကွင်းအားနဲ့ ရလဒ်ကောင်းအောင် ဖိအားပေးကစားလာနိုင်တဲ့ ဝုဗ်အသင်းကို အားပေးရမှာပါ။

### ဝုဗ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၂ | - | ၁ | ဝုဗ် |
| မန်ယူ | ၁ | - | ၁ | ဝုဗ် |
| ဝုဗ် | ၃ | - | ၀ | ဝက်စ်ဟမ်း |
| အဲဗာတန် | ၁ | - | ၁ | ဝုဗ် |
| ဝုဗ် | ၆ | - | ၁ | ရှရီးဘူရီ |

### နယူးကာဆယ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘန်လေ | ၁ | - | ၃ | နယူးကာဆယ် |
| နယူးကာဆယ် | ၂ | - | ၀ | ပဲလေ့စ် |
| နယူးကာဆယ် | ၃ | - | ၃ | လိဒ် |
| နယူးကာဆယ် | ၃ | - | ၃ | ဘုန်းမောက် |
| နယူးကာဆယ် | ၀ | - | ၂ | မန်စီးတီး |

## ဖီအိုရင်တီးနားအသင်းပဲ ရလဒ်ကောင်းသွားမှာပါ

နောက်ထပ်စိတ်ဝင်စားမိတဲ့ပွဲစဉ်ကတော့ အီတလီစီးရီးအေပွဲစဉ်တွေထဲက ဘိုလော့ဂ်နာနဲ့ ဖီအိုရင်တီးနားအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ စီးရီးအေပွဲစဉ်(၂၁)အဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး လက်ရှိမှာတော့ ဘိုလော့ဂ်နာအသင်းက အမှတ်ပေးဇယားအဆင့်(၈)နေရာမှာရပ်တည်နေပြီး ဖီအိုရင်တီးနားအသင်းကတော့ တန်းဆင်းဇုန်အတွင်း အဆင့်(၁၈)နေရာမှာ ရပ်တည်နေပါတယ်။ ဘိုလော့ဂ်နာအသင်းအနေနဲ့ နောက်ဆုံးပွဲစဉ်မှာ ဗီရိုနာအသင်းကို နှစ်ဂိုး သုံးဂိုးနဲ့ အနိုင်ရရှိခဲ့တယ်ဆိုပေမဲ့ ပြိုင်ပွဲစုံနောက်ဆုံးခုနစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးထားတာကို တွေ့ရပါတယ်။ သူတို့အသင်းအနေနဲ့လဲ ကြားရက်မှာ စကော့တလန်ကလပ် ဆဲလ်တစ်အသင်းနဲ့ ယူရိုပါလိဂ်ပြိုင်ပွဲယှဉ်ပြိုင်ကစားရမှာဖြစ်သလို လက်ရှိပြိုင်ပွဲတွေကာလမှာလဲ ကစားသမားတွေရဲ့ပွဲပန်းမှုနဲ့အတူ ရလဒ်ပိုင်းတွေ ကျဆင်းနေတာဖြစ်တယ်လို့ယူဆမိပါတယ်။ ဒါကြောင့် အခုပွဲစဉ်မှာ တန်းဆင်းဇုန်ဖိအားရှိနေတဲ့ဖီအိုရင်တီးနားအသင်းကို ထိန်းချုပ်ကစားနိုင်ပါ့မလားဆိုတာ သတိပြုရမှာပါ။

ဖီအိုရင်တီးနားအသင်းကတော့ တန်းဆင်းဇုန်အတွင်း အဆင့်(၁၈) နေရာမှာ ရပ်တည်နေတာကြောင့် နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ပိုင်းကောင်းမွန်ဖို့ ကြိုးစားကစားနေတာကို တွေ့ရပါတယ်။ ဒါကြောင့် အမှတ်ပေးပြိုင်ပွဲနောက်ဆုံးငါးပွဲမှာဆိုရင် ပါးမားတစ်သင်းကိုသာ ရှုံးနိမ့်ထားပြီး အူဒီးနီးစ်နဲ့ ခရီမိုနန်ဆီအသင်းကို အနိုင်၊ လာဇီယိုနဲ့ အေစီမီလန်အသင်းတို့ကို သရေကစားထားနိုင်ခဲ့ပါတယ်။ ဒါကြောင့် သူတို့အသင်းအနေနဲ့ နောက်ပိုင်းပွဲစဉ်တွေမှာလဲ ရလဒ်ပိုင်းကောင်းမွန်ဖို့ အကောင်းဆုံးပြင်ဆင်ကစားလာမှာပါ။ ဒါပေမဲ့ သူတို့အသင်းဟာ ဒီရာသီမှာ အဝေးကွင်းနိုင်ပွဲ မရရှိသေးဘဲ ပွဲစဉ် ၁၀ ပွဲမှာ ငါးပွဲရှုံး၊ ငါးပွဲသရေကျထားတာကြောင့် ဘိုလော့ဂ်နာအသင်းရဲ့ တိုက်စစ်ပိုင်းကိုတော့ ထိန်းချုပ်ကစားနိုင်ဖို့ခက်အုံးမှာပါ။ ဒီနှစ်သင်းရဲ့ ပြီးခဲ့တဲ့ဘောလုံးရာသီထိပ်တိုက်တွေ့ဆုံမှုမှာ နှစ်ကြိမ်စလုံး ဖီအိုရင်တီးနားအသင်းအနိုင်ရထားပြီး လက်ရှိမှာလဲ တန်းဆင်းဇုန်ဖိအားကြောင့် ခံစစ်ပိုင်းဦးစားပေးကစားလာနိုင်တဲ့ ဖီအိုရင်တီးနားအသင်းပဲ ရလဒ်ကောင်းသွားမှာပါ။

### ဘိုလော့ဂ်နာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘိုလော့ဂ်နာ | ၁ | - | ၁ | ဆက်ဆူအိုလို |
| အင်တာမီလန် | ၃ | - | ၁ | ဘိုလော့ဂ်နာ |
| ဘိုလော့ဂ်နာ | ၀ | - | ၂ | အတ္တလန္တာ |
| ကိုမို | ၁ | - | ၁ | ဘိုလော့ဂ်နာ |
| ဗီရိုနာ | ၂ | - | ၃ | ဘိုလော့ဂ်နာ |

### ဖီအိုရင်တီးနားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဖီအိုရင်တီးနား | ၅ | - | ၁ | အူဒီးနီးစ် |
| ပါးမား | ၁ | - | ၁ | ဖီအိုရင်တီးနား |
| ဖီအိုရင်တီးနား | ၁ | - | ၀ | ခရီမိုနန်ဆီ |
| လာဇီယို | ၂ | - | ၂ | ဖီအိုရင်တီးနား |
| ဖီအိုရင်တီးနား | ၁ | - | ၁ | အေစီမီလန် |

## စတုဂတ်အသင်းပဲ အနိုင်ရသွားပါလိမ့်မယ်

နောက်ထပ်အကြိုက်တွေ့မိတဲ့ပွဲစဉ်ကတော့ ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ်တွေထဲက စတုဂတ်အသင်းနဲ့ ယူနီယံဘာလင်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ စတုဂတ်အသင်းဟာ အကောင်းဆုံးခြေစွမ်းပိုင်းတွေနဲ့အတူ ပြိုင်ပွဲစုံနောက်ဆုံးခြောက်ပွဲဆက် ရှုံးနိမ့်ထားခြင်းမရှိဘဲ ငါးပွဲနိုင်၊ တစ်ပွဲသရေကျထားပါတယ်။ သူတို့အသင်းအနေနဲ့ လက်ရှိဘောလုံးရာသီမှာ ပွဲစဉ် ၁၇ ပွဲယှဉ်ပြိုင်ကစားထားပြီး ၁၀ပွဲနိုင်၊ နှစ်ပွဲသရေ၊ ငါးပွဲရှုံးရလဒ်နဲ့ အမှတ်ပေးဇယားအဆင့်(၄)နေရာမှာ ရပ်တည်နေသလို လာမဲ့ဘောလုံးရာသီဥရောပဝင်ခွင့်အတွက် ကြိုးစားကစားနေတာကို တွေ့ရပါတယ်။ သူတို့အသင်းအနေနဲ့ ပြီးခဲ့တဲ့ပွဲစဉ်တွေမှာ လေဗာကူဆင်လိုအသင်းကို အဝေးကွင်းမှာ လေးဂိုးတစ်ဂိုး၊ ဖရန့်ဖတ်အသင်းကို သုံးဂိုး နှစ်ဂိုးနဲ့အနိုင်ရရှိထားတာဖြစ်လို့ လက်ရှိတိုက်စစ်ပိုင်းအကောင်းဆုံးပုံစံမှာရှိနေတယ်လို့ဆိုရမှာပါ။ ကြားရက်မှာ ရိုးမားအသင်းနဲ့ ချန်ပီယံလိဂ်ပွဲစဉ်ယှဉ်ပြိုင်ကစားရမယ်ဆိုပေမဲ့လဲ အဲဒီပြိုင်ပွဲမှာ သူတို့အသင်းအနေနဲ့ နောက်တစ်ဆင့်တက်ရောက်ဖို့ အခွင့်အရေးရှိနေပြန်တာကြောင့် ပြိုင်ပွဲတိုင်းကို အာရုံစိုက်ယှဉ်ပြိုင်ကစားနေတယ်လို့ ဆိုရမှာပါ။

ယူနီယံဘာလင်အသင်းကတော့ နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်ငါးပွဲမှာ သုံးပွဲနိုင်၊ နှစ်ပွဲသရေကျထားတယ်ဆိုပေမဲ့ လက်ရှိမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘူးလို့ဆိုရမှာပါ။ သူတို့အသင်းအနေနဲ့ ပွဲစဉ် ၁၇ ပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ ခြောက်ပွဲနိုင်၊ ငါးပွဲသရေ၊ ခြောက်ပွဲရှုံးနိမ့်ထားတာကြောင့် အခုစတုဂတ်အသင်းရဲ့ အိမ်ကွင်းမှာ ရလဒ်ကောင်းဖို့ ရုန်းကန်ကစားရမှာဖြစ်ပါတယ်။ ဒ့ါပြင် သူတို့အသင်းအနေနဲ့ လက်ရှိဘောလုံးရာသီမှာ တိုက်စစ်ပိုင်းဦးစားပေးကစားတတ်တဲ့အသင်းတွေနဲ့ ယှဉ်ပြိုင်ကစားကြတဲ့အခါ ခံစစ်ပိုင်းက ထိန်းချုပ်နိုင်ဖို့ ခက်ခဲနေတတ်တာကို တွေ့ရပါတယ်။ ယူနီယံဘာလင်အသင်းအနေနဲ့ အခုပွဲစဉ်ပြီးရင် လာမဲ့အပတ်မှာ ဒေါ့မွန်အသင်းနဲ့ ဆက်လက်ယှဉ်ပြိုင်ကစားရမှာဖြစ်တာကြောင့် သူတို့အသင်းအတွက် ပွဲကျပ်ကာလလို့တောင် ဆိုရမှာဖြစ်ပါတယ်။ ဒါကြောင့် အသင်းလိုက်စွမ်းဆောင်ရည်ပုံမှန်သာရှိနေတဲ့သူတို့အသင်းအတွက် လက်ရှိကာလမှာ ရလဒ်ကောင်းနိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရမှာပါ။ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ စတုဂတ်အသင်းကို နှစ်ကျော့စလုံးမရှုံးနိမ့်အောင် ကစားနိုင်ခဲ့တယ်ဆိုပေမဲ့ လက်ရှိမှာတော့ ခြေစွမ်းပိုင်းထက်မြက်နေတဲ့ စတုဂတ်အသင်းပဲ အနိုင်ရသွားပါလိမ့်မယ်။

### စတုဂတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဝါဒါဘရီမင် | ၀ | - | ၄ | စတုဂတ် |
| စတုဂတ် | ၀ | - | ၀ | ဟော်ဖန်ဟိမ်း |
| စတုဂတ် | ၃ | - | ၂ | လူဇန် |
| လေဗာကူဆင် | ၁ | - | ၄ | စတုဂတ် |
| စတုဂတ် | ၃ | - | ၂ | ဖရန့်ဖတ် |

### ယူနီယံဘာလင်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ယူနီယံဘာလင် | ၃ | - | ၁ | လိုက်ပ်ဇစ် |
| ကိုလုံး | ၁ | - | ၀ | ယူနီယံဘာလင် |
| အဲဂျီဘတ် | ၁ | - | ၂ | ယူနီယံဘာလင် |
| ယူနီယံဘာလင် | ၂ | - | ၂ | မိန့်ဇ် |
| အော့စ်ဘတ် | ၁ | - | ၁ | ယူနီယံဘာလင် |

# ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(**အပျို**)ဖြစ်ရမည်။

( ခ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

( ဂ ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မည်သည့်ဘွဲ့မဆို လျှောက်ထားနိုင်သည်။

( င ) မဟာဘွဲ့တက်ရောက်ရန် အဆင့်မီသူဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။

( စ ) ဘွဲ့လက်မှတ်(**မူရင်း**)နှင့် ဘွဲ့ရအမှတ်စာရင်း တင်ပြနိုင်ရမည်။

(ဆ) **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့**တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီးသူများအနေဖြင့် ၂၇ နှစ် အထိလည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ် အထိလည်းကောင်း လျှောက်ထားနိုင်သည်။

( ဇ ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။

( ဈ ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **အခမဲ့** ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက် ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅** ရက်နေ့တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး **ဖေဖော်ဝါရီလ ၁၈ ရက်နေ့** နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် အချိန်မီပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်း ခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# မဟာယံကျောက်ပြားစက်ရုံ (မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြု၍ကာ အီတလီနည်းပညာဖြင့် ထုတ်လုပ်ထားသည့် အရည်အသွေးကောင်းမွန်သောနေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင်ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ ....

CNC 3D ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ၊ ကျောက်ထွင်းပန်းချီကားများ၊လှသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်၊





ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀



# ပြင်ဦးလွင် နန်းမြိုင်ကော်ဖီ

PURE ARABICA COFFEE




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


## သဇင်အသံလွှင့်ဌာနတွင် တာဝန်ထမ်းဆောင်ရန် ဝန်ထမ်းခေါ်ယူခြင်း

၁။ တပ်မတော်အသံလွှင့်တပ်၊ သဇင်အသံလွှင့်ဌာနတွင် အောက်ပါရာထူးများ၌ စစ်သည်(အစားခန့်) ဝန်ထမ်းအဖြစ် ခန့်အပ်ရန်အလိုရှိပါသည်-

(က) ကြေညာသူ(မြန်မာ)၊ ကြေညာသူ(အင်္ဂလိပ်)၊ ကြေညာသူ(တိုင်းရင်းသား)
(ခ) ကွန်ပျူတာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)
(ဂ) အယ်ဒီတာ(မြန်မာ) (ဝိဇ္ဇာဘွဲ့(မြန်မာစာ)နှင့်ဝိဇ္ဇာဘွဲ့(သတင်းအတတ်ပညာ) ဦးစားပေးမည်)
(ဃ) အယ်ဒီတာ(အင်္ဂလိပ်) (ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ)နှင့်မဟာဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) ဦးစားပေးမည်)
(င) အသံဖမ်း(မြန်မာ/အင်္ဂလိပ်) (ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)
(စ) ပရိုဂရမ်မာ(ကွန်ပျူတာဘွဲ့ရဦးစားပေးမည်)

၂။ ရာထူးအားလုံးအတွက်လိုအပ်သောအရည်အချင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကျန်းမာရေးကောင်းမွန်သူများဖြစ်ရမည်။
(ခ) ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် အသက် ၃၀ နှစ်ထက် မကျော်စေရ။
(ဂ) အသံကောင်းမွန်ပြီး အနုပညာစိတ်ဝင်စားသူဖြစ်ရမည်။
(ဃ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(င) တူရိယာပစ္စည်းတစ်မျိုးမျိုး တီးခတ်နိုင်သူ (သို့မဟုတ်) အသံကောင်းမွန်သူ (သို့မဟုတ်) တိုင်းရင်းသားဘာသာစကားများထဲမှ ဘာသာစကားတစ်မျိုးမျိုးအား တတ်ကျွမ်းသူဖြစ်ရမည်။
(စ) အနည်းဆုံး ၅ နှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ အလုပ်လျှောက်လွှာပုံစံများကို မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ သဇင်အသံလွှင့်ဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ် **၀၃၃-၆၀၁၇၀** နှင့် **၀၉၆၈၄၁၂၄၄၉၂** သို့ ဆက်သွယ်၍ဖြစ်စေ အခမဲ့ ထုတ်ယူနိုင်ပါသည်။

၄။ အလုပ်လျှောက်လွှာနှင့်အတူ လိုအပ်သောစာရွက်စာတမ်းများကို **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့** နောက်ဆုံးထား၍ပေးပို့ရမည်။

၅။ အချက်အလက်ပြည့်စုံသော အလုပ်လျှောက်ထားသူများ၏ လူတွေ့အင်တာဗျူးအား **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နှင့် ၃၀ ရက်နေ့**များတွင် ပြုလုပ်သွားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက သဇင်အသံလွှင့်ဌာန၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး။ **ဖုန်းနံပါတ်** ၀၃၃-၆၀၁၇၀ နှင့် **၀၉၆၈၄၁၂၄၄၉၂** သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက် နန ၁၅/၆၅ နေ ဒေါ်မိုးမိုးခိုင်၏သားကြီး မောင်စိုးရာဇာ (ခ) သားကြီး (၁၀/ပမန(နိုင်)၂၂၅၇၈၉)သည် မိခင်စကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မိုးမိုးခိုင်(၁၀/ပမန(နိုင်)၀၉၃၃၁၄)**

### ပျောက်ဆုံးကြောင်း

တောင်သာမြို့နယ်၊ အမှတ်(၂)ရပ်ကွက်နေ မောင်စည်သူ(ဘ) ဦးမြင့်သိန်းဦး(၉/တသန(နိုင်)၂၂၈၆၁၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-669536050**

### ပျောက်ဆုံးကြောင်း

မြင်းခြံမြို့နယ်၊ သာပေါင်းကျေးရွာနေ မအေးသက်မွန် (ဘ) ဦးသိန်းတန်(၉/မခန(နိုင်)၃၂၈၂၃၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(MK-142914)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-690302258**

### စားသောက်ကုန်လုပ်ငန်းအတွက် အမျိုးသမီးဝန်ထမ်း (၃)ဦး အလိုရှိသည်

လစာ - ၃၀၀,၀၀၀ မှစ၍
လိပ်စာ - သိပ္ပံလမ်း x ၆၄ လမ်းအနီး မန္တလေးမြို့။
Ph & Viber - 09-978864533
09-420093686

**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက် ကိုစိုး**

❖ နိုင်ငံတစ်ခုရပ်တည်နိုင်ရေးအတွက် စီးပွားရေးသည် အဓိကအခရာကျသည့်အချက်ဖြစ်...

❖ စီးပွားရေးအား ကောင်းမွန်မှသာလျှင် နိုင်ငံရေးအားသည်လည်း ကောင်းမွန်လာမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနားတွင် ပြောကြားသော အမှာစကားမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး

## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့ရှိ ဌာနဆိုင်ရာများ၊ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များကို တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် လေရှီးမြို့ မြို့တော်ခန်းမ၌ လေရှီးမြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ အဖွဲ့ဝင်ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တပ်မတော်အရာရှိကြီးများ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက နာဂဒေသ၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးနှင့် စီမံကိန်းလုပ်ငန်းများဆိုင်ရာအခြေအနေများကိုလည်းကောင်း၊ နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှုကော်မတီများက ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပေးစေလိုမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ☆



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး လေရှီးမြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးပြောကြားစဉ်။

# သီပေါမြို့နယ် နမ့်လန်ဒေသနှင့် မိုင်းရယ်မြို့အနီး မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများ ထပ်မံသိမ်းဆည်းရမိ



မိုင်းရယ်မြို့နယ် မန်ဖြတ်ကျေးရွာအနီး ထပ်မံသိမ်းဆည်းရမိသည့်မူးယစ်ဆေးဝါးများချက်လုပ်ရာတွင်အသုံးပြုသော အစိမ်းရောင်ဂက်စ်အိုးများနှင့်ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

နေပြည်တော် ဇန်နဝါရီ ၁၆

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူ၍ နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် တရားမဝင်ရောင်းဝယ်မှုတားဆီးကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို အင်တိုက်အားတိုက် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၉ ရက်၊ ၁၀ ရက်၊ ၁၁ ရက်တို့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်၊ မိုင်းရယ်မြို့နယ်တို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်

စာမျက်နှာ ၂၆ ကော်လံ ၁ ❑

အပြည်ပြည်ဆိုင်ရာ တရားရုံး၌ ဂမ်ဘီယာနှင့် မြန်မာတို့အကြား တရားရင်ဆိုင်နေခြင်းနှင့်ပတ်သက်၍ ကြားနာပွဲတွင် မြန်မာနိုင်ငံ၏ ကိုယ်စားလှယ် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ပြောကြားသည့် မိန့်ခွန်း

စာမျက်နှာ − ၁၉